စာအုပ်ရေစို၊ စုတ်ပြဲ၊ ပျောက်ဆုံးပါက
တန်ဘိုးပေးလျော်ရမည်။
တန်ဘိုးကျပ် /၁၀၀၇

တက္ကသိုလ်

# နေလင်းအောင်

## ငွေရောင်ဝံပုလွေနှင့်ဖ-ရက်ဖ်-လ

ပထမပိုင်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၆၇၀၈၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၈၈၀၉၀၉

၂၀၀၉ - ခုနှစ်

ပထမအကြိမ် - အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀၀/- ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးသော်လွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက်
9-H နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်
ဦးဝင်းကျော်မိုး၊ မုံရွေးပုံနှိပ်တိုက်
အမှတ် ၁၄၀၊ ၄၅-လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။



( ၁ )

ဗျိုင်းဝါစံအိမ် ...

ယင်းစံအိမ်သည် တိမ်တိုက်ကြားတွင် တည်ရှိနေသည်ဟု ဆိုကြသည်။

ပုံပြင်လား ဒဏ္ဍာရီလား မသိပ်။ ပြောစမှတ်စကားတစ်ခုတော့ ရှိပါသည်။

ယင်းမှာ ဤဗျိုင်းဝါစံအိမ်မှ လူများသည် ဗျိုင်းဝါကိုစီးလျက် ထွက်ခွာသွားပြီးနောက် ပြန်လာခြင်း မရှိကြောင်းပင် ဖြစ်ပါသည်။

ထိုအခါမှစ၍ ယင်းဗျိုင်းဝါစံအိမ်သည် တိမ်တိုက်များကြား၌ အထီးကျန်နေခဲ့သည်ဟု ဆိုကြသည်။

ယင်းစံအိမ်ကိုမြင်ရသူတိုင်း ဆွတ်ပျံ့လွမ်းမောဖွယ် ခံစားမှုတစ်ရပ်ကို ခံစားရသည်ဟု ဆိုပါသည်။ စင်စစ်မူကား ...

✱

ဗျိုင်းဝါစံအိမ် ...

ယင်းစံအိမ်သည် တိမ်တိုက်ကြား၌ ရှိမနေပါ။

ယင်းစံအိမ်သည် မြစ်ဝါမြစ်၏မက်စောက်မြင့်မားသော ကမ်းနဖူးပေါ်၌ တည်ရှိနေခြင်းသာ ဖြစ်ပါသည်။

မြစ်ဝါမြစ်၏ဒီရေများ တက်လာခြင်းကို ဤစံအိမ်မှကြည့်လျှင် အလွန်လှပပြီး ကြည်နူးစရာကောင်းလှပေသည်။

ကမ်းစပ်ရှိ လှိုင်းများရိုက်ခတ်သံကြောင့် ကြည်နူးစရာ ခံစားမှုမှ လွမ်းဆွေးဖွယ်ကောင်းသော ခံစားမှုကို ကူးပြောင်း၍ သွားပေသည်။

မြင့်မားသောကမ်းနဖူးပေါ်၌ တည်ဆောက်ထားသဖြင့် မြူနှင်းများ အုံ့ဆိုင်းသည့်အခါ ယင်းဗျိုင်းဝါစံအိမ်အား အဝေးမှကြည့်လျှင် တိမ်တိုက်များကြား၌ တည်ရှိနေသည်ဟု ထင်ရပေသည်။

ယင်းစံအိမ်အဝင်ဝ၌ ကဗျာတစ်ပုဒ် ရေးစပ်ထားသည်။

ယင်းကဗျာသည် တိမ်တိုက်ကြားမှ ဗျိုင်းဝါစံအိမ်၏ အကြောင်းတရားများကို ရေးစပ်ဖွဲ့နွဲ့ထားခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ဗျိုင်းဝါစံအိမ်သည် ဂူပေအရပ်၌ ထင်ရှားသော စံအိမ်တစ်အိမ် ဖြစ်လာခဲ့ရသည်။

ယင်းစံအိမ်ကို ခွန်ဂူစီဆိုသူက တည်ဆောက်ခဲ့ခြင်း



ဖြစ်သည်။

✵

သုံးလ (၁၈) ရက် ...

ဝန်းကျင်တစ်ခုလုံး၌ နှင်းမြူများ အုံ့ဆိုင်း၍နေသည်။

ယင်းနှင်းမြူများသည် ဗျိုင်းဝါစံအိမ်အား လွှမ်းခြုံ၍ထားလေသည်။ သို့ဖြစ်၍လည်း ဗျိုင်းဝါစံအိမ်ကိုကြည့်လျှင် မှုန်ဝါးဝါးသာ မြင်ရမည်ဖြစ်ပေသည်။

သို့သော် ယင်းစံအိမ်၏နောက်ဘက် လသာဆောင်၌ ရပ်၍နေသော တုထိကျန်းကိုမူ မြင်ရမည်မဟုတ်ချေ။

တုထိကျန်းသည် ဗျိုင်းဝါစံအိမ်၏ အနောက်ဘက် လသာဆောင်မှ မြစ်ဝါမြစ်ကို ကြည့်၍နေသည်။

သို့တိုင်အောင် သူ၏မျက်လုံးများက မြစ်ဝါမြစ်အား မြင်ဟန်မတူပေ။ တစ်ခါတစ်ရံ၌ ...

လူတို့၏စိတ်သည် အတော်ပင်ဆန်းကြယ်သည် မဟုတ်ပါလား။ စိတ်နှင့်ရုပ်သည် ဒွန်တွဲ၍နေသော်လည်း တစ်ခါတစ်ရံ၌ စိတ်တခြား ရုပ်တခြား ဖြစ်တတ်ပေသည်။

ထို့ကြောင့် စိတ်ကတခြား လူကတခြား ဖြစ်နေသည် ဟူသောစကားသည် တုထိကျန်းအဖို့ မှန်ကန်သည်ဟု ဆိုရမလို ဖြစ်နေတော့သည်။

✵

ဇျိုင်းဝါစံအိမ်သည် နှင်းမြူများကြား၌ ရှိနေသည်။ တုထိကျန်းသည် ဇျိုင်းဝါစံအိမ်ထဲ၌ ရှိနေသည်။ မြူနှင်းများသည် ဇျိုင်းဝါစံအိမ်ထဲ၌ ရှိမနေပါ။

သို့သော် မြစ်ဝါမြစ်၏တောင်မြောက်တစ်လွှား၌ ထင်ပေါ်ကျော်ကြားသော ဧည့်သည်တော်သိုင်းသမား တုထိကျန်း၏ မျက်ဝန်းထဲ၌ မြူနှင်းများ ရှိနေသကဲ့သို့ မှုန်မှိုင်းရီဝေနေလေသည်။

သူ၏ဆွေ့ရိပ်သမ်းနေသော မျက်ဝန်းများသည် ချစ်သူအားတမ်းတနေသကဲ့သို့ ဖြစ်သည်။

ဤသို့ဆိုလျှင် သူ၏ချစ်သူသည် မည်သူနည်း။ လီလီဖန်လား၊ ကျင်းမိမိလား။ သို့မဟုတ် တာမိုဖေထုန်လူမျိုးစု၏မင်းသမီးအီဇာလျန်လော။

မည်သို့ပင်ဖြစ်ပါစေ တုထိကျန်း၏ မျက်ဝန်းတစ်စုံကမူ



ချစ်သူကို တမ်းတနေကြောင်း ဖော်ပြနေသကဲ့သို့ ရှိနေသည်က အမှန်ပင်တည်း။

✵

တုထိကျန်းသည် ကျော်ကြားသောသိုင်းသမားတစ်ယောက်ဖြစ်သည်။ ထို့ပြင် သူသည် ကုံလုံကြွယ်ဝသူလည်း ဖြစ်သည်။ ထို့မျှမကသေးပါ။ သူသည် သူများတကာထက် ပို၍ ပျော်ပျော်နေတတ်သူတစ်ဦးလည်း ဖြစ်လေသည်။ သူသည် နှစ်စဉ်နှစ်တိုင်း သုံးလ၊ (၁၈) ရက်နေ့၌ ဤဇျိုင်းဝါ စံအိမ်သို့လာရောက်မြဲဖြစ်သည်။

နှစ်နှစ်ဆယ်အတွင်း ဤလ ဤရက်ရောက်တိုင်း သူ့ကို ဤဇျိုင်းဝါစံအိမ်၌ တစ်နှစ်မျှ ပျက်ကွက်ခြင်းမရှိဘဲ တွေ့ရမည် ဖြစ်ပေသည်။

လွန်ခဲ့သော သုံးနှစ်၏ သုံးလ (၁၈) ရက်နေ့၌ သူသည် ကျင်းဟွမ်းတောင်မှ သိုင်းသမားခုနစ်ဦးနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရာ ဒဏ်ရာများ ရခဲ့လေသည်။

သို့တိုင်အောင် သူသည် ဒဏ်ရာများနှင့် ဤဇျိုင်းဝါစံအိမ်သို့ မရောက်ရောက်အောင် လာခဲ့သည်။

ယခု တုထိကျန်းသည် ဖျိုင်းဝါစံအိမ်၌ ရှိနေပါသည်။

သို့သော် သူ၏စိတ်အစဉ်မှာမူ ဖျိုင်းဝါစံအိမ်၌ ရှိမနေချေ။ သူ့စိတ်၊ သူ့အတွေး၊ သူ့အာရုံများသည် ကျန့်ဗွားချီးနယ်သို့ ရောက်ရှိနေလေသည်။ ဤသို့ဆိုလျှင် ကျန့်ဗွားချီးနယ်သည် ဘယ်မှာရှိသနည်း။

တုထိကျန်းသည် မည်မျှ ငိုင်တွေနေသည် မသိပါ။

ရုတ်တရက် အသံတစ်သံကြားလိုက်မှ ပြန်လည်၍ သတိဝင်လာလေသည်။ ဖျိုင်းတစ်ကောင်၏အော်သံပင် ဖြစ်ပါသည်။

မြူနှင်းများကြားမှ ထွက်ပေါ်လာသော ဖျိုင်းအော်သံသည် ကောင်းကင်တစ်ခုလုံးအား ဟိန်း၍သွားသည်ဟု ထင်မှတ်ရသည်။

ဖျိုင်းဝါစံအိမ်၌ ဖျိုင်းတစ်ကောင်မျှ မရှိပါ။ ထိုစဉ် ရုတ်တရက် မြူနှင်းများကြားမှ ဖျိုင်းတစ်ကောင်ကို တုထိကျန်း တွေ့လိုက်ရလေသည်။

ယင်းသို့ တွေ့လိုက်သည်နှင့်တစ်ပြိုင်တည်း တုထိကျန်း၏ ရင်သည် တစ်ချက်လှုပ်ခါသွားလေတော့သည်။

ဤသို့ဆိုလျှင် ယင်းဖျိုင်းသည် မည်သို့သော ဖျိုင်းနည်း။



ဖျိုင်းဝါလား၊ ဖျိုင်းဖြူလား။ မဟုတ်ပါ။ လူ့လောကတွင် အင်မတန်မှ တွေ့ရခဲသော ဖျိုင်းဝါ ဖြစ်ပါသည်။ ရောင်စုံဖျိုင်း ဖြစ်ပါသည်။

တုထိကျန်းသည် ယင်းရောင်စုံဖျိုင်းအား တွေ့မြင်လိုက်သည်နှင့် "ရောင်စုံနတ်ဖျိုင်း" ဟု ရေရွတ်လိုက်မိလေတော့သည်။

ရောင်စုံဖျိုင်း ... ။

လွန်ခဲ့သော အနှစ်နှစ်ဆယ်က တုထိကျန်းသည် ယင်းရောင်စုံဖျိုင်းကို မြင်ခဲ့ဖူးသည်။ ဤဖျိုင်းဝါစံအိမ်၌ မဟုတ်ပါ။ ကျန့်ဗွားချီးနယ်တွင် ဖြစ်ပါသည်။

ယင်းနယ်သို့ဝင်ရောက်လာသော တုထိကျန်းအား ဤရောင်စုံနတ်ဖျိုင်းသည် အေးစက်မာကျောသော မျက်လုံးတစ်စုံဖြင့် ကြည့်နေခဲ့သည် မဟုတ်ပါလား။

ကျန့်ဗွားချီးနယ်မှ ပြန်ထွက်လာသောအခါ ယင်းရောင်စုံနတ်ဖျိုင်းသည် တုထိကျန်းအား ပို၍ အေးစက်မာကျောသော မျက်လုံးများဖြင့် ကြည့်နေခဲ့သည် မဟုတ်ပါလော။

ယခု ရောင်စုံနတ်ဖျိုင်းအား ရုတ်တရက် တွေ့လိုက်ရသော

အခါ တုထိကျန်း၏ရင်သည် တစ်ချက်တုန်လှုပ်၍သွားလေသည်။ ထိုစဉ် အဝေးမှအသံတစ်သံကို ထပ်မံကြားလိုက်ရပြန်လေသည်။

✵

စောင်းသံပင် ဖြစ်ပါသည်။ ယင်းအသံကြားရသောအခါ တုထိကျန်း၏ရင်သည် ပို၍ လှုပ်ရှားလာလေသည်။

သူ၏မျက်နှာသည် သွေးဆုတ်သွားပြီး ဖြူဖပ်ဖြူရော် ဖြစ်လာလေသည်။ ထို့နောက် သူ၏မျက်နှာသည် ပြန်လည်၍ သွေးရောင်သမ်းလာလေသည်။ သူသည် အတန်ကြာမျှ မှင်တက်မိနေလေသည်။

ထို့နောက် သူသည် ဗျိုင်းဝါစံအိမ်မှ တစ်ဟုန်ထိုး ပြေးထွက်သွားလေတော့သည်။ ထိုအချိန်မှစ၍ တုထိကျန်းသည် ဗျိုင်းဝါစံအိမ်အား လွမ်းခြုံထားသော မြူနှင်းများနှင့်အတူ ပျောက်ကွယ်သွားလေတော့သည်။

✵



သုံးလ (၂၂) ရက် ...။

ရာသီဥတုသည် သာယာလျက်ရှိပါသည်။ ဖွေးရှားတောင်ကျေးရွာသည် ဖွေးရှားတောင်၌ တည်ရှိသည်။

ဖွေးရှားတောင်ကျေးရွာ၏ ပတ်ဝန်းကျင်တစ်ခုလုံး၌ ပန်းမန်များနှင့် ပြည့်၍နေပေသည်။

ထို့ကြောင့် ဤကဲ့သို့ သာယာသောရာသီဥတုမျိုး၌ ဖွေးရှားတောင်ကျေးရွာသည် ပို၍ သာယာလှပနေခြင်း ဖြစ်တော့သည်။

✵

ဖွေးရှားတောင်ကျေးရွာ ...

ယင်းကျေးရွာ၏မူလပိုင်ရှင် သည် မိုက်ထုံလီ ဖြစ်ပါသည်။

လွန်ခဲ့သောနှစ်ပေါင်းရှစ်ဆယ်က ယင်းတောင်နှင့်ကျန့်ဝူးနယ်မှ (၁၂) မိုင် ဝေးကွာသောအရပ်၌ နေ့ ရောညပါ လူသတ်ပွဲများ အဆက်မပြတ် ဖြစ်ပွားခဲ့လေသည်။

မိုက်ထုံလီသည် ကျေးရွာကိုတည်ထောင်ပြီးနောက် ထိုနယ်တစ်လွှားရှိ လူဆိုးလူမိုက်များကို ရှင်းလင်းသုတ်သင်ခဲ့လေသည်။

ထို့ကြောင့် မိုက်ထုံလီသည် ထိုနယ်တစ်လွှား၌ အာဏာရှိပုဂ္ဂိုလ်တစ်ဦး ဖြစ်လာလေသည်။ နှစ်ပေါင်းရှစ်ဆယ်ပြည့်ပြီးသည့်နောက်ပိုင်း၌ ယင်းဖွေးရှား ကျေးရွာတွင် မကြာခဏ ထိတ်လန့်မှုများဖြစ်ပေါ်လာခဲ့ပေသည်။

ယခုဖွေးရှားတောင်ကျေးရွာ၏ပိုင်ရှင်သည် မိုက်ထုံလီ၏မြစ်တော်သူ "ဟိုလန်" ဖြစ်ပေသည်။

✲

ဟိုလန် ...

ရွှေချိတ်သိုင်းသမား ဟိုလန်။

ကျန့်နမ်းနယ်မှ နာမည်ကျော်သိုင်းသမားခြောက်ဦးရှိသည်။ ရွှေချိတ်သိုင်းသမားဟိုလန်သည် ယင်းတို့ထဲမှ တစ်ဦးဖြစ်သည်။

သူ၏ရွှေချိတ်သိုင်း ၃၆ ကွက်သည် အလွန်မှ ထက်မြက်လှသဖြင့် သူ၏ရန်သူများသည် သူ၏ရွှေချိတ်အောက်၌ အသက်ပျောက်ခဲ့ရပေသည်။ သူသည် ဖွေးရှားတောင်ကျေးရွာကို အုပ်ချုပ်ခဲ့သည်မှာ ယခုဆိုလျှင် နှစ်,နှစ်ရှိပြီဖြစ်သည်။

ယင်းနှစ်နှစ်အတွင်း၌ အနည်းဆုံး ငါးကြိမ်ထက်မနည်း



ရန်သူနှင့် တိုက်ခိုက်၍ ဖွေးရှားတောင်ကျေးရွာကို ဆက်လက်တည်ရှိနေခဲ့စေသည်။

ထို့ပြင် သူ၏ကျော်ကြားသော ရွှေချိတ်သိုင်း (၃၆) ကွက်ဖြင့် ကျန့်ဝူးနယ်မှ လူဆိုးလူမိုက်များကို ရှင်းလင်းခဲ့လေသည်။

✲

ရွှေချိတ်သိုင်း (၃၆) ကွက် ...

ယင်းသိုင်း (၃၆) ကွက်သည် ကျန့်နမ်းနယ်၌ အလွန်ကျော်ကြားသည်။ ယင်း၏ (၁၆)ကွက်မြောက် ဖြစ်သော "ရေပေါ်ပုစဉ်းဝဲ" သိုင်းကွက်သည် ပို၍ကျော်ကြားသည်။

ယခု ဟိုလန်သည် သူ၏ကျော်ကြားသော "ရေပေါ်ပုစဉ်းဝဲ" သိုင်း ကွက်ကို လေ့ကျင့်နေလေသည်။ ထိုစဉ် ရုတ်တရက် သူ့နားထဲသို့ အသံတစ်သံ ဝင်လာလေ သည်။

ဗျိုင်းအော်သံ ဖြစ်ပါသည်။ ဟိုလန်သည် ယင်းဗျိုင်းအော်သံကြားလိုက်သည်နှင့် သူ၏ရင်သည် လှုပ်ရှားသွားပြီး အသံကြားရာသို့ လှမ်းကြည့်လိုက်မိသည်။ တံခါးအပြင်ဘက်၌ ဗျိုင်းတစ်ကောင်နားနေသည်ကို တွေ့လိုက်ရသည်။

ဗျိုင်း သည် များသောအားဖြင့် အဖြူရောင်ဖြစ်သည်။ ယခု ဗျိုင်းသည် ထိုသို့မဟုတ်ပါ။ လူ့လောကတွင် လွန်စွာမှတွေ့ရခဲသော ရောင်စုံဗျိုင်းတစ် ကောင်ပင် ဖြစ်ပါသည်။

"ရောင်စုံနတ်ဗျိုင်း"

ဟိုလန်၏နှုတ်မှ တီးတိုးရေရွတ်လိုက်မိသည်။ ထိုစဉ် စောင်းခတ်သံကို ထပ်မံကြားလိုက်ရလေသည်။ စောင်းသံသည် ဟိုလန်၏ရင်ကို ပို၍ လှုပ်ရှားလာစေသည်။

စောင်းခတ်သံ၏သံစဉ်သည် တဖြည်းဖြည်း မြင့်လာသည်။ ဟိုလန်၏မျက်နှာသည် တစ်စထက်တစ်စ ဖြူရော်၍လာသည်။

မကြာမီ စောင်းခတ်သံ၏သံစဉ်သည် တဖြည်းဖြည်းမြင့်လာသည်။ ဟိုလန်၏မျက်နှာသည် တစ်စထက်တစ်စ ဖြူရော်၍လာသည်။ မကြာမီ စောင်းခတ်သံ၏သံစဉ်သည် တဖြည်းဖြည်း နိမ့်လာသည်။

ထိုအခါ ဟိုလန်၏မျက်နှာသည် ပြန်လည်၍ နီမြန်းလာလေသည်။ ထို့နောက် ဟိုလန်သည် ဧည့်ခန်းကိုဖြတ်၍ အပြင်ယို့ တစ်ဟုန်ထိုး ပြေးထွက်သွားလေတော့သည်။ ထိုအချိန်မှစ၍ ဟိုလန်သည် ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့လေတော့သည်။

✵



သုံးလ (၂၈) ရက် ...

မိုးများ တဖွဲဖွဲရွာနေသည်။ သိုင်းလောကဌလည်း သတင်းတစ်ခု ပျံ့နှံ့နေသည်။ ယင်းမှာ ကျန့်နမ်းနယ်မှ နာမည်ကျော် သိုင်းသမားခြောက်ဦးအနက် (၂) ဦးသည် ရုတ်တရက် ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့သည့်သတင်းပင်ဖြစ်သည်။

ထိုသတင်းသည် သိုင်းလောကအတွင်းသို့ တိုးဝင်လာပြီး သိုင်းလောကတစ်ခုလုံးကို ဂယက်ရိုက်သွားစေခဲ့လေသည်။

တုထိကျန်းသည် ဗျိုင်းဝါစံအိမ်မှ ပျောက်ကွယ်ခဲ့သည်။ ရွှေချိတ်သိုင်းသမား ဟိုလန်သည် သူ၏နေအိမ်မှ ပျောက်ကွယ်ခဲ့လေသည်။

ထိုထက်ပို၍ သိုင်းလောကတစ်ခုလုံးကို ထိတ်လန့်တုန်လှုပ်စေခဲ့သောဖြစ်ရပ်သည် လွန်ခဲ့သောသုံးရက်က ဖြစ်ပွားခဲ့လေသည်။

ကျန့်နမ်းနယ်မှ နာမည်ကျော်သိုင်းသမားခြောက်ဦးထဲမှ ကျန်သိုင်းသမားလေးဦး တစ်ပြိုင်တည်း ထူးဆန်းစွာ ပျောက်ဆုံးသွားခြင်းပင် ဖြစ်ပါသည်။

✵

ကျန့်နမ်းနယ်မှ နာမည်ကျော် သိုင်းသမား (၆) ဦး။

ညွှန့်သည်တော် ဓားသမားတုထိကျန်းသည် ယင်း (၆) ဦး ထံမှ အကျော်ကြားဆုံးဖြစ်သည်။ တတိယနေရာရရှိထားသူ ဖြစ်သည်။

ပထမနေရာရရှိထားသူသည် ဟိုလန်ဖြစ်သည်။ ဖွေးရှား တောင်ကျေးရွာမှ ရွှေချိတ်သိုင်းသမား ဟိုလန်ဖြစ်သည်။

ကျန်သိုင်းသမား (၄) ဦးမှာ နတ်လက်ဝါးဖန်ဝုန်ထန်၊ ပါး သိုင်းမွေး ရှိရှဟွန်၊ ပုဆိန်သိုင်းသမား ချောင်ဖိ၊ ပလွေသံရှင် မုံချူးစီတို့ ဖြစ်ကြသည်။

လွန်ခဲ့သော သုံးရက်က ထိုသိုင်းသမား (၄) ဦးသည် ကျန့် နမ်းနယ်တစ်နေရာ၌တွေ့ဆုံပြီး စည်းဝေးပွဲတစ်ရပ် ပြုလုပ်ခဲ့လေ သည်။

ယင်းအချိန်မှစ၍ သူတို့ (၄) ဦးသည် ထူးဆန်းစွာ ပျောက် ဆုံးခဲ့လေသည်။

✵



ပုတ်ကာ ...

"မင်း စိတ်ဝင်စားမယ်ဆိုရင် ငါငွေချေးမယ်"

"ဘယ်လောက်ချေးမှာလဲ"

"သုံးသောင်း၊ ဒီထက်မလျော့ဘူး၊ သုံးရက်လောက်တော့ မင်း ပျော်ပျော်ကစားနိုင်တာပေါ့"

စုမာရှဲ့က သူ၏ပခုံးကို တစ်ချက်တွန့်ရင်း ...

"မဆိုးပါဘူး၊ ကျုပ်လက်က ကံကောင်းရင် ဒီစားပွဲပေါ်က ငွေအားလုံးကို ရနိုင်တယ်"

"သေချာတာပေါ့"

စုမာရှဲ့က သူ၏ဦးခေါင်းကို တစ်ချက်ခါယမ်းယင်း ...

"ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ငွေချေးပြီး ဖဲရိုက်တာ အင်မတန်မှ အန္တရာယ်များတဲ့အလုပ်ပဲ"

ဒိုင်လုပ်သူက သက်ပြင်းတစ်ချက်ချရင်း ...

"အင်း ... စုမာရှဲ့လိုပုဂ္ဂိုလ်မျိုးကလည်း ကြွေးတင်ဝန်ပိမှာ ကို ကြောက်သကိုး"

စုမာရှဲ့က သူ၏ဦးခေါင်းကို တဆတ်ဆတ်ညိတ်ရင်း ...

"ကြွေးတင်ဝန်ပိတာက တောင်ခါးပန်းတက်ရတာထက် ပိုပြီးအန္တရာယ်ရှိတယ်၊ ဘယ်သူကိုမဆို ဖိထားနိုင်တယ်"

ဒိုင်လုပ်သူက သူ၏ပခုံးနှစ်ဖက်ကို တွန့်ပြီး လက်နှစ်ဖက်ကို

ခါယမ်းလျက် ...

"ဒါဆို ကျုပ်လည်း မတတ်နိုင်ဘူး၊ ငွေရှိမှပဲ ဒီမှာလာပြီး ပျော်ပျော်ပါးပါးကစားပေါ့"

စုမာရှဲ့သည် သူ၏ပခုံးအား တစ်ချက်တွန့်လိုက်ပြီး ဖဲဝိုင်းအား ကျောခိုင်းထွက်သွားလေတော့သည်။

ထိုစဉ် ဖဲဝိုင်းမှ အသံတစ်သံကြောင့် စုမာရှဲ့၏ခြေလှမ်းသည် ရပ်တန့်၍ သွားလေသည်။

"သုံးနဲ့ (၅) နှစ်ခုရှိတယ် (၁၁) က ပိုကြီးတယ်"

စုမာရှဲ့သည် သက်ပြင်းတစ်ချက်ချလိုက်သည်။

ထို့နောက် သူသည် ဒိုင်လုပ်သူအား လှည့်၍ ပြုံးပြလိုက်ရင်း

"စောစောက ကျုပ်မှာငွေရှိရင် သေချာပေါက်ရမှာ"

ဟု ပြောလိုက်လေသည်။ ထို့နောက် စုမာရှဲ့သည် ဖဲဝိုင်းအား ကျောခိုင်း၍ ထွက်သွား လေတော့သည်။

✻

မကြာပါချေ။ စုမာရှဲ့ ဖဲဝိုင်းသို့ ပြန်ရောက်လာသည်။



သူ့တွင် ငွေတစ်ပြားမှမရှိပါ။ သို့သော် အချိန်မရွေး ငွေသားဖြင့် လဲလှယ်နိုင်သော ငွေလွှဲလက်မှတ်တစ်စောင် ပါလာလေသည်။

ဒိုင်လုပ်သူသည် မယုံကြည်နိုင်သောမျက်လုံးများဖြင့် စုမာရှဲ့၏လက်ထဲမှ ငွေလွှဲလက်မှတ်ကို စိုက်ကြည့်နေလေသည်။

စုမာရှဲ့သည် သူ၏ငွေလွှဲလက်မှတ်အား ဒိုင်လုပ်သူထံ ပေးလိုက်သည်။ ဒိုင်လုပ်သူသည် ငွေလွှဲလက်မှတ်ပေါ်မှ ငွေအရေအတွက်ကို ကမန်းကတန်းကြည့်လိုက်ပြီး ...

"ငါးသောင်းတန် ငွေလွှဲလက်မှတ်ပါလား"

✻

ငါးသောင်းတန် ငွေလွှဲလက်မှတ်။

စောစောက စုမာရှဲ့တွင် ငွေတစ်ပြားမှ မရှိပါ။ ထို့ကြောင့် ဖဲဝိုင်းကို ကျောခိုင်း၍ ထွက်သွားခဲ့သည်။

ယခု ငါးသောင်းတန် ငွေလွှဲလက်မှတ်ရှိသော စုမာရှဲ့ ဖြစ်နေပြီ။ ထို့ကြောင့် ဖဲဝိုင်းသို့ ပြန်ရောက်လာသည်။

ဤအရည်အချင်းသည် စုမာရှဲ့၏အရည်အချင်းများထဲမှ အရည်အချင်းတစ်ခုပင် မဟုတ်ပါလော။ မည်မျှချမ်းသာသော

လူပင်ဖြစ်ပါစေ သူကဲ့သို့ ဟာဒ်အတွင်း ဤမျှသောငွေကို မည်သို့ ရှာခဲ့သနည်း။ ကြေးစားသိုင်းသမား စုမာရှဲအတွက် မခဲယဉ်းပါ။

ငါးသောင်းတန်အလုပ်တစ်ခုကို လက်ခံရန်သာ ရှိသည် မဟုတ်ပါလော။ ထို့ကြောင့် ယခု သူ့လက်ထဲတွင် ငွေငါးသောင်းတန် ငွေလွှဲ လက်မှတ်ရှိနေခြင်းပင် ဖြစ်လေသည်။

❋

ငွေငါးသောင်းတန် ငွေလွှဲလက်မှတ်။

ယခု ဤလက်မှတ်သည် ငွေတစ်သောင်းသာ တန်တော့ သည်။

ငွေလေးသောင်း ရှုံးသွားပြီ မဟုတ်ပါလော။ သို့သော် စုမာရှဲ ဂရုမစိုက်ပါ။ သူသည် အနိုင်အရှုံးကို ဂရုစိုက်သူ မဟုတ်ပါ ချေ။ မိမိအသက်ကိုပင် တန်ဖိုးမထားသူသည် အနိုင်အရှုံးကိုလည်း ဂရုစိုက်မည် မဟုတ်ပါ။

အကယ်၍ သူသည် ဖဲဆက်ကစားရန် ဆန္ဒရှိ[illegible]တစ်ခဏ အတွင်း အရင်းအနှီး[illegible]င် ကြံနိုင်သူပင် ဖြစ်သည်။

သို့သော် ယခု သူသည် ဖဲဆက်ကစားရန် ဆန္ဒမရှိတော့ပါ။



ထို့ကြောင့် ဖဲဝိုင်းမှ ထလိုက်လေတော့သည်။

❋

ငွေတစ်ဆယ် ...

ငွေငါးသောင်းနှင့်နှိုင်းစာလျှင် ပြောပလောက်စရာ မရှိပါ။ သို့သော် ငွေတဆယ်ရှိသောလူသည် တစ်ပြားမှ မရှိသော လူထက် များစွာသာသည် မဟုတ်ပါလော။

စုမာရှဲသည် လူတစ်မျိုးဖြစ်သည်။ တစ်ခါတစ်ရံ သူသည် ငွေကို ရေလိုသုံးသည်။ တစ်ခါတစ်ရံ သူသည် တစ်ပြားကို နှစ်ပြား မှတ်၍ ချွတာတတ်သည်။

ယခု သူသည် ငွေ (၅) ကျပ်ခန့် သုံးပြီးနောက် အညံ့စား ဆိုင်မှ အရသာမရှိသော အညံ့စားအရက်တစ်အိုးကို အားရပါးရ သောက်နေလေသည်။

ထို့နောက် ဆိုင်မှထွက်ကာ မိုးရေထဲ၌ တစ်ယောက်တည်း လမ်းလျှောက်နေလေသည်။ ထိုစဉ် ရုတ်တရက် ...

"သိုင်းလောကရဲ့ နာမည်ကျော် ကြေးစားသိုင်းသမား လည်း အပေါစားအရက်ကို သောက်တာပါပဲလား"

ဟူသော အသံသည် စုမာရှဲ့၏ နောက်ကျောဘက်မှ ပေါ်ထွက်လာလေသည်။

✵

လူတစ်ယောက် မှောင်ရိပ်ထဲမှ ထွက်ပေါ်လာသည်။ စုမာရှဲ့သည် နောက်သို့လှည့်မကြည့်ပါ။

သူသည် ရှေ့သို့ ဆက်၍လျှောက်ရင်း လူတစ်ယောက် သူနှင့်မလှမ်းမကမ်းမှ လိုက်ပါလာကြောင်း သိလိုက်သည်။

စုမာရှဲ့နောက်မှ လိုက်လာသူက ရယ်ရင်း ...

“ဖူးတိတ်ဆိုင်က အညံ့ဆုံး အရက်ဟာ ခင်ဗျား သောက်တဲ့ အရက်ထက် (၈) ဆလောက်တော့ ကောင်းပါတယ်”

စုမာရှဲ့ ဘာမျှ ပြန်မပြောပါ။ ထိုလူက ဆက်၍ ...

“အကယ်၍ ကျုပ်က ဒကာခံမယ်ဆိုပါတော့”

စုမာရှဲ့၏ ခြေလှမ်းများသည် ရပ်တန့်၍ သွားသည်။

သူ့နောက်မှ လူ၏ခြေလှမ်းများလည်း ရပ်တန့်သွားကြောင်း စုမာရှဲ့ သိလိုက်သည်။

စုမာရှဲ့သည် တစ်ကိုယ်တည်း ပြုံးလိုက်ပြီး...



“စေတနာဆိုတာမျိုးက စော်ကားလို့ ကောင်းတဲ့အရာ မဟုတ်ဘူး၊ ဒါကြောင့် ကျုပ်က လိုက်လျောရမှာပေါ့”

“ဒါကြောင့်လည်း ... သိုင်းလောက,က သူငယ်ချင်းတွေက ပြောကြတယ်၊ စုမာရှဲ့ဟာ ပေါင်းလို့သင်းလို့ ကောင်းပါတယ်လို့”

စုမာရှဲ့သည် သူ၏ ခန္ဓာကိုယ်ကို လှည့်၍ ထိုလူအား တစ်ချက် ကြည့်လိုက်ပြီး ...

“ဒါကတော့ တစ်ဖက်လူဟာ ဘယ်လိုလူစားလဲဆိုဂုဂ် သိမှ”

✵

ဖူးတိတ်ဆိုင်မှ အရက်သည် ညံ့သည်။ သို့သော် စုမာရှဲ့ သောက်ခဲ့သော အရက်ထက် (၈) ဆမက သာသည်။

စုမာရှဲ့သည် အရက်တစ်ကျိုက် သောက်လိုက်ပြီး သူ့ရှေ့၌ ထိုင်နေသောလူအား ကြည့်လိုက်သည်။

ထိုလူသည် ရုပ်ရည်သန့်သန့်ပြန့်ပြန့် ရှိသော်လည်း အဝတ်အစားများက ဟောင်းနွမ်းနေပုံရသည်။

ထိုလူအား ကြည့်ရသည်မှာ စာပေသမားနှင့် တူလှသည်။

ထိုလူသည် စုမာရှဲ့အား ပြုံးပြလိုက်ပြီး ...

"ကျုပ်နာမည် ခန်းပိုင်ပါ၊ သိုင်းလောကရဲ့ ရေတွက်လို့ရတဲ့ ခြေသလုံးအိမ်တိုင်တစ်ယောက်ပါ"

ဟု သူ့ကိုယ်သူ မိတ်ဆက်လိုက်သည်။ စုမာရှဲ့သည် ပြုံးရုံသာပြုံးလိုက်ပြီး သူ၏အရက်ကို မော့၍သောက်လိုက်သည်။

သူသည် ထိုလူအား တွေ့သည်နှင့် တစ်ပြိုင်နက် ထိုလူ ည်် ခြေသလုံးအိမ်တိုင် သိုင်းသမား "ခန်းပိုင်" မှန်း သိထားသည် ဟုတ်ပါလော။

✵

လွန်ခဲ့သော နှစ်နှစ်ခန့်က သိုင်းလောကတွင် နာမည်တစ်လုံး ရှတ်တရက် ပေါ်ထွက်လာခဲ့သည်။ ထိုအမည်မှာ ခြေသလုံးအိမ်တိုင် သိုင်းသမား ခန်းပိုင်ပင် ဖြစ်ပါသည်။

သူသည် ဟန်စန်းတောင်တွင် မြောင်အင်လျှမ်နှင့် ယှဉ်ပြိုင် တိုက်ခိုက်ခဲ့လေသည်။

မြောင်အင်လျှမ်သည် သိုင်းလောကမှ လူမိုက်တစ်ဦးဖြစ်ပြီး အဆင့်မြင့်သိုင်းသမားတစ်ဦးလည်း ဖြစ်သည်။



ဟန်စန်းတောင်တစ်ဝိုက်၌ အလွန်နာမည်ကြီးသူတစ်ဦး လည်း ဖြစ်သည်။ သို့သော် ...

သူ၏မျက်လုံးနှစ်လုံးသည် ခန်းပိုင်၏ခြေဖျား၌ ပါသွားခဲ့ လေသည်။ ယင်းအဖြစ်အပျက် ဖြစ်ပျက်ပြီးသည့်နောက် သုံးလ အတွင်း သိုင်းလောကမှ ကြေးစားသိုင်းသမား အတော်များများ၏ အသက်သည် ခန်းပိုင်၏ခြေဖျား၌ ပါသွားခဲ့ပြန်လေသည်။

ထိုအချိန်မှစ၍ ... မိမိကိုယ်ကို ခြေသလုံးအိမ်တိုင်ဟု ခေါ်သောခန်းပိုင်၏အမည်သတင်းသည် သိုင်းလောက၌ ပေါ်ထွက် လာခဲ့လေတော့သည်။

✵

စုမာရှဲ့သည် ကြေးစားသိုင်းသမားတစ်ဦး ဖြစ်သည်။

ခြေသလုံးအိမ်တိုင် သိုင်းသမားခန်းပိုင်သည် ကြေးစားသိုင်း သမားအတော်များများ၏အသက်ကို ခြွေယူခဲ့သည်။

ယခု သူတို့နှစ်ယောက် တစ်စားပွဲတည်း ထိုင်နေသည်။ အရက်အတူသောက်နေသည်။

ယင်းအရက်ကိုလည်း ခန်းပိုင်က ဒကာခံခြင်းဖြစ်သည်။

စုမာရှဲ့ကို အရက်သောက်ရန် ဖိတ်ခေါ်သူသည် ဒုက္ခကို ဝယ်ယူသည်နှင့် တူသည်။ အဘယ်ကြောင့်ဆိုသော ထိုလူမျိုး (၁၀) ယောက်လျှင် (၉) ယောက်သည် ဒုက္ခနှင့် ရင်ဆိုင်ခဲ့ရသည် မဟုတ်ပါလော။

ယခု ခန်းပိုင်က စုမာရှဲ့ကို အရက်သောက်ရန် ဖိတ်ခေါ်ခဲ့သည်။ ဤသို့ဆိုလျှင် သူသည် ဒုက္ခကို ဝယ်ယူလိုက်ခြင်းပေလော။

သို့တည်းမဟုတ် သူ့ တွင် မည်ကဲ့သို့သော အကြံအစည်မျိုး ရှိနေပါသနည်း။

✵

စုမာရှဲ့သည် အရက်သောက်နေသည်။ အရက်သည် မညံ့ပါ။ သို့သော် စောစောက သောက်ခဲ့သော အညံ့စားအရက်လောက် အရသာရှိသည်ဟု သူ မထင်ပါ။

လူစိမ်းတစ်ယောက်နှင့် အရက်အတူ သောက်ရခြင်းသည် ရင်းနှီးသောလူနှင့် အရက်သောက်ရခြင်းလောက် အရသာရှိမည် မဟုတ်ချေ။

အကယ်၍ ယခုအချိန်တွင် သူနှင့်အရက်သောက်နေသူသည် နှင်းစားဗေဒါသိုင်းသမား လုံဆင်ပိ၊ ဦးခေါင်းသူခိုး ဝေ့ခုံးခုံးနှင့် ဟန်ကျူးမြို့မှ လူဝကြီးထန်ကြို့ချမ်တို့သာဖြစ်ပါက သူသည်



အားရပါးရ သောက်ပေလိမ့်မည် ဖြစ်သည်။

ယခုမူ သူ အရက်သောက်နေသော်လည်း အရသာ မတွေ့ချေ။ မည်သူမဆို မိမိသောက်မည့်အရက်အိုးထဲ၌ အဆိပ်ပါ၊ မပါ စမ်းသပ်ပြီးမှ သောက်ရလျှင် အရသာတွေ့နိုင်ပါမည်လော။

✵

ခြေသလုံးအိမ်တိုင် သိုင်းသမား ခန်းပိုင်သည် အရက်ကို တစ်ကျိုက်မော့လိုက်သည်။ ပြီးမှ ...

"အင်း ... ဒီနေ့ဟာ ကျုပ်အတွက် နေ့ထူးပဲ"

စုမာရှဲ့က သူ၏ မျက်ခုံးမွေးကိုပင့်ရင်း ...

"ဘာဖြစ်လို့လဲ"

"ဩော် ... ခင်ဗျားလို နာမည်ကြီးသိုင်းသမားနဲ့ အရက်အတူသောက်ရလို့ပေါ့"

စုမာရှဲ့က ဟစ်ချက်ပြုံးလိုက်ပြီး ...

"ကျုပ်က နာမည်မကြီးပါဘူး၊ ဒါကြောင့် ခင်ဗျားလည်း ငွေကုန်ရုံအပြင် ဘာမှမထူးပါဘူး"

"ဘာပဲဖြစ်ဖြစ် ကြေးစားသိုင်းသမား စုမာရှဲ့နဲ့အတူ အရက်

သောက်ရတာ ဂုဏ်ယူစရာပဲ"

"ဘယ်သူကမှ ကျုပ်ကို ဂရုစိုက်မှာမဟုတ်လို့ ခင်ဗျား ဂုဏ်ရှိမှာမဟုတ်ဘူး"

ခန်းပိုင်သည် တစ်ချက်ရယ်လိုက်ပြီး ...

"အင်း ... ဒါဆိုရင် သိုင်းလောက,ကလူတွေ ပြောတာ မှန်ပြီနဲ့တူတယ်"

စုမာရှဲ့သည် သူ၏မျက်ခုံးမွေးကို ပင့်တင်လိုက်ရင်း ...

"ဟုတ်လား ... ဘာများပြောကြလို့လဲ"

ခန်းပိုင်၏မျက်လုံးအစုံသည် တောက်ပြောင်၍လာပြီး ...

"ခင်ဗျားကို အရက်သောက်ဖို့ ဖိတ်ခေါ်တာဟာ ဒုက္ခဝယ် တာနဲ့ အတူတူပဲတဲ့"

"ခင်ဗျားက ဒုက္ခဝယ်ချင်လို့လား"

ခန်းပိုင်သည် သူ၏ ဦးခေါင်းကို ဘယ်ညာခါယမ်းလိုက်ပြီး

"ဟင်အင်း ... မဝယ်ချင်ပါဘူး"

"ဒါဖြင့် ကျုပ်ခေါင်းကို ဝယ်ဖို့လား"

"ဟင်အင်း ... ခင်ဗျားခေါင်းကို ကျုပ်မလိုချင်ဘူး"

"ဒါဖြင့် ဘာလို့ ကျုပ်ကို အရက်သောက်ဖို့ဖိတ်ခေါ်တာလဲ"

ခန်းပိုင်သည် ပြုံးရင်း ...

"ခင်ဗျားဓားကို ဝယ်ချင်လို့"



ခန်းပိုင်၏ စကားဆုံးသည်နှင့် တစ်ပြိုင်တည်း ...

"ခွမ်း"ဟူသော အသံနှင့်အတူ အလင်းရောင်တစ်ချက် လက်သွားပြီး စုမာရှဲ့လက်ထဲသို့ ဓားရောက်လာလေသည်။

စုမာရှဲ့သည် သူ၏ဓားကို တစ်ချက်ကြည့်ပြီး ပြုံးလိုက်သည်။ သူ၏အပြုံးသည် ရင်းနှီးခင်မင်စွာ ပြုံးလိုက်သောအပြုံး ဖြစ်ပေသည်။ သို့သော် သူသည် ခန်းပိုင်အား ပြုံးပြလိုက်ခြင်း မဟုတ်ပါ။

ခန်းပိုင်၏နောက်မှလူအား ပြုံး၍ပြလိုက်ခြင်းသာ ဖြစ်ပါသည်။ ခန်းပိုင်၏နောက်ကျောဘက်ရှိစားပွဲ၌ ငွေခုံးခုံး ထိုင်နေသည် မဟုတ်ပါလော။

✵

ငွေခုံးခုံး ...

သူ့ကို ဦးခေါင်းသူခိုးဟု သိုင်းလောကမှ လူများက ပြောကြသည်။ သူသည် ဤဆိုင်တွင် တစ်ယောက်တည်း ပျင်းရိစွာ အရက်သောက်နေသည်မှာ အတော်ပင်ကြာပြီ ဖြစ်သည်။

စုမာရှဲ့နှင့်ခန်းပိုင်တို့ ဝင်ရောက်လာသောအချိန်တွင် ... သူသည် (၁၈) ခွက်မြောက် အရက်ကိုသောက်ပြီး ဖြစ်နေလေ သည်။

ငွေခုံးခုံးသောက်သောအရက်သည် ဖူးတိတ်ဆိုင်၏ နာမည်

ကျော်သော "ဝါးရွက်စိမ်း" အရက် ဖြစ်သည်။

အရက်နံ့သည် ရှူးရှုမနေဘဲ အလွန်မွှေးသည်။ သို့သော် ယခု ဝေ့ခုံးခုံးလက်ထဲမှ ဝါးရွက်စိမ်းအရက်သည် မမွှေးပါ။

သွေးညှီစော်နံ၍နေသည်ဟု သူ့စိတ်ထဲတွင် ထင်လိုက်ရသည်။ ထိုအရက်ခွက်ထဲမှသွေးညှီနံ့သည် ဖူးတိတ်ဆိုင်တစ်ဆိုင်လုံး လွှမ်းခြုံသွားသည်ဟုလည်း ခံစားလိုက်ရသည်။ ထို့ကြောင့် ...

"အင်း ... အရက်က သွေးညှီနံ့ နံနေပါလား"

ဟု တစ်ကိုယ်တည်း တီးတိုး ရေရွတ်လိုက်လေသည်။ ဝါးရွက်စိမ်းအရက်သည် တကယ်ပင် သွေးညှီနံ့ နံနေပါသလော။

✵

စုမာရှဲ့သည် သူ၏ဓားကို ဓားအိမ်ထဲသို့ ပြန်သိမ်းလိုက်သည်။

ခန်းပိုင်သည် စုမာရှဲ့အား ပြုံး၍ကြည့်ပြီး ...

"ဓားကတော့ အတော်ကောင်းတယ်"

စုမာရှဲ့က ပြုံးလျက် ...

"ခင်ဗျား လည်ကုပ်ကတော့ မကောင်းတော့ဘူး"



ခန်းပိုင်သည် ပြုံးလိုက်သည်။

သူ၏အပြုံးသည် တစ်စုံတစ်ခုကို လျှို့ဝှက်ထားသည်ဟု ထင်ရသည်။

"ကျုပ်လည်ကုပ်မှာ သေလောက်တဲ့ရောဂါတော့ ရှိဟန်မတူဘူး"

စုမာရှဲ့က ပြုံးလျက် ...

"ဒါပေမဲ့ ခင်ဗျားဦးနှောက်ထဲက ကောက်ကျစ်တဲ့အကြံကို ကော်ထုတ်ပစ်ဖို့ လိုတယ်"

"ဒီလိုဆိုရင်တော့ ခင်ဗျားဓားက သေးနေလိမ့်မယ် ထင်တယ်"

"ကျုပ်ဓားက သေးနေရင် သူ့များဓားကို ငှားရတာပေါ့"

ခန်းပိုင်သည် စုမာရှဲ့ကို တစ်ချက်စိုက်၍ကြည့်လိုက်သည်။ ပြီးမှ တဟားဟားရယ်မောလိုက်ပြီး ...

"ဒါဆိုရင်တော့ ဝေ့ခုံးခုံးရဲ့ ဦးနှောက်ကို ကျုပ်ခေါင်းထဲ အစားပြန်ထည့်ရမှာပေါ့"

ဟု ပြောလိုက်လေသည်။

ထို့နောက် ခန်းပိုင်သည် သူ၏ခန္ဓာကိုယ်ကို နောက်သို့လှည့်လိုက်ပြီး ဝေ့ခုံးခုံးအား စိုက်၍ကြည့်လိုက်လေသည်။

ဝေ့ခုံးခုံးသည် လောကတစ်ခုလုံးတွင် သူ၏အရက်ခွက်သာ

ရှိနေသည့်အလား အရက်ခွက်ကိုသာ ငေးစိုက်၍ ကြည့်နေလေသည်။

☀

ဝေ့ခုံးခုံးသည် သူ့လက်ထဲမှ အရက်ခွက်ကို စိုက်၍ ကြည့်နေသည်။

ထို့နောက် ချောင်းတစ်ချက်ဟန့်လိုက်ပြီး ...

"တကယ်လို့များ မင်းဟာ မျှော်အလံတောင်ရဲ့ လူမိုက်ဖြစ်မယ်ဆိုရင် မင်းရဲ့လက်သံလည်း မဆိုးပါဘူး"

ခန်းပိုင်သည် ဘာမျှ ပြန်မပြောပါ။

စုမာရှဲ့သည် သူ၏ မျက်ခုံးမွေးအား တစ်ချက်ပင့်တင်ရင်း...

"ဒါဆို အိမ်ခေါင်မိုးပေါ်မှာရယ်၊ ဆိုင်ရှေ့ညောင်ပင်နောက်မှာရယ်၊ ပြီးတော့ မီးဖိုချောင်ကလူတွေဟာ မာကျီးတောင်ရဲ့ လက်ရွေးစင်များလား"

ဝေ့ခုံးခုံးက သူ၏နှာခေါင်းကို တစ်ချက်ပွတ်လိုက်ပြီး ...

"လက်ရွေးစင်ထဲက မဟုတ်ပါဘူး"

ခန်းပိုင်သည် မဲ့ပြုံးတစ်ချက် ပြုံးလိုက်ပြီး ...

"လက်ရွေးစင်ထဲက မဟုတ်ပေမယ့် ခင်ဗျားတို့ အသက်ကို



တော့ ယူသွားနိုင်တယ်"

ဟု ပြောလိုက်လေသည်။

ခန်းပိုင်၏စကားဆုံးသည်နှင့်တစ်ပြိုင်တည်း အိမ်ခေါင်မိုးပေါ်မှ အဝါရောင်ဝတ်ဆင်ထားသော လူငါးဦးသည် လေထဲ၌ဝဲပျံကာ သူတို့ရှေ့သို့ ရောက်ရှိလာလေသည်။

တစ်ချက်တည်းမှာပင် ညောင်ပင်နောက်ကွယ်မှ လူ (၄)ဦး ပေါ်ထွက်လာသည်။

စုမာရှဲ့သည် သူတို့အား ခေါင်းငဲ့၍မကြည့်ဘဲ ...

"ဟေ့ ... ဝေ့ခုံးခုံး မင်းက ဘာလို့ ဒီမှာလာပြီး ပုန်းနေတာလဲ"

ဝေ့ခုံးခုံးက ပြုံးလိုက်ပြီး ...

"မင်းက အဖော်နဲ့မှ သေချင်တယ် မဟုတ်လား။ ဒါကြောင့် မင်းကို လာစောင့်နေတာ"

ခန်းပိုင်သည် ရုတ်တရက် ထိုင်ရာမှထလိုက်ပြီး ...

"ကျုပ်က စုမာရှဲ့ကိုသာ လက်ခံခဲ့တာ ခင်ဗျား မပါဘူး"

ဝေ့ခုံးခုံးက သူ၏နှာခေါင်းကို တစ်ချက်ပွတ်ရင်း ...

"ကျုပ်ကလည်း ကောက်ကျစ်တဲ့ ဦးနှောက်ကို ခိုးဖို့လာခဲ့တာ"

ခန်းပိုင်က တစ်ချက်ရယ်လိုက်ပြီး ...

"ခက်တာပဲ၊ ကျုပ်က သုဘရာဇာဆီမှာ ခေါင်းတစ်လုံးပဲ မှာခဲ့တာ"

ဝေ့ခုံးခုံးက ...

"အေးဗျ ... ကျုပ်ကလည်း မာကျီးတောင်ကို ခေါင်း (၉) လုံး ပို့ခိုင်းခဲ့တယ်"

စုမာရှဲ့က ပြုံးရင်း ...

"ရပါတယ် ... မှော်အလံတောင်ရဲ့ အဘိုးအိုတွေက မီးဖိုချောင်မှာ ဆက်ပုန်းနေမယ်ဆိုရင်တော့ လုံလောက်မှာပါ"

စုမာရှဲ့၏ စကားဆုံးသည်နှင့် မီးဖိုချောင်မှ အဘိုးအို (၂) ယောက် ထွက်လာလေသည်။

ကြေးနီအလံကိုင်ထားသော အဘိုးအိုသည် အနီရောင်ဝတ်စုံ ဝတ်ထားပြီး သံအလံကိုင်ထားသော အဘိုးအိုသည် အနက်ရောင်ဝတ်စုံကို ဝတ်ထားလေသည်။

သူတို့၏မျက်လုံးများသည် ရေခဲထက်ပင်ပို၍ အေးစက်နေသည်ဟု ထင်ရပေသည်။

အနီရောင်ဝတ်စုံဝတ်ထားသောအဘိုးအိုက အေးစက်သော အသံဖြင့် ...

"ကျုပ် အခုပဲလာခဲ့မယ်၊ ခေါင်းမလိုတော့ဘူး"

ကျင်းနှစ်ကျင်းပဲ တူးထားပါလို့။



ဝေ့ခုံးခုံးသည် အဘိုးအို (၂) ဦးအား တစ်ချက်ငဲ့စောင်း၍ ကြည့်လိုက်သည်။

ပြီးမှ အနက်ရောင်ဝတ်စုံ အဘိုးအိုအား ...

"ကျုပ်ထင်တာ မလွဲဘူးဆိုရင် ခင်ဗျားဟာ မှော်အလံတောင်ရဲ့အစောင့် သံအလံကိုင် ကွမ်းပင်ဟုန် ဖြစ်ရမယ်"

အနက်ရောင်အဘိုးအိုသည် ခြောက်ကပ်ကပ် တစ်ချက်ရယ်လိုက်ပြီး ...

"မမှားပါဘူး"

ဝေ့ခုံးခုံးက ပြုံးလိုက်ပြီး ...

"ကျုပ် ဘယ်တုန်းကမှ မမှားခဲ့ဘူး"

ဝေ့ခုံးခုံးသည် ယင်းသို့ပြောလိုက်ပြီး အနီရောင်ဝတ်စုံ ဝတ်ထားသော အဘိုးအိုဘက်သို့ လှည့်ကာ ...

"မဟုတ်ဘူးလား၊ ကြေးနီအလံကိုင် ဖုရင်ရှင်း"

ဖုရင်ရှင်းသည် သူ၏ ဦးခေါင်းကို ညိတ်လိုက်ပြီး ...

"မမှားပါဘူး"

ဝေ့ခုံးခုံးက ဆက်၍ ...

"မှော်အလံတောင်နဲ့လည်း ဘာရန်ငြိုးမှ မရှိခဲ့ဘူး၊ ဟုတ်တယ် မဟုတ်လား"

ကွမ်းပင်ဟုန်က ဦးခေါင်းကို ညိတ်ရင်း ...

"မှန်ပါတယ်"

ဝေ့ခုံးခုံးသည် စုမာရှဲ့ကို ညွှန်ပြပြီး ...

"သူနဲ့လည်း ရန်ငြိုးမရှိဘူးလို့ ထင်တယ်"

ဖုရင်ရှင်းက ပြုံးလိုက်ပြီး ...

"သူက တို့နဲ့ ပိုပြီး ရန်ငြိုးမရှိသေးတယ်"

ဝေ့ခုံးခုံးသည် သူ၏နှာခေါင်းကို တစ်ချက် ပွတ်လိုက်ပြီး–

"ဒါဆို ခင်ဗျားတို့က"

ကွမ်းပင်ဟုန်နှင့် ဖုရင်ရှင်းတို့သည် တစ်ဦးကိုတစ်ဦး ကြည့်လိုက်ပြီး ပြိုင်တူရယ်မောလိုက်လေသည်။ ပြီးမှ ...

"မင်း မကြားဖူးဘူးလား"

ဝေ့ခုံးခုံးက မျက်မှောင်ကြုတ်လိုက်ပြီး ...

"ဘာကိုလဲ"

"သူများအတွက် ယကြာချေပေးတာလေ"

စုမာရှဲ့သည် ရုတ်တရက် ရယ်မောလိုက်ပြီး ...

"ဟား ဟား ... သူများက ငွေကုန်ခံပြီး ကျုပ်ကို လူသတ်နိုင်းတယ်၊ အခုတော့ ကျုပ်ကိုသတ်ဖို့ သူများကို ငွေအကုန်ခံပြီး နိုင်းတာကိုး"

✲



စုမာရှဲ့သည် ကြေးစားသိုင်းသမား ဖြစ်သည်။

သူသည် သူများနိုင်းသောကိစ္စများကို အခကြေးငွေယူ၍ လုပ်ဆောင်ခဲ့သူ ဖြစ်သည်။ တစ်ခါတစ်ရံ ... လိုအပ်လျှင် လူသတ်ရသည်အထိ လုပ်ဆောင် ရသည်။

ယခု သူများသည် အခကြေးငွေယူ၍ သူ့ကိုသတ်ရန် ရောက်ရှိလာသည်။ ဤသို့ဆိုလျှင် သူ့ကိုသတ်ရန် ခန်းပိုင်ကို မည်သူက နိုင်းသနည်း။

လောကတွင် မိမိက သူများကိုသတ်လျှင် မိမိကိုသတ်မည့်သူ ပေါ်လာမည်မှာ မလွဲချေ။ သို့သော် ခန်းပိုင်တို့လူစုသည် စုမာရှဲ့ကို သတ်နိုင်ပါမည်လော။

ထိုစဉ် အေးစက်သော အသံတစ်သံသည် သူတို့၏ဦးခေါင်းပေါ်မှ ပေါ်ထွက်လာလေတော့သည်။

"ဟေ့ ဖုရင်ရှင်း ... မတွေ့တာကြာပြီနော်"

ယင်းအသံကြားသည်နှင့် ဖုရင်ရှင်း၏မျက်နှာသည် ညိုမည်းသွားလေတော့သည်။

✲

ဖုရင်ရှင်းတစ်ဦးတည်း မဟုတ်ပါ။

ကွမ်းပင်ဟုန်၏မျက်နှာသည်လည်း ညိုမည်း၍ သွားလေသည်။

ဤသို့ဆိုလျှင် ထိုအသံရှင်သည် မည်သူဖြစ်မည်နည်း။ ထန်အဘိုးအိုမှလွဲ၍ မည်သူမျှ ဖြစ်နိုင်မည် မဟုတ်ပါ။

✵

မှော်အလံတောင် ဓားပြအဖွဲ့။

လွန်ခဲ့သော နှစ် (၂၀) ခန့်က မြစ်ဝါမြစ်ကမ်းတစ်လျှောက် အလွန်နာမည်ကြီးသောအဖွဲ့ ဖြစ်ပါသည်။

အဖွဲ့သား (၁၈) ဦးရှိပြီး အားလုံးသည် အဆင့်မြင့်သိုင်းသမားများ ဖြစ်ကြသည်။

ထိုအဖွဲ့သား (၁၈) ဦးကို လူမိုက် (၄)ဦးက အုပ်ချုပ်ခဲ့သည်။

ထိုလူမိုက် (၄) ဦးတွင် ကွမ်းပင်ဟုန်နှင့် ဖုရင်ရှင်းတို့ ပါဝင်



ပေသည်။

သို့ရာတွင် မှော်အလံတောင် ဓားပြအဖွဲ့အား ဖြိုခွင်းမည့်သူ ပေါ်လာပေသည်။ ယင်းမှာ တစ်ကိုယ်တော်သိုင်းသမား ထန်အဘိုးအိုပင် ဖြစ်ပါသည်။

ထို့နောက် ယင်းဓားပြအဖွဲ့၌ အသက်ရှင်လျက် (၂) ဦးသာ ကျန်ခဲ့လေသည်။ ယင်းတို့မှာ ကွမ်းပင်ဟုန်နှင့်ဖုရင်ရှင်းပင် ဖြစ်ပါသည်။

ထိုအချိန်မှစ၍ မှော်အလံတောင် ဓားပြအဖွဲ့သည် ပျောက်ကွယ်သွားပြီး ကွမ်းပင်ဟုန်နှင့် ဖုရင်ရှင်းတို့သည်လည်း ထန်အဘိုးအိုနှင့် မတွေ့အောင် ရှောင်ခဲ့ပေသည်။

သို့သော် ယခု သူတို့သည် ထန်အဘိုးအိုနှင့် ရင်ဆိုင်ရပေတော့မည်။

ထန်အဘိုးအို၏လက်နက်ပုန်းများကို လွတ်အောင် ရှောင်နိုင်ပါဦးမည်လော။

✵

မီးခိုးရောင် လူရိပ်တစ်ခုသည် အိမ်ခေါင်မိုးမှ ကျလာသည်။

မီးခိုးရောင်ဝတ်ရုံကို ခြုံထားသော ထန်အဘိုးအိုပင် ဖြစ်ပါသည်။

ထန်အဘိုးအိုသည် လွန်ခဲ့သော နှစ် (၂၀) တုန်းကလိုပင် မီးခိုးရောင်ဝတ်စုံ ဝတ်ရုံကို ခြုံ၍ထားသည်။

သူ၏မျက်နှာအမူအရာသည်လည်း လွန်ခဲ့သော နှစ် (၂၀) တုန်းကလိုပင် အေးဆေးတည်ငြိမ်နေသည်။

သူသည် မည်မျှပင် ဒေါသဖြစ်နေပါစေ သူ၏မျက်နှာပေါ်တွင် ဒေါသဖြစ်နေဟန် တွေ့ရမည်မဟုတ်ပါ။

ယခုလည်း ထန်အဘိုးအို၏မျက်နှာပေါ်တွင် ဒေါသဖြစ်နေဟန် မတွေ့ရပါ။

သို့သော် ခန်းပိုင်၏မျက်နှာပေါ်တွင် ဒေါသဖြစ်ဟန် ပေါ်လာလေသည်။

ထို့နောက် သူသည် လေသံမာဆတ်ဆတ်ဖြင့် ...

"ဟန်ကျူးမြို့ ထန်အဘိုးအို မဟုတ်လား"

ဟု မေးလိုက်လေသည်။

ထန်အဘိုးအိုက သူ၏ဦးခေါင်းကို ညိတ်ပြလိုက်သည်။

ခန်းပိုင်သည် ကွမ်းပင်ဟုန်နှင့် ဖုရင်ရှင်းတို့အား လှမ်း၍ကြည့်လိုက်ပြီး စတင်တိုက်ခိုက်ရန် မျက်ရိပ်ပြလိုက်လေသည်။

သို့သော် ကွမ်းပင်ဟုန်နှင့် ဖုရင်ရှင်းတို့သည် ထန်အဘိုးအို



အား တစ်ချက်ကြည့်ပြီး ဖူးတိတ်အရက်ဆိုင်ထဲမှ ထွက်ခွာသွားလေသည်။

ခန်းပိုင်၏မျက်နှာသည် ဒေါသကြောင့် နီရဲလာပြီး ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်သည်။

ယင်းသို့ ခြေတစ်လှမ်း တိုးလိုက်သည်နှင့်တစ်ပြိုင်တည်း သူ့ထံမှ လက်နက်ပုန်းများကို ထန်အဘိုးအိုထံသို့ ပစ်လွှတ်လိုက်လေသည်။

ထန်အဘိုးအိုသည် ယင်းလက်နက်ပုန်းများကို သူ၏ဝတ်ရုံဖြင့် ပုတ်ချလိုက်လေသည်။

ခန်းပိုင်သည် လက်နက်ပုန်းများနှင့် ပစ်ပြီးသည် နှင့်တစ်ဆက်တည်း ထန်အဘိုးအို၏ရင်ဝသို့ လက်ဝါးသုံးချက် ဆက်၍ ရိုက်လိုက်လေသည်။

ထန်အဘိုးအိုသည် နေရာမှမရွှေ့သွားဘဲ သူ၏ခန္ဓာကိုယ်ကို ဘေးဘယ်ညာ အသာတိမ်းပေးလိုက်လေသည်။

ထို့ကြောင့် ခန်းပိုင်၏လက်ဝါးများသည် လေကိုသာ ရိုက်မိလေတော့သည်။

ခန်းပိုင်သည် သူ၏လက်ဝါး (၃) ချက် ဆက်ရိုက်သော်လည်း အဘိုးအိုအား မထိသောအခါ နောက်သို့ ခြေ (၂) လှမ်း ပြန်၍ဆုတ်လိုက်လေသည်။

ထန်အဘိုးအိုသည် ချောင်းတစ်ချက် ဟန့်လိုက်ပြီး–

"မင်းဆရာရဲ့မျက်နှာကိုထောက်လို့ နို့မဟုတ်ရင် မင်းသေနေပြီ"

ခန်းပိုင်သည် မျက်နှာတစ်ချက် ပျက်သွားလေသည်။ ထန်အဘိုးအိုက ဆက်၍ ...

"မင်းကိုယ်မင်း ခြေသလုံးအိမ်တိုင်ဆိုတဲ့ နာမည်ယူထားပြီး မင်းရဲ့နောက်ကြောင်းကို ဘယ်သူမှမသိအောင်နေခဲ့ပေမယ့် ငါ အားလုံးသိတယ်"

"မင်းလို ယုတ်မာတဲ့ တပည့်မျိုးကို ပညာသင်ပေးတဲ့ မင်းရဲ့ဆရာအတွက် ငါ တော်တော်ပဲ ဝမ်းနည်းမိတယ်"

ဆရာကောင်းသော်လည်း တပည့်မကောင်းသည့်အခါ သင်ကြားပေးလိုက်သော ပညာသည် အကျိုးမဲ့ဖြစ်နေသည်ကို ရည်စူးပြောလိုက်ခြင်းဖြစ်သည်။

ခန်းပိုင်သည် သူ၏နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်သည်။

ထို့နောက် ရုတ်တရက် နောက်သို့လှည့်ကာ အရက်ဆိုင်ထဲမှ ပြေးထွက်သွားလေတော့သည်။

ထန်အဘိုးအိုသည် မာကျီးတောင်မှ လူများဘက်သို့ လှည့်လိုက်ပြီး "မင်းတို့က ဘာလို့ရပ်နေတာလဲ" ဟု မေးလိုက်လေသည်။

မာကျီးတောင်မှလူများ သည် ဘာမျှ ပြန်၍မပြောတော့



နောက်သို့လှည့်ကာ ဆိုင်အပြင်သို့ ပြေးထွက်သွားလေတော့သည်။

ထိုစဉ် ရုတ်တရက် လမ်းပေါ်မှ အပြင်းမောင်းနှင်လာသော မြင်းခွာသံ ကြားလိုက်ရပြီး မီးခိုးရောင် ဝတ်ဆင်ထားသောလူတစ်ယောက်သည် မြင်းကို အပြင်းနှင်လာသည်ကို တွေ့လိုက်ရလေသည်။

ထို့နောက် ထိုလူသည် အရက်ဆိုင် ရှေ့၌ ရပ်တန့်လိုက်ပြီး အရက်ဆိုင်ထဲသို့ ဒရောသောပါး ပြေးဝင်လာလေတော့သည်။

✵

ထန်အဘိုးအိုသည် မျက်နှာတစ်ချက် ပျက်၍သွားသည်။

ထိုဒရောသောပါး ပြေးဝင်လာသူသည် ဟန်ကျူးမြို့မှ အိမ်စောင့်သိုင်းသမား ရှီမာ ဖြစ်နေသည်ကို တွေ့လိုက်သောကြောင့် ဖြစ်၏။

ရှီမာသည် ထန်အဘိုးအို၏ဂေဟာမှ အိမ်စောင့်သိုင်းသမား ဖြစ်သည့်အပြင် ထန်အဘိုးအို၏ သက်တော်စောင့်လည်း ဖြစ်သည်။

ထန်အဘိုးအိုသည် တစ်ကိုယ်တော် သွားလာလှုပ်ရှားနေတတ်သည်။

သူ၏လှုပ်ရှားမှုများကို သူ၏သား ထန်ကြို့ချမ်ပင် မသိပါ။

သို့သော် သူ၏လှုပ်ရှားမှုမှန်သမျှကို သိသူတစ်ယောက် ရှိပါသည်။ ထိုသူသည် ရှီမာပင် ဖြစ်ပါသည်။

ထန်အဘိုးအိုသည် မည်သည့်အခါမဆို သူ သွားလာလှုပ်ရှားမည့် နေရာတိုင်းအား ရှီမာကို အသိပေးခဲ့ခြင်းကြောင့် ဖြစ်သည်။

ဤသည်မှာ အရေးအကြောင်းရှိပါက သူ့ကို ဆက်သွယ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် အချိတ်အဆက်လုပ်ခဲ့ခြင်း ဖြစ်သည်။

ဤသို့ဆိုလျှင် ရှီမာ ယခုကဲ့သို့ရောက်လာခြင်းသည် ထန်ဂေဟာ၌ မည်သို့သောအကြောင်းကိစ္စ ဖြစ်ပေါ်နေသနည်း။

ရှီမာသည် အလွန့်အလွန်အရေးကြီးမှသာ လိုက်လာမည် ဖြစ်သည်။

တော်ရုံတန်ရုံကိစ္စဆိုလျှင် သူကိုယ်တိုင် ဖြေရှင်းလိုက်မည်သာ ဖြစ်သည်။

ယခုကဲ့သို့ လိုက်လာခြင်းမှာ သူကိုယ်တိုင် ဖြေရှင်းမရသောကိစ္စကြောင့်သာ ဖြစ်ပေလိမ့်မည်။

ဤသို့ဆိုလျှင် ထန်ဂေဟာတွင် အလွန့်အလွန် အရေးကြီးသောကိစ္စရပ်များ ဖြစ်ပေါ်နေပြီလော။

✵ ✵ ✵



## ( ၃ )

ဟန်ကျူးမြို့ ...

အလွန်လှပသော မြို့တစ်မြို့ဟု ပြောကြသည်။

နွေရာသီတွင် ဟန်ကျူးမြို့သည် ပို၍လှပသည်ဟု ဆိုကြသည်။

ယခု ဟန်ကျူးမြို့၏ ရာသီဥတုသည် မိုးတိမ်များဖြင့် မှောင်မည်း၍နေသည်။

ကောင်းကင်တစ်ခုလုံး မှောင်မည်း၍နေသော်လည်း မိုးမရွာပါ။

ထန်ကြို့ချမ်သည် မိုးရွာ၊မရွာ ဂရုစိုက်သူတစ်ယောက် မဟုတ်ပါချေ။

သူသည် အရက်အိုးထဲ၌ အရက်ကုန်မကုန်သာ ဂရုစိုက်သူ ဖြစ်ပါသည်။

ထန်အဘိုးအို အိမ်၌မရှိသောအခါ သူသည် အရက်ကို အားရပါးရသောက်သည်။

အထူးသဖြင့် ယခုအချိန်တွင် သူသည် ပို၍သောက်သည်။

အဘယ်ကြောင့်ဆိုသော် နှင်းဗေဒါသိုင်းသမားလုံဆင်ပိ သည် သူနှင့်အတူ ရှိနေသည် မဟုတ်ပါလော။

✵

လုံဆင်ပိသည် ဟန်ကျူးမြို့သို့ ရောက်နေသည်။

ထန်ဂေဟာတွင် ဧည့်သည်အဖြစ် ရောက်နေခြင်းဖြစ်ပါ သည်။

ယခု သူသည် ထန်ကြို့ချွမ်နှင့် အရက်အတူသောက်နေ သည်။

သို့သော် သူသည် ထန်ကြို့ချွမ်နှင့် အရက်ပြိုင်သောက်ခြင်း မဟုတ်ပါ။

ဟန်ကျူးမြို့ တစ်မြို့လုံးရှိ လူများသည် ထန်ကြို့ချွမ် လောက် အရက်မသောက်နိုင်ပါ။

သူများ အရက်တစ်ပိဿာသောက်လျှင် သူက သုံးပိဿာ ခန့် သောက်နိုင်သည် မဟုတ်ပါလား။

ဤမျှသော အရေအတွက်သည် လူတစ်ယောက်အဖို့ မမူး



အောင် ထိန်းနိုင်စွမ်းရှိတော့မည် မဟုတ်ပါ။

သို့သော် ထန်ကြို့ချွမ်သည် မမူးပါ။

အရက်သုံးပိဿာ သောက်သော်လည်း မမူးချေ။

ထို့ကြောင့် သူနှင့်ပြိုင်၍ မည်သူမျှ မသောက်နိုင်ပါ။

သို့သော် သူနှင့် ယှဉ်ပြိုင်၍ သောက်နိုင်သူတစ်ဦးတော့ ရှိပါသည်။

ထိုသူမှာ ဦးခေါင်းသူခိုး ဇေ့ခုံးခုံးပင် ဖြစ်သည်မဟုတ်ပါ လော။

✵

ဇေ့ခုံးခုံးသည် ထန်ကြို့ချွမ်နှင့် အရက်ပြိုင်၍ သောက်သည် မှန်သော်လည်း ပြိုင်ဘက်မဖြစ်ခဲ့ပါ။

လုံဆင်ပိသည် ထန်ကြို့ချွမ် အရက်တစ်အိုးသောက်လျှင် သူလည်း တစ်အိုးသောက်နိုင်သည်။

သို့သော် ထန်ဂေဟာ၌မဟုတ်ပါ။ အခြားတစ်နေရာရာ သို့မဟုတ် အရက်ဆိုင်၌သာ ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် ထန်ဂေဟာ၌ ထန်ကြို့ချွမ်၏ညီမ

ထန်ကြို့ချင်း ရှိနေသည် မဟုတ်ပါလား။

ထို့ကြောင့် ထန်ကြို့ချမ် အရက်တစ်အိုးသောက်လျှင် သူသည် အရက်တစ်ခွက်သာ သောက်လေသည်။

ထန်ကြို့ချမ်သည် လုံဆင်ပိ ယခုကဲ့သို့ အရက်အနည်းငယ် သောက်ခြင်းကို စိတ်မဆိုးပါ။

သူသည် လုံဆင်ပိ၏စိတ်ကို သိနေသည် မဟုတ်ပါလော။

✵

ထန်ကြို့ချမ်သည် အရက်အိုးကို မော့၍ သောက်နေရမှ ရုတ်တရက် ရပ်တန့်လိုက်သည်။

ထို့နောက် ထိုင်ရာမှထလိုက်ပြီး အပြင်သို့ လှမ်းထွက်လိုက်သည်။

လုံဆင်ပိသည် ထန်ကြို့ချမ်အား လှမ်း၍ ...

"ဟေ့ ... မင်း ဘယ်သွားမလို့လဲ"

ထန်ကြို့ချမ်က တိတ်တိတ်နေရန် လက်ဟန်ဖြင့် ပြလိုက်သည်။

ထို့နောက် တိုးညင်းသောလေသံဖြင့် ...



"အပြင်က လူသံကြားတယ်"

လုံဆင်ပိသည် မျက်မှောင်တစ်ချက်ကြုတ်သွားပြီး နားစိုက်၍ နားထောင်လိုက်သည်။

သူသည် ထန်ကြို့ချမ် ယခုလောက် နားပါးလိမ့်မည်ဟု မထင်ပါ။

ထို့ကြောင့် သေသေချာချာ နားစိုက်၍ ထောင်လိုက်သည်။

အသံသည် အလွန်မှ တိုးညင်းလွန်းသည်။

တိုးညင်းလွန်းသည့်အတွက် လုံဆင်ပိ မနည်းနားထောင်ယူရသည်။

ထိုအသံမှာ ...

"အသက်ရောင်းသည်" ဟူ၍ ဖြစ်ပေသည်။

✵

လောကတွင် ဈေးသည်မျိုးစုံ ရှိသည်။

သို့သော် ယခုကဲ့သို့ ဈေးသည်မျိုးကို တွေ့ဖူးမည် မဟုတ်ချေ။

ထန်ဂေဟာ၏ရှေ့၌ ဈေးသည် ရှိနေပါသည်။

ထိုဈေးသည်ရောင်းသော ကုန်ပစ္စည်းသည် "အသက်" ဖြစ်ပါသည်။

သို့သော် မိမိ၏အသက်ကို ရောင်းနေခြင်းမဟုတ်။

တခြားလူ၏အသက်ကို ရောင်းနေခြင်း ဖြစ်ပါသည်။

ထန်ကြို့ချမ်သည် အိမ်ရှေ့မှဈေးသည်ကို တွေ့သောအခါ သူ၏မူးနေသောအရက်ရှိန်သည် တစ်ဝက်ခန့် ပြေသွားလေတော့သည်။

ဈေးသည်များသည် များသောအားဖြင့် မတ်တတ်ရပ်၍ ရောင်းကြသည်။

တချို့က ခွေးခြေအသေးတစ်လုံးနှင့် ထိုင်၍ ရောင်းတတ်သည်။

သို့သော် ယခုဈေးသည်သည် ဤသို့မဟုတ်ပါ။ သူသည် လဲလျောင်း၍ ရောင်းနေခြင်းဖြစ်ပါသည်။

သူသည် ခုတင်ကြီးတစ်လုံးပေါ်တွင် လဲလျောင်း၍ ရောင်းနေခြင်း ဖြစ်ပါသည်။

သူသည် ခုတင်ပေါ်တွင် သက်သောင့်သက်သာ လဲလျောင်းနေပြီး ပါးစပ်မှ "အသက် ရောင်းသည်" ဟု အဆက်မပြတ် ရေရွတ်နေသည် မဟုတ်ပါလော။

အကယ်၍ သင်သည် ယခုကဲ့သို့ ခုတင်ပေါ်တွင် အိပ်၍



ဈေးရောင်းနေသော ဈေးသည်ကိုတွေ့လျှင် ရယ်မောမိလိမ့်မည်။

သို့သော် ထန်ကြို့ချမ်သည် ထိုဈေးသည်ကိုကြည့်ရင်း မျက်မှောင်ကြုတ်သွားမိလေတော့သည်။

✵

ဈေးသည်သည် ခုတင်ပေါ်တွင် အိပ်၍နေသည်။

အိပ်ပျော်နေခြင်းမဟုတ်၊ ဈေးရောင်းနေခြင်း ဖြစ်သည်။

ဈေးသည်၏ကိုယ်လုံးကိုယ်ပေါက်သည် ပုကွကွဖြစ်သည်ကို ခုတင်ပေါ်၌ လဲနေသော်လည်း သိသာနိုင်သည်။

တိုနန့်နန့် နှုတ်ခမ်းမွေးရှိပြီး မျက်လုံးတစ်စုံသည် သေနေသော ငါးတစ်ကောင်၏မျက်လုံးမျိုးကဲ့သို့ ဖြစ်သည်။

သူ၏ခုတင်ဘေးတွင် ခုံ (၆) ခုံ ရှိသည်။ ခုံတစ်ခုံတွင် လူတစ်ယောက် စီထိုင်၍နေသည်။

ထိုလူ (၆) ယောက်သည် ခုံတွင်ထိုင်နေခြင်း မဟုတ်ပါ။

ခုံနှင့်ကပ်၍ ချည်နှောင်ထားခြင်း ဖြစ်ပါသည်။

ဤသို့ဆိုလျှင် ထိုလူ (၆) ယောက်သည် ဈေးသည်၏ ရောင်းကုန်များ ဖြစ်ပေလိမ့်မည်။

ထိုဈေးသည်သည် အသက်ရောင်းသောဈေးသည် ဖြစ်သည်။

ထို့ကြောင့် သူ၏ရောင်းကုန်သည် ထိုလူ (၆) ယောက်၏ အသက်ပင် ဖြစ်ပေလိမ့်မည် မဟုတ်ပါလော။

✵

ထန်ကြို့ချမ်သည် အရက်သမား ဖြစ်သည်။

သို့သော် သူ၏ဦးနှောက်သည် သူ၏အမူအရာထက် အဆတစ်ရာမက နိုးကြားသည်။

သင်သည် သူ့ကိုကြည့်လျှင် သူသည် အမြဲတစေ ကပိုကရိုနှင့် နေတတ်သည်။

ထို့ကြောင့် ရံဖန်ရံခါဆိုသလို သူ၏ဖခင် ထန်အဘိုးအိုပင် သူ့ရုပ်ကို မမှတ်မိခဲ့ပေ။

မည်သို့ပင်ဆိုပါစေ သူ၏ဦးနှောက်သည် သူ၏အမူအရာထက် အဆတစ်ရာမက နိုးကြားပေသည်။

ထို့ကြောင့်လည်း သူသည် မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်သည်နှင့် ထိုလူ (၆) ဦးအနက် (၄) ဦးကို မှတ်မိလိုက်လေ



ဘည်။ (၂) ဦးကိုမူ သူမြင်ဖူးခြင်း မရှိပါ။

ထို့ကြောင့် မမှတ်မိခြင်းပင် ဖြစ်ပါသည်။

သို့သော် သူသည် ယင်း (၆) ဦးအား ယခုကဲ့သို့ ရောင်းကုန်ပစ္စည်းအနေဖြင့် တွေ့ရလိမ့်မည်ဟု သူ မထင်မှတ်ချေ။

အဘယ်ကြောင့်ဆိုသော် ထိုလူ (၆) ဦးအနက် သူမှတ်မိသော (၄) ဦးသည် သိုင်းလောက၌ နာမည်ကျော် အဆင့်မြင့်သိုင်းသမားများဖြစ်သည် မဟုတ်ပါလော။

ထိုသူများမှာ ရွှေချိတ်သိုင်းသမား ဟိုလန်၊ နတ်လက်ဝါး ဖန်ဂုန်ထန်၊ ပုဆိန်သိုင်းသမား ချောင်ဖီ၊ ပလွေသံရှင် မုံချူးစီတို့ ဖြစ်ပါသည်။

ဤသို့ဆိုလျှင် ကျန်သိုင်းသမား (၂) ဦးမှာ ပါးသိုင်းမွေး ရှိရှဟွန်နှင့် ဧည့်သည်တော် ဓားသမား တုထိကျန်း ဖြစ်ပေမည်လော။

✵

ထန်ကြို့ချမ် မျက်မှောင်ကုတ်၍ထားသည်။

သူမှတ်မိသော သိုင်းသမား (၄) ယောက်မှာ ကျန့်နမ်းနယ်မှ နာမည်ကျော်သိုင်းသမား (၆) ယောက်ထဲတွင် ပါဝင်နေသော

ကြောင့် ထို (၆) ယောက်တို့သည် ကျန့်နမ်းနယ်မှ နာမည်ကျော် သိုင်းသမား (၆) ယောက်ပင်ဖြစ်မည်ဟု သူ တွေးလိုက်မိသည်* မဟုတ်ပါလော။

ဤသို့တွေးလိုက်မိသည်နှင့်တစ်ပြိုင်တည်း လွန်ခဲ့သောလ အတွင်းက သိုင်းလောကတွင် ဂယက်ရိုက်ခဲ့သောကိစ္စကို သတိရ လိုက်မိလေသည်။

ကျန့်နမ်းနယ်မှ နာမည်ကျော်သိုင်းသမား (၆) ဦး ထူးဆန်း စွာ ပျောက်ဆုံးခဲ့ခြင်းပင် မဟုတ်ပါလော။

ယခု ထို (၆) ဦးသည် ဈေးသည်၏ရောင်းကုန်ပစ္စည်း ဖြစ် နေသည်။

ဤသို့ဆိုလျှင် ထိုဈေးသည်သည် သာမန်ဈေးသည် မဖြစ် နိုင်ဟု ထန်ကြို့ချမ် တွေးလိုက်မိသည်။

ထို့ကြောင့် သူသည် ဈေးသည်ကို သေချာစွာစိုက်ကြည့် လိုက်လေသည်။

သူသည် သိုင်းလောကအတွင်း အတော်အတန် နှံ့စပ်သူ တစ်ယောက် ဖြစ်သည်။

သို့သော် ဤဈေးသည်ကို တစ်ခါမျှမမြင်ဖူးချေ။ ထိုစဉ် သူ၏နောက်ဘက်မှ ...

"အဲဒါ ချင်ဟုန်းမြို့ရဲ့ အသက်ရှင် ဆေးတိုက်ပိုင်ရှင် ကွေ့ ပုတုန်ပဲ"



ဟု ပြောသံကြားလိုက်ရလေသည်။ ယင်းစကားကို ပြော လိုက်သူမှာ လုံဆင်ပိပင် ဖြစ်ပါသည်။

✵

ကွေ့ပုတုန် ...

အသက်ရှင်ဆေးတိုက်ပိုင်ရှင် ဖြစ်သည်။

ယင်းအသက်ရှင်ဆေးတိုက် မဖွင့်မီအချိန်က သူသည် သိုင်း လောကအတွင်း ဆေးမြစ်ဆေးရွက်များကိုလည်း ရောင်းချခဲ့သူ ဖြစ် သည်။

သူသည် ဆေးကုသရာတွင် ကျွမ်းကျင်သည့်အပြင် လက် ဝါးနှင့်ခြေထောက်သိုင်းပညာ၌လည်း အထူးကျွမ်းကျင်သူတစ်ဦး ဖြစ်သည်။

ယင်းအသက်ရှင်ဆေးတိုက် စဖွင့်ချိန်၌ လူရမ်းကားတစ်စု၏ သုံးခါတိတိ နှောင့်ယှက်ခြင်းကို ခံရလေသည်။

သုံးဦးစလုံးကို တိုက်ခိုက်သတ်ဖြတ်လိုက်သည်။

ထို 'ယိ' ညီအစ်ကို သုံးယောက်သည် သိုင်းလောကတွင်

'သံခြေထောက်ညီအစ်ကို' ဟု ကျော်ကြားသူများပင် မဟုတ်ပါလော။

✵

ထန်ကြို့ချမ်သည် မျက်မှောင်ကုတ်ထားဆဲပင် ဖြစ်သည်။

သူသည် နောက်သို့လှည့်၍ လုံဆင်ပိအား တစ်ချက်ကြည့်လိုက်သည်။

လုံဆင်ပိသည် ထန်ကြို့ချမ်ထံသို့ လျှောက်လာပြီး ...

"ကျုပ် ချင်ဟုန်မြို့ရောက်တုန်းက တွေ့ခဲ့ဖူးတယ်၊ အဲဒီမြို့ရဲ့ အရက်ဆိုင်တစ်ဆိုင်မှာ ကျုပ်က အရက်သောက်နေတယ်၊ သူက ရေနွေးကြမ်း သောက်နေတယ်၊ ဒါပေမဲ့ ရိုးရိုးတန်းတန်း ထိုင်ပြီး သောက်နေတာ မဟုတ်ဘူး"

ထန်ကြို့ချမ်သည် အံ့သြဟန်ဖြင့် ...

"ဘယ်လို သောက်လို့လဲ"

"ခုတင်ပေါ်မှာ အိပ်ပြီး သောက်နေတာပဲ"

"ဟုတ်လား"

"အင်း ... သူဟာ ဆေးတိုက်ဖွင့်ပြီးတဲ့နောက်မှာ လမ်းမလျှောက်တော့ဘူးတဲ့"



"ဒါဖြင့် မြင်းလှည်းပဲ စီးမှာပေါ့ ... ဟုတ်လား"

"ဟင်အင်း"

"ဒါဖြင့် ဝေါနဲ့သွားမှာပေါ့"

လုံဆင်ပိသည် သူ၏ဦးခေါင်းကို ဘယ်ညာခါယမ်းလိုက်ပြီး

"ခုတင်ပေါ်မှာ အိပ်ပြီးသွားတာ"

"ဘယ်လို"

"အခုလို ခုတင်ပေါ်မှာ အိပ်ပြီး သူသွားချင်တဲ့နေရာကို သူ့ရဲ့ တိုင်ထမ်းသူရဲကောင်း (၄) ယောက်က ထမ်းပြီးပို့ပေးရတယ်"

ထန်ကြို့ချမ်သည် လုံဆင်ပိအား မျက်လုံးပြူး၍ကြည့်လိုက်ပြီး ...

"ခုတင်ထမ်း သူရဲကောင်း (၄) ယောက် ... ဟုတ်လား"

လုံဆင်ပိကာ သူ၏ခေါင်းကို ညိတ်၍ပြလိုက်လေသည်။

✵

ထန်ကြို့ချမ်သည် ပြုံးလိုက်ပြီး ...

"အင်း ... ကျုပ်က အရက်ဆိုင်သာ စိတ်ဝင်စားတာ ဆေးဆိုင်ကို စိတ်မဝင်စားတော့ မသိဘူးပေါ့"

လုံဆင်ပိတ်သည် ပြုံးလိုက်သည်။

"ကျူပ်ကတော့ ဆက်ဆံရေးလည်းညံ့၊ ဈေးနှုန်းကလည်း ကြီး၊ ဒါနဲ့တောင် ဒီအသက်ရှင်ဆေးတိုက်က တခြားဆေးဆိုင်တွေကို လွှမ်းမိုးလို့ စိတ်ဝင်စားမိခဲ့တယ်"

ထန်ကြို့ချွမ်သည် ကွေ့ပုတုန်ဘက်သို့ တစ်ချက်ကြည့်လိုက်ပြီး ...

"ဒီတစ်ခါ သူ့ခုတင်ထမ်းတဲ့ သူရဲကောင်းလေးယောက် ပါမလာဘူးနဲ့ တူတယ်"

လုံဆင်ပိက သူ၏ ဦးခေါင်းကို တစ်ချက် ခါယမ်းလိုက်ပြီး-

"သူတို့မှမထမ်းရင် ဒီခုတင်ဟာ ဒီရောက်လာမှာ မဟုတ်ဘူး"

ထိုစဉ် ဈေးသည်ထံမှ "အသက်ရောင်းသည်" ဟု အော်နေသောအသံသည် ရုတ်တရက် တိတ်၍သွားလေသည်။

ထို့နောက် ဈေးသည်၏မျက်လုံးများသည် လုံဆင်ပိခန္ဓာကိုယ်ပေါ်သို့ ကျရောက်သွားလေသည်။

ထို့နောက် အေးစက်စက်လေသံဖြင့် ...

"ကျန့်နမ်းသိုင်းသမား (၆) ဦးရဲ့အသက်ကို မင်းဝယ်မလား" ဟု မေးလိုက်လေသည်။

✵



အရောင်းအဝယ် ...

အရောင်းနှင့်အဝယ်သည် ဆက်နွယ်မှု ရှိကြသည်။

အရောင်းရှိမှ အဝယ်ဖြစ်သည်။ အဝယ်ရှိမှလည်း အရောင်းဖြစ်သည်။ ထို့ကြောင့် အရောင်းအဝယ်သည် အပြန်အလှန် ကျိုးကြောင်းဆက်စပ်နေသည် မဟုတ်ပါလော။

လုံဆင်ပိသည် ကုန်သည်မဟုတ်ပါ။

သို့သော် အရောင်းအဝယ်ကိစ္စကို အနည်းငယ် တီးခေါက်မိသူ ဖြစ်သည်။

သို့ရာတွင် လူ့အသက်ကိုတော့ တစ်ခါမှ မဝယ်ဖူးချေ။ လုံဆင်ပိသည် ကွေ့ပုတုန်အား တစ်ချက်ကြည့်လိုက်ပြီး ...

"မင်းက ဘာဖြစ်လို့ ထန်သူဌေးသားကို မရောင်းတာလဲ"

ကွေ့ပုတုန်သည် လုံဆင်ပိအား အေးစက်စွာ တစ်ချက်ပြုံးပြလိုက်ပြီး ...

"သူက အရက်ဝယ်တာပဲ နားလည်တာ"

ထန်ကြို့ချွမ်သည် ရယ်မောလိုက်ပြီး ...

"ဟား ဟား ... မင်းက အင်္ဂဝိဇ္ဇာအတတ်လည်း တတ်တာကိုး"

လုံဆင်ဝိသည် သူ၏မျက်ခုံးမွေးကို ပင့်တင်ရင်း ...

"ထန်သူဌေးသားကမှ မဝယ်ဘူးဆိုရင် မင်းရောင်းမယ့် ပစ္စည်းကို ဘယ်သူက စိတ်ဝင်စားပါ့မလဲ"

ကွေ့ပုတုန်သည် ကောက်ကျစ်စွာ တစ်ချက်ပြုံးလိုက်ပြီး လုံဆင်ဝိအား ...

"မင်းကတော့ စိတ်ဝင်စားမယ်လို့ ထင်တယ်"

လုံဆင်ဝိက ပြုံးရင်း ...

"မင်းက ဘာလို့ ဒီလိုပြောနိုင်ရတာလဲ"

ကွေ့ပုတုန်သည် လုံဆင်ဝိအား စိုက်၍ကြည့်လိုက်ပြီး ...

"မင်းမှမဝယ်ရင် သူတို့ဟာ မကြာခင် မျက်လုံးကန်းသွားလိမ့်မယ်"

လုံဆင်ဝိသည် တစ်ချက်ရယ်မောလိုက်ပြီး ...

"လောကမှာ မျက်လုံးကန်းတဲ့လူတွေ ထောင်သောင်းမက ရှိနေတာပဲ၊ ဒီ (၆) ယောက် တိုးလာလို့ ဘာထူးမှာလဲ"

ကွေ့ပုတုန်သည် အေးစက်သောလေသံဖြင့် ...

"ရောင်းကုန်ဆိုတာမျိုးဟာ ဝယ်သူမရှိရင် ပုပ်သိုးကုန်မှာပေါ့"

လုံဆင်ဝိသည် မျက်မှောင်တစ်ချက် ကြုတ်လိုက်ပြီး ကျန့်နမ်းနယ် သိုင်းသမား (၆) ဦးအား တစ်ချက် ဝေ့ကြည့်လိုက်သည်။



သူတို့၏အမူအရာသည် အဆိပ်တစ်မျိုးမျိုး မိထားပုံရပြီး အကယ်၍ သူတို့ အား ကြိုးဖြင့်ချည်မထားပါက သူတို့ကိုယ်သူတို့ ရပ်နိုင်စွမ်းရှိပုံ မရချေ။

ကွေ့ပုတုန်သည် လုံဆင်ဝိအား ကြည့်ရင်း ...

"စဉ်းစဉ်းစားစား လုပ်ပေါ့၊ နောက်မှ မင်းစိတ်ထဲမှာ မဝယ်မိတာ မှားလေခြင်းလို့ မဖြစ်စနဲ့"

လုံဆင်ဝိသည် သူ၏ဦးခေါင်းကို တစ်ချက်မော့လိုက်ပြီး–

"အင်း ... ကျုပ်မှမဝယ်ရင် သိုင်းလောကမှ ကျုပ်ဟာ အပြစ်မရှိဆုံးလူ ဖြစ်သွားမှာပဲ"

"ဒါကြောင့် သိုင်းလောကမှာ မင်းဟာ လူမှုရေးသိတတ်တယ်လို့ ပြောကြတာပဲ၊ ပြီးတော့ မင်းဟာ သေမည့်လူတွေ့ရင် မကယ်ဘဲ မနေနိုင်ပါဘူး"

လုံဆင်ဝိသည် ပြုံးလိုက်ပြီး ...

"ဒါပေါ့ ... တစ်ကျပ်ပေးမယ်၊ တစ်ကျပ်တန်ပစ္စည်းပဲ ရမယ်၊ ပစ္စည်းကောင်းရင် ဈေးကလည်း ကောင်းမှာပေါ့၊ ဒါပေမဲ့ ကျုပ်က ပစ္စည်းမှန်များကိုပဲ ရောင်းတယ်"

လုံဆင်ဝိသည် ကွေ့ပုတုန်ကို တစ်ချက်စိုက်ကြည့်လိုက်ပြီး ...

"မင်းရောင်းမယ့်ပစ္စည်းတွေရဲ့လက်က ကျုပ်ဦးနှောက်

ထက် အဆတစ်ရာမက တန်ဖိုးရှိနေတယ်၊ မင်းပြောမယ့် ဈေးနှုန်းကို ကျုပ်တတ်နိုင်ပါ့မလား မသိဘူး"

ကွေ့ပုတုန်က တိုးညင်းစွာ ရယ်မောလိုက်ပြီး ...

"မင်းကသာ ကတိတစ်ခုပေးပါ၊ သူတို့အားလုံး အသက်ချမ်းသာရာရမယ်၊ ပြီးတော့ သူတို့အတွက် ဖြေဆေးပါပေးလိုက်မယ်၊ ဇွေမယူပါဘူး"

လုံဆင်ပိသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"ရောင်းသူဝယ်သူဆိုတာ အသံတူမှ ဖြစ်တာ၊ ကဲ ... မင်းရဲ့ ဈေးနှုန်းကို ပြောကြည့်ဦး"

ထိုစဉ် ထန်ကြို့ချွမ်က ရုတ်တရက်ဝင်၍ ...

"ဒီလို မဖြစ်ဘူးလေ၊ သူက မင်းရဲ့ဦးနှောက်နဲ့ လဲမယ်ဆိုရင် မင်း အချောင်သေနေဦးမယ်"

ကွေ့ပုတုန်က အေးစက်စွာဖြင့် ...

"အခု အရောင်းအဝယ်ကိစ္စကို လုံဆင်ပိနဲ့ ပြောနေတာ ... မင်းနဲ့ ပြောနေတာမဟုတ်ဘူး။ မင်း ... ပါးစပ်ပိတ်ထားရင် ကောင်းမယ်"

ထန်ကြို့ချွမ်၏မျက်နှာသည် ကွက်ခနဲပျက်၍သွားပြီး ရှေ့သို့ တိုးလိုက်လေသည်။

လုံဆင်ပိသည် သူ့အား လှမ်း၍ဆွဲထားလိုက်ရင်း ...

"ကျုပ်ဦးနှောက်ဟာ သူ့အတွက် အသုံးဝင်မှာ မဟုတ်ဘူး၊



လူ့ရဲ့ဦးနှောက်ဟာ သူ့ဆီမှာ ရှားတာမှမဟုတ်ဘဲ"

ကွေ့ပုတုန်သည် ပြုံးလိုက်ရင်း ...

"အင်း ... နှင်းဗေဒါသိုင်းသမားဟာ အမြင်ကျယ်သူတစ်ယောက်ပဲ၊ ကျုပ်ကလည်း အကြောင်းမရှိဘဲ သူများဦးနှောက်ကို မယူပါဘူး"

လုံဆင်ပိသည် တစ်ချက်မျှစဉ်းစားလိုက်ပြီး ...

"ဟုတ်ပါတယ်၊ ဆေးရောင်းတဲ့လူဟာ ဆေးမရောင်းဘဲ အသက်ကို ရောင်းကတည်းက အကြောင်းတစ်ခုခုရှိမှန်း သိနိုင်ပါတယ်"

ကွေ့ပုတုန်သည် နှုတ်ခမ်းတွန့်၍ တစ်ချက်ပြုံးလိုက်ရင်း...

"အင်း ... လွန်ခဲ့တဲ့ (၂) နှစ်လောက်က ကျုပ် ထန်ဂေဟာရဲ့ ဒုတိယသခင်မ ထန်ကြို့ချင်းကို တွေ့ခဲ့ဖူးတယ်"

ထန်ကြို့ချွမ်သည် နှုတ်ခမ်းတစ်ချက် မဲ့လိုက်ပြီး ...

"အဲဒါနဲ့ အသက်ရောင်းတာနဲ့ ဘာဆိုင်လဲ"

ကွေ့ပုတုန်သည် ပြုံးလိုက်ပြီး ...

"ထန်ကြို့ချင်းဟာ သိပ်လှတော့ ဆိုင်လာရတာပေါ့"

ထန်ကြို့ချွမ်သည် မဲ့ပြုံးတစ်ချက် ပြုံးလိုက်ပြီး ...

"ကျုပ်အတွက် မဟုတ်ဘူး ... ကျုပ်ရဲ့ သခင်လေးအတွက်"

လုံဆင်ပိသည် တစ်ချက်ပြုံးလိုက်ပြီး ...

"ဪ ... အသက်ရှင်ဆေးတိုက်ပိုင်ရှင်မှာလည်း ကျော ထောက်နောက်ခံ ရှိသေးတာကိုး"

ကွေ့ပုတုန်သည် ပြုံးလိုက်ပြီး ...

"ဟုတ်တယ် ... ကျုပ်မှာ သခင်လေးရှိတယ်၊ နပျိုပြီး ရဲစွမ်း သတ္တိလည်း ရှိတယ်"

ထန်ကြို့ချွမ်သည် မဲ့ပြုံးပြုံးလိုက်ပြီး ...

"မင်းရဲ့သခင်လေးဆိုတော့ မင်းထက်ပိုပြီး ကောက်ကျစ် စဉ်းလဲမယ် ထင်တယ်"

ကွေ့ပုတုန်၏မျက်နှာသည် တစ်ချက်မှုပျက်၍ သွားလေ သည်။

လုံဆင်ပိသည် မျက်မှောင်တစ်ချက်ကုတ်လိုက်ပြီး ...

"ဘယ်သူလဲ" ဟု မေးလိုက်သည်။

ကွေ့ပုတုန်သည် အတန်ကြာအောင် တိတ်ဆိတ်နေပြီးမှ ဖြည်းညင်းစွာ ပြောလိုက်လေသည်။

"ငွေရောင်ဝံပုလွေမင်းသား"

✲



ကောင်းကင်တွင် တိမ်မည်းညိုများ အုံ့၍နေသည်။

ထန်ကြို့ချွမ်၏မျက်နှာသည်လည်း ပြုံမည့်မိုးကဲ့သို့ အုံ့မှိုင်း နေသည်။

ကွေ့ပုတုန်သည် ကောက်ကျစ်စွာ တစ်ချက်ပြုံးလိုက်ပြီး...

"ဒီမှာလုံဆင်ပိ ... ကျုပ် ရှင်းရှင်းပဲပြောမယ် ... မင်းကို ထန်အဘိုးကြီးကလည်း သဘောတူတာမဟုတ်ဘူး၊ ဒီတော့"

လုံဆင်ပိသည် ပြုံးလိုက်ပြီး ...

"ကျုပ်က ရှောင်ပေးမယ်ဆိုပါတော့"

ကွေ့ပုတုန်က တစ်ချက်ရယ်မောလိုက်ပြီး ...

"ဒါဟာ ကျုပ်ရောင်းမယ့်ပစ္စည်းရဲ့ဈေးနှုန်းပဲ"

ထန်ကြို့ချွမ်၏မျက်နှာသည် မည်း၍သွားပြီး ...

"မင်း ... မင်း ... တော်တော်လူပါးဝတဲ့ကောင်ပဲ"

ဟု ပြောလိုက်သည်။

ယင်းသို့ ပြောလိုက်ပြီးသည်နှင့် တစ်ပြိုင်တည်း သူ၏ လက်ထဲမှ အရက်အိုးဖြင့် ကွေ့ပုတုန်ထံ ရတ်တရက် ပစ်ပေါက်လိုက် လေသည်။

ထိုစဉ် ရုတ်တရက် ဓားရောင်တစ်ချက် လက်သွားပြီး ထန်ကြို့ ချွမ်၏အရက်အိုးသည် ကွေ့ပုတုန်ထံမရောက်မီ အစိတ်စိတ် အမြွာ

မြှာ ကွဲ၍သွားလေတော့သည်။

ကွေ့ပုတုန် လှုပ်ရှားလိုက်ခြင်းမဟုတ်ပါ။ ဤသို့ဆိုလျှင် မည်သူလှုပ်ရှားလိုက်သနည်း။

✵

အဘိုးအိုတစ်ဦး။ မျက်နှာတစ်ခုလုံးသည် ဝါထိန်၍နေသည်။

ယင်းအဘိုးအိုသည် မည်သည့်နေရာမှ ထွက်ပေါ်လာသည်ကို ထန်ကြို့ချွမ် မသိပါ။

လုံဆင်ပိသည် ယင်းအဘိုးအိုကို တွေ့လိုက်သည်နှင့် ထိုအဘိုးအိုသည် ခုတင်ထမ်း သူရဲကောင်း (၄) ဦး၏ စတုတ္ထနေရာရထားသူ လန်ကူးတိန်ဖြစ်ကြောင်း သိလိုက်လေသည်။

ထိုစဉ် ရုတ်တရက် လူရိပ်သုံးခုသည် သစ်ပင်ပေါ်မှ ကျလာလေသည်။

အဘိုးအိုသုံးယောက် ဖြစ်ပါသည်။

လုံဆင်ပိသည် ယင်းအဘိုးအိုသုံးယောက်အား တစ်ချက်ကြည့်လိုက်ပြီး ထန်ကြို့ချွမ်အား

"အဲဒါ ခုတင် ထမ်း သူရဲကောင်းတွေပဲ"



ဟု ပြောလိုက်လေသည်။

ထန်ကြို့ချွမ်က မျက်မှောင်ကုတ်ရင်း ...

"မင်း သိလို့လား"

လုံဆင်ပိသည် သူ၏ဦးခေါင်းကို ညိတ်လိုက်ပြီး ...

"ဒါပေမဲ့ သူတို့ ဘယ်အဖွဲ့ကလဲ ဆိုတာရယ်၊ သူတို့နောက်ကြောင်းကိုတော့ စုံစမ်းလို့မရခဲ့ဘူး"

ထန်ကြို့ချွမ်က ပြုံးရင်း ...

"ကျုပ်ရဲ့ အရက်အိုးကို ကာကွယ်နိုင်တယ်ဆိုကတည်းက သူတို့ရဲ့ သိုင်းပညာအဆင့် မသေးဘူးဆိုတာ လောင်းရဲတယ်"

လုံဆင်ပိသည် ဘာမျှ ပြန်မပြောပါ။

သူသည် ကွေ့ပုတုန်ကိုသာ စိုက်၍ ကြည့်လိုက်သည်။

ကွေ့ပုတုန်သည် လုံးဝလှုပ်ရှားမှု မရှိပါ။ သူသည် ခုတင်ထက်၌ လဲလျောင်းလျက်ပင် ရှိနေလေသည်။

✵

ချောင်ချို့မေ ...

သူသည် ခုတင်ထမ်းသူရဲကောင်း၏ ပထမနေရာရထားသူ

ဖြစ်သည်။

သူ၏မျက်နှာအမူအရာလည်း လျှို့ဝှက်ဟန်ရှိပြီး ဆံပင်ကို ကျစ်ဆံမြီး ကျစ်ထားလေသည်။

ယင်းကျစ်ဆံမြီး၏အဖျားတွင် ကြယ်ပုံသဏ္ဌာန် သံချွန်တပ်ထားလေသည်။

ယို့ကျင်ချန် ...

ခုတင်ထမ်းသူရဲကောင်း၏ဒုတိယနေရာရထားသူ ဖြစ်သည်။

သူ၏ရွှေပရစ်ချွန်းသိုင်းကွက်အား ယှဉ်ပြိုင်နိုင်သူ မရှိသေးချေ။

ဖန်တုလင်း ...

တတိယနေရာရထားသော ခုတင်ထမ်းသူရဲကောင်း ဖြစ်သည်။

ခုတင်ထမ်းသူရဲကောင်း (၄) ယောက်အနက် ဒေါသအကြီးဆုံးဖြစ်ပြီး သူ၏သံလက်ဝါးသိုင်းကွက်ဖြင့် ကျားဖမ်းသည့်အလုပ်ကို လုပ်ကိုင်ခဲ့ဖူးသည်။

စတုတ္ထနေရာရထားသူ လန်ကူးတိန်သည် ကျန်သုံးယောက်ထက် ပို၍ရက်စက်ကြမ်းကြုတ်သူဖြစ်သည်။

လုံဆင်ဗိသည် ကွေ့ပုတုန်ကိုကြည့်နေရာမှ ယင်းအဘိုးအို



သုံးယောက်ကို တစ်ချက်ဝေ့၍ကြည့်လိုက်လေသည်။

အဘိုးအိုများသည် အင်အားချည့်နဲ့နေဟန် ပေါ်၍နေသည်။

သို့သော် ယင်းအဘိုးအိုများကို လုံဆင်ဗိသည် အထင်မသေးရဲပါ။

စတုတ္ထနေရာရထားသော အဘိုးအိုသည်ပင် ထန်ကြို့ချမ်၏ 'ကြယ်ကြွေမြေခံ' သိုင်းကွက်ဖြင့် ပစ်လိုက်သော အရက်အိုးကို ကာကွယ်နိုင်ခဲ့သောကြောင့် ဖြစ်လေသည်။

✵

ကွေ့ပုတုန်သည် ခုတင်ပေါ်၌ လဲလျောင်းနေသည်။

သူသည် အပျင်းတစ်ချက် ဆန့်လိုက်ပြီး လဲလျောင်းရာမှ ထ၍ ထိုင်လိုက်သည်။

ယင်းသို့ထိုင်လိုက်သည်နှင့်တစ်ပြိုင်တည်း လန်ကူးတိန်သည် သူ၏ခန္ဓာကိုယ်ကို တစ်ချက်လှုပ်ရှားလိုက်လေသည်။

သူ၏ခန္ဓာကိုယ်သည် လေ၏လျင်မြန်ခြင်းမျိုးဖြင့် ထန်ကြို့ချမ်ထံသို့ရောက်လာပြီး တစ်ဆက်တည်း လက်ထဲမှဓားဖြင့် ခုတ်ပိုင်းလိုက်လေသည်။

သူ၏လှုပ်ရှားမှုသည် အလွန်မှမြန်ဆန်လှသည်။

တဒင်္ဂအတွင်း၌ပင် ဓားချက် (၅) ချက်ခန့် ခုတ်ပိုင်းပြီး ဖြစ်နေလေသည်။

သို့သော် ထန်ကြို့ချွမ်သည် ယင်းအဘိုးအိုထက် မြန်ဆန်သည်ကို တွေ့ရလေသည်။

ထို့ကြောင့် လန်ကူးတိန်၏ဓားချက်သည် လေကိုသာ ခုတ်ပိုင်းမိလေတော့သည်။

အဝါရောင်ရှိသော လန်ကူးတိန်၏မျက်နှာသည် မည်း၍သွားပြီး နောက်ထပ် ဓားချက်များဖြင့် ဆက်တိုက် တိုက်ခိုက်လိုက်သည်။

မျက်စိတစ်မှိတ်အတွင်း၌ပင် ဓားသိုင်းကွက် (၅) ကွက်သို့ ပြောင်းလဲသွားလေသည်။

ထန်ကြို့ချွမ်သည် သူ၏ခြေကို နောက်သို့ဆုတ်၍ ခန္ဓာကိုယ်ကို ဘယ်ညာယိမ်းပြီး ရှောင်လိုက်သဖြင့် လန်ကူးတိန်၏ဓားချက်များသည် လေထဲ၌သာ အဆုံးသတ်သွားလေတော့သည်။

ထို့နောက် ထန်ကြို့ချွမ်၏ခြေနှင့်လက်တို့သည် ရှုပ်ထွေး၍ သွားလေတော့သည်။ လုံဆင်ဖိသည် ရပ်၍ကြည့်နေသည်။

သူသည် ထန်ကြို့ချွမ်အတွက် မည်သို့မျှ ပူပန်သောက မရောက်ပါ။



အဘယ်ကြောင့်ဆိုသော် ထန်ကြို့ချွမ်၏ခြေလက်များ ရှုပ်ထွေးလိုက်သည်နှင့် တစ်ဖက်ရန်သူသည် ကျဆုံးတတ်သည် မဟုတ်ပါလော။

✹

မိုးအုံ့နေသော်လည်း မိုးမရွာတတ်သော ဟန်ကျူးမြို့၏ ရာသီဥတုသည် ယခုအခါတွင် မိုးဖွဲကလေးများ တဖွဲဖွဲကျလာပြီ ဖြစ်သည်။

ထန်ကြို့ချွမ်နှင့် လန်ကူးတိန်တို့သည် မိုးစက်များကြား၌ တစ်ဦးကိုတစ်ဦး စိုက်၍ကြည့်နေလေသည်။

လန်ကူးတိန်၏ဓားသိုင်းကွက်သည် လေတဲသို့လျင်မြန်ပြီး တိုက်ကွက်တိုင်းကို ထိရောက်သည်။

ထို့ကြောင့်လည်း သူ၏ဓားသိုင်းကွက်ကို ရှောင်နိုင်ခဲ့သူ မရှိသလောက် ရှားသည်မဟုတ်ပါလော။

သို့သော် ...

ယခု သူ၏ဓားချက်များသည် လေထဲ၌သာ ပျောက်ကွယ်ခဲ့ရလေသည်။

ထို့ကြောင့် သူသည် သူ၏ဓားသိုင်းကို ပြောင်း၍ တိုက်ခိုက်လိုက်လေတော့သည်။

ယခု သူ၏ဓားချက်များ နှေးကွေးလှသည်။

သူ၏ဓားသိုင်းကွက်များကို ကြည့်ရသည်မှာ ပျင်းရိပျင်းတွဲနိုင်လှပေသည်။

သို့သော် ထန်ကြို့ချမ်သည် ပထမတစ်ကြိမ်ကထက် ပို၍ ဂရုစိုက်နေရပေသည်။

လန်ကူးတိန်၏ဓားကွက်များသည် နှေးသည်မှန်သော်လည်း မထင်မှတ်သောနေရာများမှ တိုက်ခိုက်လျက်ရှိသောကြောင့် ဖြစ်သည်။

ထိုစဉ် ရုတ်တရက် ထန်ကြို့ချမ်သည် ရှေ့သို့တိုး၍ ဝင်လိုက်ပြီး သူ၏ခြေနှင့်လက်ကို တစ်ပြိုင်တည်း လှုပ်ရှားလိုက်လေသည်။

'ဝုန်း' ဟူသော အသံနှင့်အတူ လန်ကူးတိန်၏ခန္ဓာကိုယ်သည် အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

လန်ကူးတိန်သည် လဲရာမှ ရုတ်တရက်ထလိုက်ပြီး ထန်ကြို့ချမ်ထံ တစ်ဟုန်ထိုးပြေးဝင်လာလေသည်။

သို့သော် သူသည် ထန်ကြို့ချမ်ထံသို့မရောက်မီပင် မျက်လုံးများ မှုန်ဝါး၍သွားပြီး မြေပေါ်သို့ လဲကျသွားလေတော့သည်။



လဲကျသွားသော လန်ကူးတိန်၏ ဦးခေါင်းပေါ်၌ အပေါက်ကလေး (၅) ပေါက် ဖြစ်ပေါ်လာပြီး သွေးများ စို့၍နေလေသည်။

ထန်အမျိုးအနွယ်၏စွန်လက်သည်းကုပ် သိုင်းကွက်သည် သိုင်းလောက၌ ကျော်ကြားသော သိုင်းကွက်ပင် မဟုတ်ပါလော။

✵

ထန်ရိ ... ထန်ဂေဟာ၏လူယုံတော်ဖြစ်သည်။

ဟန်ကျူးမြို့ရှိ ထန်ဂေဟာတွင် အရှေ့ဆောင်နှင့် အနောက်ဆောင်ဟူ၍ရှိသည်။

ထန်ကြို့ချမ်နှင့်ထန်ကျို့ချင်းတို့သည် အရှေ့ဆောင်တွင် နေထိုင်ပြီး ထန်အဘိုးအိုသည် အနောက်ဆောင်တွင် နေထိုင်သည်။

ထန်ရိသည် အရှေ့ဆောင်ကို ကွပ်ကဲသူဖြစ်သော်လည်း ထန်ဂေဟာတစ်ခုလုံး၏အာဏာသည် ထန်အဘိုးအိုနှင့်ထန်ကြို့ချမ်လက်၌သာ ရှိပေသည်။

ထန်ရိသည် ထန်ဂေဟာ၏လူယုံတော်ဖြစ်သည့်အပြင် ထန်ကြို့ချမ်နှင့် အရက်သောက်ဖော်သောက်ဖက်လည်း ဖြစ်ပေသည်။

ယခု ထန်ကြို့ချွမ်က အရက်ယူရန် လှမ်း၍အော်လိုက်သည်နှင့် ထန်ရိသည် တဒင်္ဂအတွင်း၌ပင် အရက်အိုးနှင့်အတူ ရောက်လာလေသည်။

ထန်ကြို့ချွမ်သည် ထန်ရိလက်ထဲမှ အရက်အိုးကိုယူ၍ မော့ချလိုက်လေသည်။

ထိုစဉ် ရုတ်တရက် ကွေ့ပုတုန်သည် အားပါးတရ ရယ်မောလိုက်လေတော့သည်။

✲

ကွေ့ပုတုန်သည် တဟားဟားဖြင့် ရယ်မောနေသည်။

ထို့နောက် သူသည် ခုတင်ပေါ် ပြန်၍လှဲအိပ်လိုက်ရင်း...

"အင်း ... ထန်ကြို့ချွမ်ဟာ အရက်သိပ်သောက်ပါလား"

ထန်ကြို့ချွမ်သည် သူ၏ မျက်ခုံးမွေးများကို ပင့်တင်လိုက်ပြီး ...

"ဘာလဲ ... ခင်ဗျားကော သောက်ချင်သေးလို့လား"

ကွေ့ပုတုန်က သူ၏ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်ရင်း ...



"အရက်ဟာ လူကို ဒုက္ခပေးစေတတ်တဲ့အရာပဲ"

ထန်ကြို့ချွမ်က ပြုံးရင်း ...

"ဘာလဲ ... ကျုပ်က အရက်မူးပြီး ခင်ဗျားရဲ့ခေါင်းကို မဖြတ်နိုင်မှာစိုးလို့လား"

ကွေ့ပုတုန်က ကောက်ကျစ်စွာ ပြုံးလိုက်ပြီး ...

"ကျုပ်က ဆေးဆရာဆိုတော့ မင်းသာ ဒီအတိုင်း အရက်သောက်နေရင် အနေးနဲ့အမြန်ဆိုသလို အရက်ဆိပ်ကြောင့် သေမှာစိုးလို့ပါ"

ထန်ကြို့ချွမ်က ဦးခေါင်းတစ်ချက် ညိတ်လိုက်ပြီး လဲကျသေဆုံးနေသော လန်ကူးတိန်ကို လက်ညှိုးဖြင့် ညွှန်ပြရင်း ...

"သူကော အရက်သောက်သလား"

ကွေ့ပုတုန်က ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်ပြီး

"သူက အရက်နံ့တောင် ခံလို့မရတဲ့လူစားပဲ"

ထန်ကြို့ချွမ်က ပြုံးလိုက်ပြီး ...

"ဒါပေမဲ့ သူသေသွားပြီ"

ကွေ့ပုတုန်က ဘာမျှ ပြန်မပြောတော့ပါ။

သို့သော် သူ့မျက်ဝန်းအစုံကမူ ပကတိအေးစက်၍နေလေသည်။

ထန်ကြို့ချွမ်သည် တဟားဟား ရယ်မောလိုက်ပြီး ...

"ဒီမှာ ... ကျူပ် အရက်ကြောင့် သေမှာကို တွေးပြီး ပူနေမယ့်အစား ခင်ဗျား ခုတင်ကို သုံးယောက်တည်းနဲ့ ဘယ်လိုထမ်းမလဲဆိုတာကို တွေးပူဖို့ကောင်းတယ်"

ကွေ့ပုတုန်သည် သက်ပြင်းတစ်ချက် ချလိုက်ပြီး လုံဆင်ပိအား လှမ်း၍ကြည့်လိုက်သည်။ ပြီးမှ ...

"မင်းက အသက်ဝယ်ဖို့ စိတ်မကူးတော့ဘူးလား"

"လုံဆင်ပိက ပြုံးလိုက်ပြီး"

"ဝယ်ဖို့တော့ စိတ်မကူးဘူး၊ ဒါပေမဲ့"

ကွေ့ပုတုန်သည် မျက်မှောင်တစ်ချက် ကုတ်လိုက်ပြီး ...

"ဒါပေမဲ့ ဘာဖြစ်လဲ"

လုံဆင်ပိသည် ပြုံးလျက် ...

"ဓားပြတိုက်ယူဖို့တော့ စိတ်ကူးတယ်"

ကွေ့ပုတုန်သည် ထန်ကြို့ချွမ်အား တစ်ချက် လှမ်းကြည့်လိုက်သည်။

ပြီးမှ လုံဆင်ပိအား ...

"ဓားပြတိုက်ယူဖို့ စိတ်မကူးခင် ထန်ကြို့ချွမ်ကို အဆိပ်ဖြေပေးလိုက်ပါဦး"

လုံဆင်ပိ၏မျက်နှာသည် ကွက်ခနဲ တစ်ချက်ပျက်သွားပြီး ထန်ကြို့ချွမ်အား လှမ်း၍ကြည့်လိုက်လေသည်။



ထန်ကြို့ချွမ်၏မျက်နှာသည် တဖြည်းဖြည်း အညိုရောင်သို့ ပြောင်းလဲလာသည်ကို တွေ့လိုက်ရလေတော့သည်။

✵

ထန်ကြို့ချွမ်သည် တည်ငြိမ်စွာ ရပ်၍နေသည်။

သူ၏မျက်လုံးများသည် တဖြည်းဖြည်း မှုန်ဝါး၍လာလေသည်။

သူသည် ရုတ်တရက် နောက်သို့လှည့်လိုက်ပြီး ထန်ရှိအား ကြည့်လိုက်သည်။

ထန်ရှိသည် သူ့အား ပြုံး၍ကြည့်နေလေသည်။

လုံဆင်ပိသည် မျက်မှောင်ကုတ်၍ တစ်ချက်စဉ်းစားလိုက်ပြီး သူ၏ဓားကိုဆွဲကာ ထန်ရှိအား ခုတ်ပိုင်းလိုက်လေသည်။

သို့သော် သူ၏ဓားသည် လမ်းခုလတ်၌ ရပ်တန့်သွားလေတော့သည်။

အဘယ်ကြောင့်ဆိုသော် ထန်ကြို့ချွမ်သည် သူ့အား လှမ်း၍တားထားလိုက်သည် မဟုတ်ပါလော။

ထန် ကြို့ချွမ်သည် လုံဆင်ပိအား အချိန်မီတားဆီးလိုက်ပြီး

ထန်ရိထံ တစ်လှမ်းချင်း လျှောက်လာလေသည်။

ထန်ရိသည် နောက်သို့ တစ်လှမ်းချင်းဆုတ်၍သွားလေသည်။

ခဏကြာသော် ထန်ရိဆုတ်ရန် နေရာမရှိတော့ပေ။

သူ၏ကျောသည် နံရံနှင့်ထိကပ်နေပြီ မဟုတ်ပါလော။

ထို့ကြောင့် သူသည် ဆုံးဖြတ်ချက်တစ်ခုချလိုက်ပြီး ထန်ကြို့ချွမ်အား စတင်တိုက်ခိုက်လေတော့သည်။

ထန်ရိ၏တိုက်ခိုက်လိုက်သော သိုင်းကွက်ကိုမြင်သည်နှင့် ထန်ကြို့ချွမ်သည် မျက်မှောင်တစ်ချက် ကုတ်လိုက်မိလေသည်။

ထန်ရိ၏သိုင်းကွက်ကို ထန်ကြို့ချွမ် မြင်ဖူးသည်။

ယခု ထန်ရိ၏သိုင်းကွက်သည် ထန်ကြို့ချွမ် မမြင်ဖူးသော သိုင်းကွက်များဖြစ်နေသည် မဟုတ်ပါလော။

ထန်ကြို့ချွမ်သည် သူ၏ခန္ဓာကိုယ်ကို ဘယ်ညာတိမ်းလိုက်ပြီး ထန်ရိ၏လက်ကို ဖမ်း၍ဆုပ်ထားလိုက်လေသည်။

ထန်အမျိုးအနွယ်တို့၏ဖမ်းဆုပ်ခြင်းခံရသူတိုင်း လွတ်ထွက်သွားခြင်း မရှိခဲ့ဖူးပါ။

ယခု ထန်ကြို့ချွမ်သည် ထန်ရိ၏လက်အား ဖမ်းဆုပ်မိသော်လည်း ထန်ရိသည် ရုန်းထွက်လွတ်မြောက်သွားခဲ့သည်။

သို့သော် ... ထန်ရိ၏လက်သည် လက်ကောက်ဝတ်မှ



သွင်သွင်ကျိုးသွားလေတော့သည်။

✵

မိုးသည် တဖြည်းဖြည်း သည်းလာသည်။

ထန်ကြို့ချွမ်သည် ထန်ရိအား စိုက်၍ကြည့်နေသည်။

သူ၏အမြင်တွင် ထန်ရိသည် တဖြည်းဖြည်း မှုန်၍သွားလေသည်။

လုံဆင်ပိသည် ထန်ကြို့ချွမ်အား စိုက်ကြည့်လိုက်သည်။

ထန်ကြို့ချွမ်၏မျက်နှာသည် ပို၍ညို့မည်းလာသည်ဟု ထင်ရသည်။

သူ၏လက်ဝါးတွင် ချွေးစေးများ ထွက်နေသည်။

ထို့ကြောင့် ထန်ကြို့ချွမ်သည် အတွင်းအားဖြင့် အဆိပ်ကို တားနေမှန်း လုံဆင်ပိ သိလိုက်လေသည်။

သူသည် ထန်ကြို့ချွမ် အနားသို့ကပ်လိုက်ပြီး 'ဖိရှက်လိန်ကြည် ဆေးလုံးကိုမျိုချလိုက်' ဟု တီးတိုးပြောလိုက်လေသည်။

ဖိရှက်လိန်ကြည်ဆေးလုံးသည် စီးကျိုထုံး၏အဆိပ်ဖြေဆေးလုံး ဖြစ်သည်။

စီးကျိုထုံးက သူတို့အတွက် အထူးဖော်စပ်ပေးထားသော အဆိပ်ဖြေဆေးပင် ဖြစ်ပါသည်။

ယခင်ကလည်း ထန်ကြို့ချမ် အဆိပ်တစ်ခါမိခဲ့ဖူးသည်။

ထိုစဉ်အခါ ယင်းစီးကျိုထုံး၏ အဆိပ်ဖြေဆေးဖြင့် ပျောက်ခဲ့ဖူးသည် မဟုတ်ပါလော။

ဤသို့ဆိုလျှင် ယခု အဆိပ်ကို ယင်းဆေးလုံးက ဖြေနိုင်စွမ်း ရှိပါမည်လော။

မည်သို့ပင် ဆိုပါစေ ထန်ကြို့ချမ်သည် သူ၏အင်္ကျီကြားမှ အဆိပ်ဖြေဆေးလုံး (၂) လုံးကို ယူ၍ မျိုချလိုက်လေတော့သည်။

✲

ကွေ့ပုတုန်သည် ခုတင်ပေါ်၌ လဲလျောင်းနေဆဲ ဖြစ်သည်။

မိုးတဖြည်းဖြည်း သည်း၍လာသည့်တိုင်အောင် သူသည် ခုတင်ပေါ်၌ လဲလျောင်းနေဆဲ ဖြစ်သည်။

သူသည် လုံဆင်ဝိအား မထေ့တထေ့ကလေး ပြုံးပြလိုက်ပြီး ...

"အင်း ... လူတစ်ယောက်ရဲ့အသက်ကို ကယ်ချင်ရင် အဲဒီလူ



ဘာအဆိပ်မိတယ်ဆိုတာ သိမှဖြစ်မှာ"

လုံဆင်ဝိသည် ကွေ့ပုတုန်အား တစ်ချက်ကြည့်လိုက်ပြီး

"ခင်ဗျားက ဆေးဆရာဆိုတော့ ထန်ကြို့ချမ် ဘာအဆိပ်မိတယ်ဆိုတာ သိမှာပေါ့"

ကွေ့ပုတုန်က သူ၏မျက်ခုံးမွေးကို ပင့်တင်ရင်း ...

"ကျုပ်က အရက်အိုးယူလာတာ မဟုတ်တော့ မသိဘူး"

ထန်ကြို့ချမ်သည် အံကိုတစ်ချက်ကြိတ်လိုက်ပြီး ထန်ရှိအား

"မင်း အရက်ထဲမှာ ဘာအဆိပ်ထည့်ထားသလဲ"

ထန်ရှိသည် မထေ့တထေ့ကလေး ပြုံးလိုက်ပြီး သူ၏အင်္ကျီထဲမှ ဆေးလုံးကလေးတစ်လုံးကို ထုတ်ယူလိုက်လေသည်။

ထို့နောက် သူ၏ပါးစပ်ထဲသို့ ပစ်သွင်းပြီး မျိုချလိုက်လေသည်။

ပြီးမှ ထန်ရှိသည် တဟားဟားဖြင့် အော်ဟစ်ရယ်မောလေသည်။

သို့သော် သူ၏ရယ်မောသံသည် ရုတ်တရက်ရပ်တန့်သွားပြီး သူ၏ခန္ဓာကိုယ်သည်လည်း မြေပေါ်သို့ အရုပ်ကြိုးပြတ်သကဲ့သို့ လဲကျသွားလေတော့သည်။

လုံဆင်ဝိသည် ထန်ရှိအား တစ်ချက်ကြည့်လိုက်ပြီး ...

"အင်း ... ကောင်းလိုက်တဲ့ အဆိပ်ပဲ"

သူသည် ယင်းသို့ပြောလိုက်ပြီး ထန်ကြို့ချမ်ဘက်သို့ လှည့်ကာ ...

"အင်း ... မင်းသောက်တဲ့အရက်ထဲမှာ ဒီလိုအဆိပ်မျိုး မပါပါစေနဲ့လို့ ဆုတောင်းရမှာပဲ"

သူ၏ဆုတောင်းသည် ပြည့်နိုင်ပါမည်လော။

မည်သို့ပင်ဖြစ်ပါစေ ထန်ကြို့ချမ်သည် အဆိပ်၏ဒဏ်ကို ခုခံထားနိုင်စွမ်းရှိနေသဖြင့် လုဆင်ပိ ဝမ်းသာမိသည် မဟုတ်ပါလော။

✵

ထန်ရိသည် မြေပေါ်တွင် လဲကျသေဆုံးနေသည်။

လုံဆင်ပိသည် ထန်ရိထံသို့ လျှောက်၍သွားလိုက်ပြီး ထန်ရိ၏မျက်နှာတုအား ဆွဲ၍ချွတ်လိုက်လေသည်။

လူတစ်ယောက်၏မျက်နှာ ပေါ်၍လာသည်။

သို့သော် ထိုလူကို လုံဆင်ပိ မသိပါ။

ထန်ကြို့ချမ်သည် ထိုလူ၏မျက်နှာကို တစ်ချက်လှမ်း၍ ကြည့်လိုက်ပြီး သူ၏ဦးခေါင်းကို ခါယမ်းပြလိုက်လေသည်။



ဤလူသည် ထန်ရိယောင်ဆောင်ထားသော လူစိမ်းတစ်ယောက်ပင် ဖြစ်သည်။

ဤသို့ဆိုလျှင် ထန်ရိ ဘယ်ရောက်နေသနည်း။

ယင်းမေးခွန်းသည် လုံဆင်ပိ၏ဦးခေါင်းထဲသို့ ဝင်ရောက်လာလေသည်။

ဤသို့ဝင်ရောက်လာသည်နှင့် တစ်ပြိုင်တည်း လုံဆင်ပိ၏ ကျောသည် အေးစိမ့်၍ လာလေတော့သည်။

ထန်ကြို့ချမ်သည် ခဏမျှ ငြိမ်သက်နေပြီးနောက် ရုတ်တရက် 'ထန်ရိ' ဟု အော်ဟစ်လိုက်ပြီး အရှေ့ဆောင်သို့ ပြေးထွက်သွားလေသည်။ ထန်ရိ ...

သူသည် အရှေ့ဆောင်၏ဧည့်ခန်းထဲရှိကုလားထိုင်ပေါ်တွင် ထိုင်နေသည်။

သူသည် သူ့ရှေ့၌ရပ်နေသော ထန်ကြို့ချမ်ကို မျက်လုံးပြူး၍ ကြည့်နေသည်။ သို့သော် ...

သူသည် ထန်ကြို့ချမ်အား မြင်နိုင်မည် မဟုတ်ပါ။

သေနေသောလူတစ်ယောက်သည် အဘယ်မှာ မြင်နိုင်ပါမည်နည်း။

ထန်ကြို့ချမ်သည် ထန်ရိ၏မျက်လုံးအား ပိတ်၍ ပေးလိုက်သည်။

ထို့နောက် သူသည် ဖရိုဖရဲဖြစ်နေသော အခန်းအား တစ်ချက်ဝေ့၍ကြည့်လိုက်လေသည်။

လဲပြိုနေသော ပရိဘောဂများ၏ကြား၌ ထန်ဂေဟာ၏သိုင်းသမားများ သေဆုံးနေလေသည်။

ထန်ကြို့ချမ်၏မျက်နှာပေါ်တွင် ဝမ်းနည်းသည့် အရိပ်အယောင်များ ပေါ်လွင်လာလေသည်။

သူသည် ထန်ရိအား ကြေကွဲသောမျက်လုံးများဖြင့် ကြည့်ရင်း သူ၏လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်လေသည်။

ထိုစဉ် လူတစ်ယောက်၏ညည်းတွားသံကို ကြားလိုက်ရလေသည်။

ယင်းအသံသည် ထန်ကျို့ချင်း၏အဆောင်သို့ သွားရာလမ်းမှ ပေါ်ထွက်လာခြင်း ဖြစ်လေသည်။

ထို့ကြောင့် ... ထန်ကြို့ချမ်၏ဦးခေါင်းသည် နှစ်ဆခန့်ကြီးမား၍သွားလေတော့သည် မဟုတ်ပါလား။

✲

ထန်ဂေဟာ၏အရှေ့ဆောင်တွင် သီးသန့်အဆောင်နှစ်ခု



တွဲ၍ထားသည်။

အရှေ့ဆောင်၏လက်ယာဘက်တွင် ထန်ကြို့ချမ် နေသော အဆောင်ရှိပြီး လက်ဝဲဘက်တွင် ထန်ကြို့ချင်းနေသော အဆောင်ရှိလေသည်။

ယင်းအဆောင်များကို လူသွားစင်္ကြံများဖြင့် ဆက်သွယ်ထားပြီး အလယ်တွင် ပန်းမန်မျိုးစုံရှိသော ပန်းဥယျာဉ်တစ်ခု ရှိသည်။

ထန်ကြို့ချမ်သည် ထန်ကြို့ချင်း၏ အဆောင်ဘက်သို့ ကူးသွားလေသည်။

ထန်ကြို့ချင်း၏အဆောင်သို့မရောက်မီ လူသွားလမ်းပေါ်၌ မိန်းကလေးတစ်ယောက် လဲနေသည်ကို တွေ့လိုက်ရလေသည်။

သူကြားရသော ညည်းတွားသံသည် ထိုမိန်းကလေးထံမှ ထွက်ပေါ်လာခြင်း ဖြစ်ပေသည်။ သူသည် ယင်းမိန်းကလေးထံ ပြေး၍သွားပြီး ...

"ပိန်းမေ ပိန်းမေ ... သခင်မလေး ဘယ်မှာလဲ"

မိန်းကလေး၏ခန္ဓာကိုယ်တစ်ခုလုံးသည် သွေးများ ပေကျံ၍နေပြီး သူမ၏ရင်ဝ၌ ဓားမြှောင်တစ်ချောင်း စိုက်၍နေလေသည်။

သူမ၏မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

သူမသည် ဖျော့တော့သောမျက်လုံးများဖြင့် ထန်ကြို့ချမ်အား ကြည့်လိုက်ပြီး ...

"သ ... သခင်လေး ကျွန်မကို ထူ ... ထူပေးပါ"

ထန်ကြို့ချမ်သည် တုံ့ဆိုင်းခြင်းမရှိဘဲ သူမကို ထူမ,ပေးရန် ငုံ့လိုက်လေသည်။

သို့သော် သူသည် သူမကို ထူမပေးမည့်အစား သူမ၏ခန္ဓာကိုယ်ပေါ်မှ အကြော (၇) နေရာကို ရုတ်တရက် သူ၏လက်ညှိုးများဖြင့် ပိတ်လိုက်သည်။

ပြီးမှ သူမ၏ပါးအား တစ်ချက်ရိုက်လိုက်ပြီး ...

"ပိန်းမေဟာ အ,အကွ ... သိရဲ့လား"

✵

ထန်ကြို့ချမ်သည် မိန်းကလေးအား စိုက်၍ကြည့်လိုက်သည်။ သူ၏မျက်လုံးများသည် အေးစက်၍ မာကျောနေလေသည်။

သူသည် မိန်းကလေးအား ...

"မင်း ဘယ်သူလဲ"

မိန်းကလေး၏ ခန္ဓာကိုယ်တစ်ခုလုံးသည် ထန်ကြို့ချမ်၏ အကြောပိတ်ပညာကြောင့် လှုပ်ရှား၍မရပါ။

ထန်ကြို့ချမ်သည် လက်ညှိုးဖြင့် မိန်းကလေး၏ အကြော



ဟစ်နေရာအား ဖွင့်ပေးလိုက်လေသည်။ ပြီးမှ ...

"မင်း ဘယ်သူလဲ"

မိန်းကလေးသည် ဘာမျှ ပြန်မပြောပါ။

ထန်ကြို့ချမ်သည် မိန်းကလေး၏ရင်ဝ၌ ဟန်ဆောင်ထိုးစိုက်ထားသော ဓားမြှောင်အား ဆွဲနုတ်လိုက်ပြီး ...

"ဒီတစ်ခါ မင်းမပြောရင် အသက်သေရလိမ့်မယ်"

မိန်းကလေးသည် ဘာမျှမပြောပါ။

သူမသည် ထန်ကြို့ချမ်အား ပြန်၍ကြည့်နေလေသည်။

ထန်ကြို့ချမ်သည် စိတ်မရှည်တော့ဘဲ သူမ၏ပါးပြင်အား တစ်ချက်ရိုက်လိုက်ပြီး ... 'မင်း ဘယ်သူလဲ' ဟု ထပ်မံမေးလိုက်ပြန်သည်။

မိန်းကလေးသည် မဖြေပါ။ သူမသည် အံကိုတင်းတင်း ကြိတ်လိုက်သည်။

ထန်ကြို့ချမ်သည် မိန်းကလေးအား အေးစက်သော အကြည့်ဖြင့် စိုက်၍ကြည့်လိုက်ပြီး ...

"ကျုပ် နောက်ဆုံးမေးမယ် ... မင်း ဘယ်သူလဲ"

"ကျွန့်ဗွားချီးနယ်ရဲ့ နတ်သမီး (၁၂) ယောက်ထဲက ကျင်းဖေ့ဖေ့ပဲ"

မိန်းကလေးက ဖြေလိုက်ခြင်း မဟုတ်ပါ။

ယင်းအသံသည် ထန်ကြို့ချွမ်း၏နောက်ကျောဘက်မှ ပေါ်ထွက်လာခြင်း ဖြစ်ပါသည်။

ထန်ကြို့ချွမ်သည် ရုတ်တရက် သူ၏ခန္ဓာကိုယ်အား နောက်သို့လှည့်၍ကြည့်လိုက်လေသည်။

လူတစ်ယောက်သည် သူ့ထံသို့ တစ်လှမ်းချင်း လျှောက်၍ လာနေလေသည်။

ထန်ကြို့ချွမ်သည် ထိုလူအား စိုက်၍ကြည့်ရင်း ...

"မင်း ဘယ်သူလဲ"

ထိုလူသည် ဘာမျှ ပြန်မပြောပါ။

သူသည် ထန်ကြို့ချွမ်နှင့် မလှမ်းမကမ်း၌ ရပ်လိုက်လေသည်။ ထို့နောက် ထိုလူသည် သူ၏ခါးမှဓားအား ဆွဲထုတ်လိုက်လေသည်။

သူ၏ဓားသည် ငွေရောင်အဆင်းရှိပြီး ဓားပေါ်၌ ဝံပုလွေတစ်ကောင်၏ပုံ ရေးထိုးထားလေသည်။

✵

မိုးသည် ပို၍သည်းလာသည်။



ကွေ့ပုတုန်သည် သူ၏မျက်ခုံးမွေးအား ပင့်၍တင်လိုက်ရင်း

"အင်း ... ဒီမိုးက ညနေစောင်းအထိ ရွာမယ်ထင်တယ်"

ဟု ညည်းညူလိုက်သည်။ လုံဆင်ဝိသည် ကွေ့ပုတုန်အား တစ်ချက်ကြည့်လိုက်ပြီး ...

"ဟုတ်တယ် ... မင်းရဲ့ခုတင်ကို မိုးမိရင် နှမြောစရာကြီး"

ကွေ့ပုတုန်က ပြုံးလိုက်ပြီး ...

"မင်းပြောတာ မှန်တယ်၊ ကျုပ် နေရာရွှေ့ရလိမ့်မယ်"

ကွေ့ပုတုန်က ယင်းသို့ပြောလိုက်သည်နှင့် တစ်ပြိုင်တည်း ခုတင်ထမ်းသူရဲကောင်း သုံးယောက်သည် ခုတင်ကို ထမ်းလိုက်လေသည်။ လေးယောက်ထမ်းသော ခုတင်သည် ယခု သုံးယောက်ထမ်းသော်လည်း လေးလံဟန်မပေါ်ချေ။

လုံဆင်ဝိသည် သူတို့အား တစ်ချက်ကြည့်လိုက်ပြီး ...

"ခုတင်ဆိုတာ (၄) ယောက်ထမ်းမှ ကောင်းမယ်ထင်တယ်"

ကွေ့ပုတုန်သည် မြေပေါ်၌ လဲကျသေဆုံးနေသော လန်ကူးတိန်အား တစ်ချက်ကြည့်လိုက်ပြီး လုံဆင်ဝိအား လှမ်း၍ ...

"ဟုတ်တယ် ... မင်းပြောတာ မှန်တယ်"

သူသည် ယင်းသို့ပြောလိုက်ပြီး ခုတင်ပေါ်မှ ဆင်းလိုက်သည်။ ထို့နောက် သူ၏ ခုတင်ထမ်းသူရဲကောင်း သုံးယောက်အား

"ကဲ … လန်ကူးတိန်ကို ခုတင်ပေါ်တင်လိုက်"

ဟု အမိန့်ပေးလိုက်သည်။

ခုတင်ထမ်းသူ့ရဲကောင်း ပထမနေရာရထားသူ ချောင်ချဲ့မေသည် အံ့ဩဟန်ဖြင့် ကွေ့ပုတုန်အား ပြန်၍ ကြည့်လိုက်လေသည်။

ကွေ့ပုတုန်သည် ကြမ်းတမ်းစွာ တစ်ချက်ကြိမ်းမောင်းလိုက်ပြီး …

"ဘာငိုင်နေတာလဲ … သူ့ကို ခုတင်ပေါ်တင်လိုက်"

ချောင်ချဲ့မေသည် ဘာမျှ ပြန်၍မပြောတော့ဘဲ လန်ကူးတိန်၏အလောင်းကို ခုတင်ပေါ်သို့ တင်လိုက်လေသည်။

ထို့နောက် ကွေ့ပုတုန်သည် ခုတင်ထမ်းသူ့ရဲကောင်း သုံးဦးနှင့်အတူ ခုတင်အား ဝင်၍ ထမ်းလိုက်လေသည်။

ထို့နောက် သူသည် လုံဆင်ဗိဘက် လှည့်၍ ပြုံးပြလိုက်ပြီး…

"အသက်ရှင်ဆေးတိုက်ပိုင်ရှင်ဟာ ဘယ်လောက်ရက်ရောတယ်ဆိုတာ ပြရဦးမယ်"

လုံဆင်ဗိသည် တစ်ချက်ရယ်လိုက်ပြီး …

"အသက်ရှင်ဆေးတိုက်ပိုင်ရှင်ဟာ ဘယ်လောက် ရက်ရောတယ်ဆိုတာတော့ မသိဘူး၊ ဒါပေမဲ့ မသာခုတင်ထမ်းတတ်တယ်ဆိုတာတော့ သိတယ်"



ကွေ့ပုတုန်သည် မထွေ့တထွေ့ကလေး ရယ်မောရင်း …

"မသာခုတင်ထမ်းတယ်ဆိုတာ အခွင့်ကြုံမှ ထမ်းရတာ၊ ဒီလိုပဲ လက်ဆောင်ပေးတယ်ဆိုတာလည်း အခွင့်ကြုံမှပေးရတာ"

လုံဆင်ဗိက ပြုံးရင်း …

"အဆိပ်ခတ်ထားတဲ့ အရက်အိုးကို လက်ဆောင်ပေးဦးမလို့လား"

ကွေ့ပုတုန်က သူ၏ခေါင်းကို ခါယမ်းလိုက်ပြီး …

"မဟုတ်ပါဘူး၊ ကျုပ်က ကျန့်နမ်းနယ်ရဲ သိုင်းသမား (၆) ယောက်ကို လက်ဆောင်ပေးခဲ့မလို့ပါ"

ကွေ့ပုတုန်သည် ယင်းသို့ ပြောလိုက်ပြီးနောက် ထန်ဂေဟာမှ ထွက်ခွာသွားလေတော့သည်။

သို့သော် သူတို့အား ထန်ဂေဟာမှ မထွက်ခွာနိုင်ရန် ဓားတစ်လက်က တားဆီးထားလိုက်လေသည်။

✵

ကွေ့ပုတုန်၏ခြေလှမ်းများ ရပ်တန့်၍သွားလေသည်။

ထို့ကြောင့် ခုတင်ထမ်းသူရဲကောင်းသုံးဦး၏ခြေလှမ်းများလည်း ရပ်တန့်၍သွားသည်။

ကွေ့ပုတုန်သည် အံ့ဩဟန်ဖြင့် သူတို့အား တားဆီးလိုက်သော ဓားပိုင်ရှင်အား ကြည့်လိုက်ပြီး ...

"ဘယ်လိုလဲ လုံဆင်ပိ ... ကျုပ်ခုတင် မိုးမိရင် အတော်မှပဲ နမြောစရာ ကောင်းလိမ့်မယ်"

လုံဆင်ပိသည် သူ၏ပခုံးကို တွန့်၍ပြလိုက်ပြီး ...

"လက်ဆောင်ပေးတဲ့ပစ္စည်းဟာ မပုပ်သိုးနေမှ တန်ဖိုးရှိမှာပေါ့"

ကွေ့ပုတုန်သည် မထေ့တထေ့ကလေး ပြုံးလိုက်ပြီး ...

"ခင်ဗျားလက်ထဲရောက်မှ ပုပ်သိုးကုန်ရင်တော့ ကျုပ်လည်း မတတ်နိုင်ဘူး"

လုံဆင်ပိက ပြုံးလိုက်ရင်း ...

"ဒါကြောင့် ကျုပ်ကလည်း ခင်ဗျားကို ထပ်ပြီး အလှူခံမလို့ တားလိုက်ရတာပါ"

ကွေ့ပုလုန်သည် မပွင့်တပွင့်လေး ရယ်မောလိုက်ပြီး ...

"အင်း ... လှူတယ်ဆိုတာလည်း လှူချင်တိုင်း လှူလို့မရဘူး၊ အခွင့်ကြုံမှ လှူရတာ"

လုံဆင်ပိသည် သူ၏ဦးခေါင်းကို တစ်ချက်ညိတ်လိုက်ပြီး...



"ဟုတ်တယ် ... အလှူခံပုဂ္ဂိုလ်ရှိမှ လှူလို့ရတာ"

ကွေ့ပုတုန်က သူ၏ ဦးခေါင်းကို တဆတ်ဆတ်ညိတ်ရင်း-

"ကဲ ... ခင်ဗျား ဘာအလှူခံမလို့လဲ"

လုံဆင်ပိသည် ကျန့်နမ်းနယ်၏ သိုင်းသမား (၆) ယောက်အား ညွှန်ပြလိုက်ပြီး ...

"သူတို့အတွက် ဖြေဆေးလှူခဲ့ပါ"

ကွေ့ပုတုန်သည် တဟားဟား ရယ်မောလိုက်ပြီး ...

"အသက်ရှင်ဆေးတိုက်ပိုင်ရှင်ဟာ လက်ပေါက်မကတတ်ကြောင်းလည်း ပြရတာပေါ့၊ ဒါပေမဲ့"

လုံဆင်ပိသည် မျက်မှောင်တစ်ချက် ကုတ်လိုက်ပြီး ...

"ဒါပေမဲ့ ဘာဖြစ်လဲ"

ကွေ့ပုတုန်သည် ယမ်းထားသော ခုတင်ကို ပြန်၍ချရန် သူ၏ခုတင်ထမ်းသူရဲကောင်းများအား မျက်ရိပ်ပြလိုက်သည်။

သူတို့သည် ခုတင်အား ဖြည်းညင်းစွာ မြေပေါ်သို့ ချလိုက်သည်။

ထို့နောက် ကွေ့ပုတုန်သည် ခုတင်ကို လက်ညှိုးညွှန်ပြလိုက်ရင်း ...

"ဖြေဆေးက အဲဒီမှာရှိတယ်၊ ခင်ဗျားဘာသာ ခင်ဗျားယူ"

သူသည် ယင်းသို့ပြောလိုက်ပြီး ခုတင်ပေါ်မှ မွေ့ရာအား

ဖယ်ရှားလိုက်လေသည်။

ခုတင်ပေါ်မှ မွေ့ရာအား ဖယ်ရှားလိုက်သည်နှင့် တစ်ပြိုင်တည်း ...

"အင်း ... အိပ်ရတာ ဇိမ်မရှိပါလားကွာ" ဟူသော အသံပေါ်ထွက်လာလေတော့သည်။

✵

ကွေ့ပုတုန်၏အရပ်သည် ပုသည်။

အလွန်ဆုံးရှိမှ (၄)ပေခွဲ ခန့်သာရှိသည်။ ယခု ခုတင်ပေါ်၌ အိပ်နေသော သူ၏အရပ်သည် ပို၍ပုသည်။

ထိုလူ၏အရပ်သည် သုံးပေခွဲထက် ပိုမည်မဟုတ်ပါ။

ထိုလူသည် အပျင်းတစ်ချက် ဆန့်လိုက်ရင်း ...

"ကျုပ်အိပ်နေတုန်း နှောင့်ယှက်ရင် အင်မတန်မှပဲ စိတ်ဆိုးတတ်တယ်"

ဟုပြောပြီး ခုတင်ပေါ်မှ ဆင်းလိုက်လေသည်။

လုံဆင်ပိသည် ထိုလူအား ပြုံး၍ပြလိုက်ရင်း

"ကျုပ်က နှောင့်ယှက်တာ မဟုတ်ပါဘူး။ သူက နှောင့်ယှက်



တာပါ"

ဟု ပြောပြီး ကွေ့ပုတုန်အား ညွှန်ပြလိုက်သည်။ ကွေ့ပုတုန်သည် သူ၏လက်ကို ခါယမ်း၍ပြရင်း ...

"သူက အဆိပ်ဖြေဆေး လိုချင်တယ် ဆိုလို့ပါ"

အရပ်သုံးပေခွဲသာရှိသော အဘိုးအိုက ကွေ့ပုတုန်အား တစ်ချက်စိုက်ကြည့်လိုက်ပြီး ...

"လိုချင်ရင် ပေးလိုက်ပေါ့၊ ဘာလို့ ကျုပ်ကို နှောင့်ယှက်ရတာလဲ"

ကွေ့ပုတုန်သည် သူ၏ဦးခေါင်းကို ငုံ့လိုက်ပြီး ...

"အဆိပ်ဖြေဆေးကို ဆရာကြီးဆီမှာ အပ်ထားလို့ အခုလို ဆရာကြီးကို နိူးရတာပါ"

အရပ်သုံးပေခွဲသာရှိသော အဘိုးအိုသည် ပြုံးလိုက်ပြီး ...

"သြော် ဟုတ်သားပဲ"

ဟု ပြောလိုက်ပြီး သူ၏အင်္ကျီရင်ဘတ်ကြားထဲမှ ပုလင်းငယ်တစ်လုံး ထုတ်ယူလိုက်လေသည်။ ပြီးမှ သူသည် လုံဆင်ပိအား အေးစက်စွာ တစ်ချက်စိုက် ကြည့်လိုက်ပြီး ...

"ကျုပ် ဖြေဆေးကိုပေးလိုက်မယ် ... ဒါပေမဲ့"

လုံဆင်ပိသည် ထိုအဘိုးအို၏ လက်ထဲမှ ပုလင်းအား တစ်ချက်ကြည့်လိုက်ပြီး ...

"ပြောပါ"

ထိုအဘိုးအိုသည် သူ၏မျက်ခုံးမွေးကို ပင့်တင်ရင်း ...

"မင်းကို ကျုပ်က ကူညီသလို မင်းကလည်း ကျုပ်ကို ကူညီရမယ်"

လုံဆင်ပိသည် သူ၏ ဦးခေါင်းကိုညိတ်ရင်း ...

"ပြောပါ၊ ကျုပ် တတ်နိုင်လိမ့်မယ် ထင်တယ်"

အဘိုးအိုသည် ပြုံးလိုက်ရင်း ...

"မင်း တတ်နိုင်ပါတယ်၊ မင်းရဲ့ နဂါးရုစ်ကောင် ဓားကွက် ကျုပ်ကို သင်ပေးရုံတင်ပါ"

လုံဆင်ပိ၏မျက်ခုံးမွေးများလည်း နဖူးထက်သို့ မြောက်တက်သွားလေတော့သည်။

နဂါးရုစ်ကောင် ဓားကွက်သည် သူ၏ကျော်ကြားသော နှင်းဓားဗေဒါသိုင်းထဲမှ သိုင်းကွက်တစ်ကွက် မဟုတ်ပါလား။

ဤသို့ဆိုလျှင် ထိုအဘိုးအိုသည် မည်သူဖြစ်သနည်း။

ထိုအဘိုးအို မည်သူမည်ဝါဖြစ်သည်ကို လုံဆင်ပိ ဂရုမစိုက်ပါ။

သူ ဂရုစိုက်သောအရာသည် ထိုအဘိုးအိုလက်ထဲမှ အဆိပ်ဖြေဆေးပုလင်းပင် မဟုတ်ပါလား။

ထို့ကြောင့် လုံဆင်ပိသည် သူ၏ဓားကို ဖြည်းညင်းစွာ



အဘိုးအိုထံ ချိန်ရွယ်ထားလိုက်လေသည်။

ထို့နောက် လုံဆင်ပိ၏ဓားသည် နဂါးတစ်ကောင်ကဲ့သို့ တွန့်လိမ်၍ အဘိုးအိုထံ ဝင်ရောက်သွားလေတော့သည်။

ထိုစဉ် ရုတ်တရက် အဘိုးအိုထံမှ အစိမ်းရောင်တန်းကလေး နှစ်ခုသည် လုံဆင်ပိထံ ပစ်လွှင့်လာလေတော့သည်။

❋

လုံဆင်ပိ မျက်လုံးပြူးသွားသည်။

ယင်းအစိမ်းရောင်တန်းကလေးနှစ်ခုသည် သာမန်လက်နက်ပုန်း မဟုတ်ပါ။ မြစိမ်းရောင်သမ်းနေသော မြွေနှစ်ကောင် ဖြစ်နေသည် မဟုတ်ပါလော။

ယင်းမြွေနှစ်ကောင်သည် အစိမ်းရောင်ရှိပြီး မြွေ၏ ဦးခေါင်းပိုင်းသည် နီညိုရောင် ရှိသည်။

လုံဆင်ပိသည် ယင်းမြွေမျိုးကို မြင်ဖူးခဲ့သည်။ ယင်းမြွေမျိုး တရုတ်ပြည်မြောက်ပိုင်း၌ တွေ့ရတတ်သည်။

သို့သော် အင်မတန်မှ ရှားပါးစွာ တွေ့ရတတ်သည်။

ယင်းမြွေသည် သာမန်အဆိပ်မြွေများထက် ပို၍အဆိပ်

ပြင်းသဖြင့် ယင်းမြွေကို ‘သုံးလှမ်း အူပြတ်’ ဟု ဒေသခံများက ခေါ်ကြသည်။

ယင်းမြွေအကိုက်ခံရသူသည် ခြေလှမ်းသုံးလှမ်းအတွင်း သေဆုံးခဲ့ရသည် မဟုတ်ပါလော။

လုံဆင်ပိသည် ယင်းမြစိမ်းရောင်မြွေကို တွေ့လိုက်သည်နှင့် သူရင်ဆိုင်နေရသော အဘိုးအိုသည် မြစိမ်းတောင်သိုင်းသမား တိန်းမေရင်းဖြစ်သည်ဟု သိလိုက်လေတော့သည်။

အဘယ်ကြောင့်ဆိုသော် ယင်းမြစိမ်းရောင်မြွေကို လက်နက်ပုန်းသဖွယ် အသုံးပြု၍ တိုက်ခိုက်သူသည် မြစိမ်းရောင်သိုင်းသမား တိန်းမေရင်းတစ်ယောက်သာ ရှိသည်မဟုတ်ပါလား။

*

တိန်းမေရင်း ...

သူသည် အရပ်သုံးပေခွဲသာ ရှိသည်။

သူပစ်လွှတ်လိုက်သော မြစိမ်းရောင်မြွေသည် (၈) လက်မခန့်သာ ရှည်သည်။

သို့သော် ယင်းမြွေသည် လူတစ်ယောက်ကို ခြေသုံးလှမ်း



အတွင်း သေစေနိုင်သည်။

လုံဆင်ပိသည် ရုတ်တရက် သူ၏ဓားကို စက်ဝိုင်းပုံလှည့်၍ နဂါးပတ်သိုင်းကွက်ဖြင့် ယင်းမြစိမ်းရောင်မြွေအား ခုတ်ချလိုက်လေသည်။

‘ဝှစ် ဝှစ်’

ဟူသောအသံနှင့်အတူ မြစိမ်းရောင် မြွေနှစ်ကောင်သည် ထက်ပိုင်းပြတ်သွားလေတော့သည်။

ထိုစဉ် ...

ရုတ်တရက် လုံဆင်ပိ၏ဘယ်ညာလက်သည် ဆစ်ခနဲ နာကျင်၍သွားလေသည်။

ထို့ကြောင့် လုံဆင်ပိသည် သူ၏ဘယ်ဘက်လက်အား ကြည့်လိုက်မိလေသည်။

သူ၏ဘယ်လက်မောင်းရင်း၌ အစိမ်းရောင်သမ်းနေသော မြွေအပ်ကလေးစိုက်နေသည်ကို တွေ့ရလေသည်။

ယင်းအဆိပ်အပ်သည် တိန်းမေရင်း၏လက်နက်ပုန်းတစ်ခုပင် ဖြစ်ပါသည်။

သူသည် လုံဆင်ပိထံသို့ မြစိမ်းရောင် မြွေနှစ်ကောင်အား ပစ်လွှတ်လိုက်ပြီး တစ်ပြိုင်တည်း ယင်းအဆိပ်အပ်အား ပစ်လွှတ်လိုက်ခြင်း ဖြစ်လေသည်။

ထို့ကြောင့် လုံဆင်ပိသည် မြွေနှစ်ကောင်အား ခုတ်ချနိုင်ခဲ့သော်လည်း အဆိပ်အပ်ကို မရှောင်နိုင်ခဲ့ခြင်း ဖြစ်လေသည်။

တိန်းမေရင်းသည် လုံဆင်ပိအား မထေ့တထေ့လေး ရယ်မောလိုက်ပြီး ...

"အင်း... လူတစ်ယောက်ရဲ့ အသက်ကို ကယ်တယ်ဆိုတာ တံတားခုနစ်ထစ် ဆောက်တာထက် မြင့်မြတ်ပါတယ်၊ ဒါပေမဲ့ သူများရဲ့အသက်ကိုမကယ်ခင် ကိုယ့်အသက်ကို ကိုယ်ကယ်ဖို့ ကြိုးစားပါဦး"

ဟု ပြောလိုက်လေသည်။ လုံဆင်ပိသည် ဘာမျှ ပြန်မပြောပါ။ သူသည် တိန်းမေရင်းအား စူးစိုက်၍ကြည့်လိုက်ပြီး သူ၏လက်ထဲမှ ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်လေသည်။

ပြီးမှ တိန်းမေရင်းထံသို့ ခြေလှမ်းလှမ်းလိုက်လေသည်။

တစ်လှမ်း၊ နှစ်လှမ်း ...

ထိုစဉ် ရုတ်တရက် ...

"လုံဆင်ပိ ...မင်း မလှုပ်နဲ့ ငြိမ်ငြိမ်နေ၊ လှုပ်လိုက်တာနဲ့ ကယ်လို့မရတော့ဘူး"

ဟူသောအသံသည် လုံဆင်ပိနောက်ကျောဘက်မှ ပေါ်ထွက်လာလေသည်။

ယင်းအသံကြားလိုက်ရသည်နှင့် လုံဆင်ပိသည် သူ၏ခြေလှမ်းကို ရပ်တန့်ထားလိုက်လေသည်။



ထန်ကြို့ချမ်သည် သူ၏နောက်တွင် ရောက်ရှိနေပြီဖြစ်ကြောင်း လုံဆင်ပိ သိလိုက်သည် မဟုတ်ပါလော။

ထို့ကြောင့် လုံဆင်ပိသည် သူ၏နောက်သို့ ဖြည်းညင်းစွာ ငဲ့စောင်းကြည့်လိုက်လေတော့သည်။

✵

ထန်ကြို့ချမ်သည် လုံဆင်ပိ၏နောက်၌ ရပ်၍နေသည်။

သူ၏ခန္ဓာကိုယ်တစ်ခုလုံးသည် နီထွေးသောသွေးများဖြင့် ပေကျံလျက်ရှိသည်။

ယင်းသွေးများသည် တခြားလူ၏သွေးများ မဟုတ်ပါ။

သူ့ခန္ဓာကိုယ်ပေါ်ရှိ ဒဏ်ရာများမှ စီးကျသောသွေးများပင် ဖြစ်ပါသည်။

ထန်ကြို့ချမ်သည် အရက်ကိုသာ နှစ်သက်သူဖြစ်သည်။ သွေးကိုနှစ်သက်ခြင်း မရှိပါ။

အထူးသဖြင့် သူ၏ခန္ဓာကိုယ်မှ သွေးများ စီးကျခြင်းကို ပို၍မနှစ်သက်ပေ။ ယခု သူ၏ခန္ဓာကိုယ်တစ်ခုလုံးသည် သွေးများဖြင့် ပေကျံလျက်ရှိသည်။

ထို့ကြောင့် ခါတိုင်း အရက်နံ့ရသော သူ၏ခန္ဓာကိုယ်သည် ယခုအခါ သွေးနံ့များ ပေါ်ထွက်လျက်နေပေသည်။

သူသည် မည်သည့်အခါမှ အခုလောက် ဒဏ်ရာမရဖူးချေ။

သူ၏ခန္ဓာကိုယ်မှ ယခုလောက် သွေးများ ယိုစီးအောင် ပြုလုပ်ရန်လည်း မလွယ်ချေ။

ဤသို့ဆိုလျှင် သူ့ကို ယခုကဲ့သို့ သွေးများထွက်အောင် မည်သူက ပြုလုပ်လိုက်သနည်း။

လုံဆင်ဝိ ကြာကြာမစဉ်းစားရပါ။

အဘယ်ကြောင့်ဆိုသော် ထန်ကြို့ချမ်သည် လူတစ်ယောက်အား ဆံပင်မှကိုင်၍ တစ်ရွတ်တိုက် ဆွဲလာခဲ့သည် မဟုတ်ပါလော။

✵

အကယ်၍ ထန်ကြို့ချမ်ကို သိမ်းငှက်ဟု တင်စားလျှင် အဆွဲခံရသူသည် သိုးတစ်ကောင် ဖြစ်ပေလိမ့်မည်။

သို့သော် ထန်ကြို့ချမ်သည် သိုးတစ်ကောင်ကို ဆွဲလာခြင်း မဟုတ်ပါ။ သူသည် ဝံပုလွေတစ်ကောင်အား ဆွဲလာခြင်းပင် ဖြစ်ပါသည်။



ယင်းဝံပုလွေ၏အသက်သည် အလွန်ဆုံးရှိမှ (၂၆) နှစ်ပင် ပြည့်ဟန်မတူချေ။

သူ၏ရုပ်သွင်သည် နဂိုက ရည်မွန်သန့်ပြန့်ဟန်ရှိသော်လည်း ယခုအခါ ဒေါသကြောင့် ပြောင်းလဲနေပြီဖြစ်သည်။

သူ၏လက်ထဲတွင် ဓားတစ်လက် ကိုင်ထားဆဲ ဖြစ်ပါသည်။

ယင်းဓားပေါ်တွင် ဝံပုလွေတစ်ကောင်၏ပုံကို ထွင်းထားလေသည်။

ဓားသွားပေါ်၌လည်း သွေးများ ပေကျံလျက် ရှိလေသည်။

ယင်းသွေးများသည် ထန်ကြို့ချမ်၏သွေးများပင် ဖြစ်သည် မဟုတ်ပါလော။

✵

ကွေ့ပုတုန်သည် ထန်ကြို့ချမ်ဆွဲလာသောလူကို မြင်လိုက်သည်နှင့်တစ်ပြိုင်တည်း မျက်နှာတစ်ချက် ပျက်သွားလေသည်။

တိန်းမေရှင်း၏မျက်နှာသည် မည်သို့မျှ ပြောင်းလဲခြင်း မရှိပါ။ ယင်းကိုကြည့်ခြင်းအားဖြင့် တိန်းမေရှင်းသည် ဝါရင့်သိုင်းသမားတစ်ဦးဖြစ်ကြောင်း သိနိုင်ပေသည်။

သို့သော် သူ၏မျက်လုံးအစုံကမူ တစ်စုံတစ်ခုအား ဟန်ဆောင်ဖုံးကွယ်ထားကြောင်း ဖော်ပြနေပေသည်။

ထန်ကြို့ချမ်သည် တိန်းမေရင်းအား စူးစိုက်၍ ကြည့်လိုက်သည်။ ထို့နောက် သူသည် (၅) လက်မခန့်ရှည်သော ငွေအပ်တစ်ချောင်းကို ထုတ်ယူလိုက်လေသည်။

ထန်ကြို့ချမ်သည် ငွေအပ်ကလေးအား ထောင်၍ ပြလိုက်သည်။

ပြီးမှ ရုတ်တရက် ယင်းငွေအပ်ကလေးအား သူဆွဲခေါ်လာသောသူ၏လက်ပေါ်သို့ ထိုးစိုက်လိုက်လေသည်။

✲

တိန်းမေရင်းသည် ထန်ကြို့ချမ်အား စူးစိုက်၍ကြည့်နေသည်။

ပြီးမှ တဟားဟားရယ်မောလိုက်ရင်း ...

“ထန်သခင်လေးဟာ ပညာရှိတစ်ယောက်ပဲ၊ အစတုန်းက ကျုပ်ဟာ ခင်ဗျားကို အရက်သမားတစ်ယောက်လို့ထင်ခဲ့တာ မှားတာပဲ”



ထန်ကြို့ချမ်သည် သူ၏နှုတ်ခမ်းကို တွန့်၍ပြုံးလိုက်ပြီး...

“ကျန့်ဝှားချီးက ထန်ဂေဟာကို စော်ကားမယ်ဆိုရင် လွယ်ကူတဲ့ကိစ္စမဟုတ်ဘူးဆိုတာ သိလောက်ပြီ ထင်ပါရဲ့”

တိန်းမေရင်း၏မျက်နှာပေါ်မှအပြုံးသည် ရုတ်တရက် ပျောက်ကွယ်သွားလေသည်။

ပြီးမှ ...

“ထန်သခင်လေးဟာ ကျုပ်ထင်တာထက် ပိုပြီး ဉာဏ်ကောင်းနေပါလား၊ ကျန့်ဝှားချီးဆိုတဲ့ စကားတောင် သိနေပြီပဲ”

ထန်ကြို့ချမ်သည် တစ်ချက်ပြုံးလိုက်ပြီး ...

“ခင်ဗျားဟာ မြစိမ်းတောင်သိုင်းသမား တိန်းမေရင်းဆိုတာလည်းသိတယ်”

တိန်းမေရင်းသည် ပခုံးတစ်ချက် တွန့်လိုက်ပြီး ...

“နောက်ထပ် ဘာသိသေးလဲ”

“အခု ကျုပ်လက်ထဲမှာ ရှိနေတဲ့လူဟာ ခင်ဗျားတို့အသက်ထက် တန်ဖိုးရှိတယ်ဆိုတာလည်း သိတယ်”

တိန်းမေရင်း၏မျက်နှာသည် မည်သို့မျှ မပြောင်းလဲပါ။

သို့သော် သူ၏မျက်လုံးများက ထန်ကြို့ချမ်၏ စကားသည် မှန်ကန်ကြောင်း သက်သေပြနေပေသည်။

တိန်းမေရင်းသည် မချိပြုံးကလေး ပြုံးလိုက်ပြီး ...

"ကျုပ်က ငွေရောင်ဝံပုလွေမင်းသားကို တန်ဖိုးထားသလို ခင်ဗျားကလည်း လုံဆင်ပိကို တန်ဖိုးထားမှာပဲ"

ထန်ကြို့ချမ်သည် ပြုံးလိုက်ပြီး ...

"လုံဆင်ပိကိုယ်ပေါ်က အဆိပ်ကို ကျုပ်အခု ဖြေပေးနိုင်တယ်"

တိန်းမေရင်းသည် ပြုံးလျက် ...

"ဖိရှက်လိန်ကြည့် အဆိပ်ဖြေဆေးနဲ့ ဖြေမယ်ဆိုရင်တော့ အလကား အချိန်ဖြုန်းရာ ရောက်လိမ့်မယ် ထင်တယ်"

ထန်ကြို့ချမ်၏ ပြုံးနေသောမျက်နှာသည် ရုတ်တရက် မျက်မှောင်ကြုတ်သွားလေသည်။

အဘယ်ကြောင့်ဆိုသော် ယင်းဖိရှက်လိန်ကြည် အဆိပ်ဖြေဆေးလုံးသည် စီးကျိုထုံး၏ အထူးစီမံဖော်စပ်သောဆေးလုံးဖြစ်ပြီး သူတို့မှလွဲ၍ မည်သူမှ အသုံးပြုခြင်းမရှိချေ။

စီးကျိုထုံးကလည်း သူတို့အတွက်သာ ဖော်စပ်ပေးခဲ့ခြင်း မဟုတ်ပါလော။

တိန်းမေရင်းလည်း ပြုံး၍ ထန်ကြို့ချမ်အား ကြည့်နေသည်။

ထန်ကြို့ချမ်သည် လုံဆင်ပိအား တစ်ချက်ကြည့်လိုက်သည်။ ပြီးမှ သူသည် တိန်းမေရင်းအား စူးစိုက်၍ တစ်ချက် ကြည့်လိုက်သည်။



ထို့နောက် သူသည် တိန်းမေရင်းအား တဖြည်းဖြည်း ပြုံး၍ ပြလိုက်သည်။

✵

တိန်းမေရင်းသည် သူ၏ဦးခေါင်းကို တစ်ချက်ညိတ်လိုက်ပြီး

"ကျုပ် လုံဆင်ပိရဲ့အဆိပ် ဖြေပေးမယ်"

ထန်ကြို့ချမ်က ဦးခေါင်းကိုညိတ်လျက် ...

"ကျုပ်ကလည်း ငွေရောင်ဝံပုလွေမင်းသားရဲ့အဆိပ် ဖြေပေးမယ်"

တိန်းမေရင်းသည် မျက်မှောင်ကုတ်လိုက်ပြီး ...

"မင်းသားရဲ့အကြောတွေ ပိတ်ထားတာကိုကော"

ထန်ကြို့ချမ်က ...

"ကျုပ် နေရာ (၇) နေရာက အကြောကို ပိတ်ထားတယ်"

တိန်းမေရင်းက ကျန့်နမ်းနယ်မှ သိုင်းသမား (၆) ယောက်အား တစ်ချက်ကြည့်လိုက်သည်။

ပြီးမှ သူသည် ထိုသိုင်းသမား (၆) ယောက်အား ညွှန်ပြလိုက်ရင်း ...

"ကျုပ် သူတို့ရဲ့အဆိပ်ကို ဖြေပေးမယ်"

ထန်ကြို့ချွမ်က ပြုံးလျက် ...

"ကျုပ်လည်း မင်းသားရဲ့အကြော (၆) နေရာကို ဖွင့်ပေးမယ်"

တိန်းမေရှင်းသည် တီးတိုးရေရွတ်လိုက်ပြီး ...

"ဒါဆို အကြောတစ်နေရာ ဖွင့်ဖို့ ကျန်သေးတာပေါ့"

ထန်ကြို့ချွမ်က သူ၏ဦးခေါင်းကို ညိတ်လိုက်ပြီး ...

"ထန်ကြို့ချင်း ပျောက်နေသေးတယ်လေ"

တိန်းမေရှင်း အံတစ်ချက် ကြိတ်လိုက်ပြီး ...

"ဒါတော့ ကျုပ်လည်း မတတ်နိုင်ဘူး၊ သူ့ကို ဖမ်းသွားတာ ကျန့်ဝှားချီးရဲ့တခြားအဖွဲ့ပဲ"

ထန်ကြို့ချွမ်သည် ဦးခေါင်းကို ယမ်းရင်း ...

"ဒါဆို ကျုပ်ကလည်း မတတ်နိုင်ဘူး"

တိန်းမေရှင်းသည် ဘာမျှ ပြန်မပြောတော့ပါ။

သူသည် လုံဆင်ပိ၏အဆိပ်ကို စတင်၍ ဖြေပေးလေတော့သည်။ ဟန်ကျူး မြို့၏မိုးသည် တစ်စထက်တစ်စ စဲ၍ သွားလေတော့သည်။

✵



'ဝုန်း' အသံနှင့်အတူ စားပွဲခုံသည် လွင့်၍သွားလေသည်။

ထန်အဘိုးအိုသည် စားပွဲခုံအား ဒေါသတကြီး ကန်လိုက်ခြင်း ဖြစ်ပါသည်။

ထို့နောက် သူသည် တစ်ကိုယ်လုံး ပတ်တီးများ စည်းထားသောသူ၏သား ထန်ကြို့ချွမ်အား စိုက်၍ကြည့်လိုက်သည်။

ထန်ကြို့ချွမ်၏ခန္ဓာကိုယ်တစ်ခုလုံးသည် ပတ်တီးများဖြင့် ပြည့်နှက်၍နေလေသည်။

သူသည် ငွေရောင်ဝံပုလွေမင်းသားအား လက်ရဖမ်းဆီးခဲ့သည်။

ယင်းသို့ ဖမ်းဆီးရန်အတွက် သူ၏ ခန္ဓာကိုယ်တစ်ခုလုံးအား ဒဏ်ရာများဖြင့် ပြည့်နှက်စေသည် မဟုတ်ပါလော။

ဒဏ်ရာနာကျင်လွန်းသောကြောင့် မနေ့ညက တစ်ညလုံး သူသည် အိပ်မပျော်ခဲ့ပါ။

ထို့ကြောင့် သူ၏ဦးခေါင်းသည် မူးဝေနေသေးသည်။

ယင်းသို့ မူးဝေနေသည့်ကြားကပင် သူသည် အရက်သောက်ချင်စိတ် ပေါ်လာခဲ့ပေသည်။

သို့သော် ဒေါပွနေသော သူ၏ဖခင်အားကြည့်ပြီး အရက်သောက်ချင်စိတ်သည် အဝေးသို့လွင့်ပြေးသွားလေတော့သည်။

ထန်အဘိုးအိုသည် ထန်ကြို့ချွမ်အား လက်ညှိုးထိုး၍ ...

"မင်း ... အခုလို ဒဏ်ရာရမယ့်အစား သေသွားရင် ကောင်းမယ်"

ထန်ကြို့ချွမ်သည် အံကြိတ်လိုက်ပြီး ...

"ဟုတ်တယ် ... ကျွန်တော်သေရင်ကောင်းမယ်"

ထန်အဘိုးသည် မျက်မှောင်ကုတ်ပြီး ...

"ဘာကွ ... မင်းက ငါ့ကို လှောင်တာလား။ ငါက မင်းအသုံး မကျလို့ ပြောနေတာကွ"

"ဟုတ်တယ် ... ကျွန်တော်ကလည်း ကျွန်တော် အသုံး မကျလို့ သေရင်ကောင်းမယ် ပြောတာ"

"တော် မရှည်နဲ့"

"ကျွန်တော်ရှည်တာ မဟုတ်ဘူး၊ အမှန်ကို အမှန်အတိုင်း ပြောတာ"

ထန်အဘိုးအိုသည် သူ့သားအား မျက်လုံးပြူး၍ ကြည့်လိုက်ပြီး ...

"မင်းအသုံးမကျလို့ တစ်မူးတည်း မူးနေလို့ ထန်ကြို့ချင်း ပါသွားတာပေါ့"

"မငြင်းပါဘူး၊ ဒါပေမဲ့ ကျွန်တော် စဉ်းစားမရတာ တစ်ချက် ရှိတယ်"



"ဘာလဲ"

ထန်ကြို့ချွမ်သည် သက်ပြင်းတစ်ချက် ချလိုက်ရင်း ...

"ထန်ကြို့ချင်းမှာ ရန်သူမရှိဘူး၊ ကျွန်တော်လည်း ကျန့်ဝှားချီးကို မရောက်ဖူးဘူး၊ ဘယ်မှာရှိတယ်ဆိုတာတောင် မသိဘူး"

ထန်အဘိုးအိုသည် သူ၏ဦးခေါင်းကို ငုံ့လိုက်ပြီး စိတ်ပျက်ဟန်ဖြင့် ...

"ငါလည်း ကျန့်ဝှားချီးနယ် ဘယ်မှာ ရှိတယ်ဆိုတာ မသိဘူး"

ဟု ညည်းညူလိုက်လေသည်။ ပြီးမှ ထန်အဘိုးအိုသည် သူ၏ဦးခေါင်းကို တဖြည်းဖြည်း မော့လိုက်သည်။

သူ၏မျက်ဝန်းတွင် မျက်ရည်စများ ရစ်ဝဲလျက် ရှိလေသည်။ သူသည် ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းရင်း ...

"ဒါပေမဲ့ ငါ ကျန့်ဝှားချီးနယ်ကို တစ်ကြိမ်ရောက်ဖူးခဲ့တယ်"

ထိုစဉ် ထန်ဂေဟာရှေ့မှ မြင်းခွာသံကို ကြားလိုက်ရလေသည်။

[illegible library stamp]

မြင်းနှစ်ကောင်သည် ထန်ဂေဟာရှေ့သို့ မရှေးမနှောင်း ရောက်လာလေသည်။

ပထမမြင်းပေါ်မှ ဆင်းလာသူသည် စုမာရှဲ့ ဖြစ်ပါသည်။

ဒုတိယမြင်းပေါ်မှ ဆင်းလာသူသည် ဝေ့ခုံးခုံး ဖြစ်ပါသည်။

ထန်အဘိုးအိုသည် သူတို့အား တွေ့သည်နှင့် တစ်ပြုံးတည်း ...

"သိုင်းသမား (၆) ယောက်ကို တွေ့ခဲ့ရဲ့လား"

ဟု လှမ်းအော်မေးလိုက်သည်။

ဝေ့ခုံးခုံးသည် သူ၏ဦးခေါင်းကို ညိတ်၍ ပြလိုက်သည်။

ထန်အဘိုးအိုသည် သူတို့ထံ လှမ်းလျှောက်သွားပြီး ...

"အနည်းဆုံး ရက်ပေါင်း (၃၀) လောက် အနားယူပြီးမှ သတိပြန်ကောင်းလာနိုင်မယ်"

ထန်ကြို့ချမ်သည် လှမ်း၍ ...

"ကျွန်တော် မပြောဘူးလား၊ သူတို့ရဲ့မှတ်ဉာဏ် ချွတ်ယွင်းနေတယ်လို့"

ဝေခုံးခုံးသည် သူ၏လက်ညှိုးတစ်ချောင်းကို ထောင်ပြလိုက်ပြီး ...

"တစ်ခုတော့ ရှိတယ်၊ သူတို့အားလုံးဟာ ကျန့်ဝှားချီးကို ရောက်ဖူးတယ်ဆိုတာပဲ"



စုမာရှဲ့သည် ပြုံးလိုက်ရင်း ...

"ဟုတ်တယ် ... ကျန့်ဝှားချီးကို ရောက်ဖူးတာဆိုရင် ရောက်ဖူးတယ်လို့ ပြောတယ်၊ ဘယ်မှာရှိလဲလို့မေးရင် မသိဘူးလို့ ပြောတယ်၊ ဒါ့အပြင် တခြားဘာမှမေးလို့မရခဲ့ဘူး"

ထန်ကြို့ချမ်သည် သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"ကျုပ်အဖေလည်း ကျန့်ဝှားချီးကိုရောက်ဖူးတယ်၊ ဒါပေမဲ့ ဘယ်မှာရှိမှန်း မသိဘူးတဲ့"

ဟု တဖြည်းဖြည်းချင်း ပြောလိုက်လေသည်။

စုမာရှဲ့နှင့်ဝေ့ခုံးခုံးသည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်သည်။

ပြီးမှ သူတို့သည် ထန်အဘိုးအိုအား လှမ်း၍ ကြည့်လိုက်သည်။

ထန်အဘိုးအိုသည် သူတို့အား ကြည့်၍နေသည်။

သို့သော် ထန်အဘိုးအို၏မျက်လုံးများသည် သူတို့အား မမြင်ပါ။

ထန်အဘိုးအို၏မျက်စိထဲတွင် တိမ်တိုက်များကြားမှ ဗျိုင်းဝါစံအိမ်ကို မြင်ယောင်လာလေသည်။

ထို့နောက် ထန်အဘိုးအို၏နှုတ်ခမ်းများသည် လှုပ်သည်ဆိုရုံမျှ လှုပ်သွားလေသည်။

သို့သော် ... အလွန်နားပါးသော စုမာရှဲ့နှင့်ဝေ့ခိုးခိုးသည် ထန်အဘိုးအို၏နှုတ်မှ တိုးတိုးရေရွတ်လိုက်သောစကားသုံးလုံးကို ကြားလိုက်ရလေသည်။

ယင်းမှာ ... 'လီကျန့်ဝှား' ဟူသော စကားလုံး သုံးလုံးပင် ဖြစ်သည် မဟုတ်ပါလား။

✲

လီကျန့်ဝှား ...

"လီကျန့်ဝှားဆိုတာ ဘယ်သူလဲ"

ဝေ့ခိုးခိုးသည် သူ၏ နှာခေါင်းအား တစ်ချက်ပွတ်ရင်း မေးလိုက်ခြင်း ဖြစ်ပါသည်။

ထန်အဘိုးအိုသည် အတန်ကြာ တိတ်ဆိတ်နေပြီးမှ သက်ပြင်းတစ်ချက်ချကာ ...

"လီကျန့်ဝှားဆိုတာ ကျန့်ဝှားချီးနယ်ရဲ့ သခင်မပဲ"

စုမာရှဲ့သည် မျက်မှောင်ကုတ်ရင်း ...

"အဘနဲ့ကျန့်ဝှားချီးနယ်နဲ့ ဘယ်လိုပတ်သက်ခဲ့သလဲ"

ထန်အဘိုးအိုသည် သက်ပြင်းချရင်း ...



"အင်း ... ပြောရမှာခက်တယ်"

ထန်ကြို့ချမ်သည် ထိုင်ရာမှ ဝုန်းခနဲ ထ၍ရပ်လိုက်ပြီး ...

"ဒီအခြေရောက်မှ ပြောပြဖို့ခက်နေရင် ညီမရဲ့ အသက်အန္တရာယ်ကို စိုးရိမ်စရာပဲ"

ဝေ့ခိုးခိုးသည် ပြုံးပြလိုက်ရင်း ...

"ပြောပြသင့်ပြီလို့ ကျွန်တော်ထင်တယ်၊ ဒါမှလည်း ရှေ့ဆက်ပြီး ဘယ်လိုလုပ်ရမယ်ဆိုတာ သိနိုင်မယ်"

ထန်အဘိုးအိုသည် သူ၏မျက်နှာကို မော့လိုက်ပြီး ...

"ကျန့်ဝှားချီးနယ်နဲ့ ငါနဲ့ ဘာမှ ပြဿနာမရှိဘူးလို့ ထင်တာပဲ"

စုမာရှဲ့က ဝင်၍ ...

"ဒါပေမဲ့ ဘယ်လိုပတ်သက်ခဲ့တယ်ဆိုတာ သိရတော့ ပိုကောင်းတာပေါ့"

ထန်အဘိုးအိုသည် သက်ပြင်းရှည်တစ်ချက် မှုတ်ထုတ်လိုက်ပြီး ...

"အင်း ... နားထောင်လို့ မကောင်းတဲ့ ပုံပြင်တစ်ခုကို ပြောပြရတာပေါ့"

ထို့နောက် ထန်အဘိုးအိုသည် ထိုင်ရာမှထ၍ ရပ်လိုက်သည်။

ပြီးမှ ဧည့်ခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း–

"အဖြစ်အပျက်ကတော့ ကြာပြီ၊ ကြာတာမှ နှစ်ပေါင်း(၂၀) ကျော်ပြီ သုံးလပိုင်း (၁၈) ရက်နေ့ကပဲ"

စုမာရှဲနှင့်ဝေခုံးခုံးသည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

ထန်အဘိုးအိုသည် ဧည့်ခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း သူ၏မျက်နှာသည် ဆွေးရိပ်များ ယှက်သန်းလာသည်ဟု ထင်ရပေသည်။

သူသည် ထန်ဂေဟာ၌ ရှိနေသော်လည်း သူ၏စိတ်သည် လွန်ခဲ့သော အနှစ် (၂၀) မှ ကျန့်ဝှားချီးနယ်သို့ရောက်နေသည် မဟုတ်ပါလား။

လုံဆင်ပီသည် ထန်အဘိုးအို၏ မျက်နှာအားကြည့်ရင်း ထန်အဘိုးအို၏အဆွေးရိပ်သမ်းနေသော ခံစားချက်များသည် သူ့ထံသို့ ကူးစက်လာသည်ဟု ခံစားလိုက်ရပေသည်။

ထန်အဘိုးအိုသည် ချောင်းတစ်ချက် ဟန့်လိုက်ပြီး သူ့စကား ကို ဆက်၍ပြောလိုက်သည်။

"ကျန့်ဝှားချီးနယ်ကိုရောက်တော့ ကျန့်နမ်းနယ်က သိုင်း သမား (၆) ယောက် ရောက်နှင့်နေတာ တွေ့ရတယ်"

ဝေခုံးခုံးသည် နှာခေါင်းတစ်ချက် ပွတ်လိုက်ပြီး ...



"ဒါပေမဲ့ တစ်ယောက်မှ ကျန့်ဝှားချီးနယ် ဘယ်မှာရှိတယ် ဆိုတာ မသိဘူးမဟုတ်လား"

ထန်အဘိုးအိုသည် ဦးခေါင်းညိတ်၍ ဝန်ခံလိုက်ပြီး ...

"ဟုတ်တယ် ... ဩော် မင်းတို့ ဗျိုင်းဝါစံအိမ်ဆိုတာ ကြားဖူးလား"

စုမာရှဲသည် သူ၏မျက်ခုံးမွေးကို ပင့်တင်လိုက်ရင်း ...

"ဗျိုင်းဝါစံအိမ်ဆိုတာ မြစ်ဝါမြစ် ကမ်းနဖူးပေါ်က စံအိမ် လား"

ထန်အဘိုးအို ဦးခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်တယ် ... လီကျန့်ဝှားရဲ့ ဖိတ်ကြားချက်အရ ငါ အဲဒီ စံအိမ်ကို ရောက်ခဲ့တယ်"

"အဲဒီကမှတစ်ဆင့် ကျန့်ဝှားချီးနယ်ကို ရောက်ခဲ့တယ်၊ ကြမ်းတမ်းပြီး ရှည်လျားတဲ့ခရီးတစ်ခုကို မျက်နှာအဝတ်စည်းပြီး သွားခဲ့ရတာကြောင့် ကျန့်ဝှားချီးနယ် ဘယ်မှာရှိတယ်ဆိုတာ ငါ မသိခဲ့တာပေါ့"

ဝေခုံးခုံးသည် ဦးခေါင်းကို တဆတ်ဆတ်ညိတ်ရင်း ...

"ဖြစ်နိုင်ပါတယ်၊ ဒါနဲ့ လီကျန့်ဝှားနဲ့ ပတ်သက်ခဲ့ပုံကို ပြောပြပါ"

ထန်အဘိုးအိုသည် ဝေခုံးခုံးအား လှမ်း၍ ကြည့်လိုက်ပြီး–

"ပြောပြမှာပေါ့၊ ငါမပြောပြခင် မင်းတို့ကို တစ်ခုမေးဦးမယ်"

ဝေခုံးခုံးသည် သူ၏ဦးခေါင်းကိုညိတ်ပြလိုက်ပြီး ...

"ဟုတ်ကဲ့ မေးပါ"

"မင်းတို့သိုင်းလောကရဲ့ပုံပြင်တွေထဲက ပုံပြင်တစ်ပုဒ်ကို ကြားဖူးလား"

စုမာရှဲ့သည် မျက်မှောင်ကုတ်ရင်း ...

"တော်တော်များများ ကြားဖူးပါတယ်၊ ဘယ်ပုံပြင်များပါလိမ့်"

"ဗျိုင်းဝါစံအိမ်ပုံပြင်ဆိုတာလေ"

စုမာရှဲ့သည် ဝေ့ခုံးခုံးအား လှမ်းကြည့်လိုက်သည်။

ဝေ့ခုံးခုံးကလည်း စုမာရှဲ့အား လှမ်း၍ ကြည့်လိုက်သည်။

ထို့နောက် သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ပခုံးတွန့်ပြရင်း ပြိုင်တူဖြေလိုက်ကြသည်။

"ဟင်အင်း မကြားဖူးဘူး"

ထန်အဘိုးအိုသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"ဗျိုင်းဝါစံအိမ်ကလူတွေဟာ ဗျိုင်းဝါကိုစီးပြီး ထွက်သွားတာ ဗျိုင်းဝါစံအိမ်ကို ဘယ်တော့မှ ပြန်မလာတော့ဘူးဆိုတဲ့ အကြောင်း ဖွဲ့ထားတဲ့ပုံပြင်လေ"



ဝေ့ခုံးခုံးသည် သူ၏ပခုံးကိုတွန့်ရင်း ...

"လီကျန့်ဝှားနဲ့ သက်ဆိုင်လို့လား"

ထန်အဘိုးအိုသည် သူ၏ဦးခေါင်းကိုညိတ်ရင်း ...

"အဲဒီလိုပဲ ... လီကျန့်ဝှာတို့အမျိုးအနွယ်ဟာ တစ်စုံတစ်ခုသော အကြောင်းကြောင့် သူတို့ရဲ့မွေးရပ်မြေကို စွန့်ခွာခဲ့ပြီး လျှို့ဝှက်တဲ့အရပ်မှာနေခဲ့ကြတယ်"

စုမာရှဲ့သည် ပြုံးလိုက်ရင်း ...

"အင်း ... နည်းနည်းတော့ သဘောပေါက်ပြီ၊ ဒါကြောင့် ကျန့်ဝှားချိုးနယ်ဟာ ဘယ်မှာရှိမှန်း မသိနိုင်တာကိုး"

ထန်အဘိုးအိုသည် ဦးခေါင်းကို တဆတ်ဆတ်ညိတ်ရင်း-

"ဟုတ်တယ် ... ဘယ်အကြောင်းကြောင့် ဒီလိုနေထိုင်လာတယ်ဆိုတာတော့ မသိဘူး၊ ဒါပေမဲ့ လီကျန့်ဝှားလက်ထက်အထိဆိုရင် ဒီလိုနေထိုင်လာတာ နှစ်ပေါင်း (၁၀၀) လောက် ရှိနေပြီ"

ဝေ့ခုံးခုံးသည် ဦးခေါင်းတဆတ်ဆတ်ညိတ်ရင်း ...

"သြော် ... သြော် ... ဒါနဲ့ ဆက်ပြောပါဦး"

ထန်အဘိုးအို၏မျက်ဝန်းတွင် မျက်ရည်များ ခိုတွယ်လာပြီး

"အင်း ... ဆက်ပြောရရင် စိတ်မကောင်းစရာပုံပြင်ကို ကြားရလိမ့်မယ်"

စုမာရှဲ့က ပြုံးလျက် ...

"စိတ်ဝင်စားစရာလည်း ကောင်းမယ်ထင်တယ်"

ထန်အဘိုးအိုသည် မချိုပြုံးကလေး ပြုံးလိုက်ရင်း ...

"အင်း ... လီကျန့်ဗွားဟာ အင်မတန်လှတဲ့ မိန်းကလေး တစ်ယောက်ပဲ၊ လူ့ပြည်မှာ အင်မတန်မှတွေ့ရခဲတဲ့ မိန်းမလှကလေး တစ်ယောက်ပဲ၊ ဒါပေမဲ့"

ဝေ့ခုံးခုံးက သူ၏နှာခေါင်းကို ပွတ်ရင်း ...

"ဒါပေမဲ့ ဘာဖြစ်လဲ"

"လီကျန့်ဗွားဟာ ကံဆိုးတဲ့ သူငယ်မတစ်ယောက်ပဲ၊ သူတို့ မျိုးဆက်တစ်လျှောက်လုံး ကံဆိုးခဲ့ကြတာပဲ၊ အဲ ... လီကျန့်ဗွားဟာ ဖခင်ရဲ့အမွေကိုဆက်ခံပြီး ကျန့်ဗွားချိုးနယ်ရဲ့သခင်မ ဖြစ်လာပြီးတဲ့ နောက်ပိုင်းမှာ ကံဆိုးခဲ့ရတာပဲလို့ ဆိုရလိမ့်မယ်"

စုမာရှဲ၊ ဝေ့ခုံးခုံး၊ လုံဆင်ပိနှင့် ထန်ကြို့ချမ်တို့သည် ထန် အဘိုးအိုပြောလာမည့်စကားကို စူးစိုက်၍ နားထောင်နေသည်။

ထန်အဘိုးအိုသည် သူ၏လျှာဖြင့် နှုတ်ခမ်းကို တစ်ချက် သပ်လိုက်ပြီး စကားကို ဆက်ပြောလေသည်။

"လီကျန့်ဗွားမှာ သိပ်ချစ်ရတဲ့ချစ်သူတစ်ယောက်ရှိတယ်"

ထန်ကြို့ချမ်က ဝင်၍ ...

"အင်မတန်လှတဲ့ မိန်းကလေးရဲ့ချစ်သူ ဖြစ်ရတာ အင်မတန် ကံကောင်းမှာပေါ့"



ထန်အဘိုးအိုသည် ထန်ကြို့ချမ်အား လှမ်း၍ ကြည့်လိုက် ပြီး ...

"ဒါကြောင့် လီကျန့်ဗွား ကံဆိုးခဲ့တာ"

ဝေ့ခုံးခုံးက ဝင်၍ ...

"ချစ်သူရှိတာနဲ့ ကံဆိုးကောလား"

ထန်အဘိုးအိုသည် လုံဆင်ပိအား တစ်ချက်လှမ်းကြည့်လိုက် သည်။

ပြီးမှ ဝေ့ခုံးခုံးဘက်သို့လှည့်၍ ...

"သိုင်းလောကရဲ့ ကလေကချေသိုင်းသမားတွေဟာ သစ္စာ ရှိလို့လား"

ဝေ့ခုံးခုံး ပါးစပ်ပိတ်၍ သွားသည်။

သူသည် လုံဆင်ပိအား လှမ်း၍ ကြည့်လိုက်သည်။

လုံဆင်ပိသည် ဝေ့ခုံးခုံးအား ပခုံးတွန့်ပြလိုက်လေသည်။

စုမာရှဲသည် သူ၏ခန္ဓာကိုယ်ကို ရှေ့သို့ကိုင်းညွတ်လိုက်ပြီး ...

"လီကျန့်ဗွားရဲ့ချစ်သူဟာ ဘယ်သူလဲ"

ထန်အဘိုးအိုသည် သက်ပြင်းရှည်တစ်ချက် မှုတ်ထုတ်လိုက် ပြီး ...

"လွန်ခဲ့တဲ့ အနှစ် (၂၀) က သိုင်းလောကမှာ ခုနစ်စဉ်ကြယ် ဆိုတဲ့ လူသတ်သမား (၇) ယောက် ပေါ်ထွက်ခဲ့တယ်၊ အဲဒီ (၇)

ယောက်ထဲက အမှတ် (၇) လူသတ်သမားပဲ”

ဝေ့ခုံးခုံး၏မျက်ခုံးမွေးများသည် နဖူးပေါ်သို့ ခုန်တက်သွားပြီး ...

“လင့်ချစ်လှိုုလား”

ထန်အဘိုးအိုက ဦးခေါင်းကိုညိတ်ပြလိုက်သည်။

ပြီးမှ ...

“ဟုတ်တယ် ... လင့်ချစ်လှိုုပဲ၊ သူက သစ္စာဖောက်သွားတဲ့အတွက် လီကျန့်ဝှားရဲ့ဘဝဟာ ပြောင်းလဲသွားရတယ်၊ ကံဆိုးခဲ့တယ်လို့ ဆိုရမှာပေါ့”

ထန်အဘိုးအိုသည် သူ၏စကားကို ခဏရပ်နားလိုက်ပြီး စုမာရှဲ့တို့အား တစ်ချက်ဝေ့ကြည့်လိုက်သည်။

ပြီးမှ ချောင်းတစ်ချက် ဟန့်လိုက်ပြီး သူ၏စကားကို ဆက်ပြောလိုက်လေသည်။

“အဲဒီနောက် ကျန့်ဝှားချီးနယ်ကိုလာဖို့ ငါ့ကို ဖိတ်ခဲ့တယ်”

စုမာရှဲ့သည် သူ၏မျက်ခုံးမွေး ကျုံ့လိုက်ပြီး ...

“အဘကို ဘာလို့ဖိတ်ခေါ်ရတာလဲ”

ထန်အဘိုးအိုသည် သက်ပြင်းရှည်တစ်ချက်ချလိုက်ပြီး ...

“အဲဒါကိုပြောပြဖို့ အင်မတန် ခက်နေတာပေါ့”

ဝေ့ခုံးခုံးက ဝင်၍ ...



“ဒီအခြေအနေရောက်နေမှာတော့ ပြောပြဖို့ ဝန်လေးမနေပါနဲ့တော့”

ထန်အဘိုးအိုသည် သူ၏ဦးခေါင်းကို ခါယမ်းလျက် ...

“ဒီအကြောင်းအရာတွေကို ငါ အနှစ် (၂၀) လုံးလုံး ဘယ်သူမှမပြောဘဲ ဖုံးကွယ်ထားခဲ့တာ၊ အခုမှ ပြောပြရမယ်ဆိုတော့ အတော်ဝန်လေးသားကွ”

စုမာရှဲ့သည် ပြုံးလျက် ...

“ဒါပေမဲ့ ကျွန်တော်တို့ သိသင့်တယ်ထင်တယ်”

ဝေ့ခုံးခုံးသည် စုမာရှဲ့၏စကားကို ထောက်ခံသော လေသံဖြင့် ...

“ဟုတ်ပါတယ်၊ ကျွန်တော်တို့ သိခဲ့ပေမယ့် နောက်ထပ်နှစ်ပေါင်း (၂၀) အထိ ဘယ်သူမှ မသိနိုင်ပါဘူး”

ထန်အဘိုးအိုသည် သူတို့အား တစ်ချက်ဝေ့၍ ကြည့်လိုက်သည်။

ပြီးမှ သက်ပြင်းတစ်ချက် အားရပါးရချလိုက်ပြီး ...

“ငါတို့ ဖိတ်ခေါ်တာဟာ သတင်းတစ်ခု ဖြန့်ခိုင်းဖို့ပဲ”

စုမာရှဲ့နှင့်ဝေ့ခုံးခုံးသည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ပြီး ပြိုင်တူမေးလိုက်သည်။

“ဘာသတင်းများလဲ”

ထန်အဘိုးအိုသည် လေသံတိုးတိုးဖြင့် ...

"ကျုန့်ဗွားချိုးနယ်ရဲ့ သခင်မ လီကျုန့်ဗွားဟာ မကောင်းတဲ့ မိန်းမတစ်ယောက်ဖြစ်ကြောင်း သတင်းဖြန့်ခိုင်းခဲ့တာပဲ"

စုမာရှဲ၊ ဝေ့ခုံးခုံး၊ ထန်ကြို့ချွမ်နှင့် လုံဆင်ပိတို့သည် အံ့သြဟန်ဖြင့် ပါးစပ်ဟ၍သွားလေတော့သည်။

☼

သူတို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်နေမိသည်။ အတန်ကြာမှ ဝေ့ခုံးခုံးသည် ချောင်းတစ်ချက်ဆိုးလိုက်ပြီး ...

"ကျုန့်နမ်းက သိုင်းသမား (၆) ယောက်ကို ဘာလုပ်ဖို့ ဖိတ်ခေါ်ခဲ့တာလဲ"

ထန်အဘိုးအိုက မချိုပြုံးကလေး ပြုံးလိုက်ရင်း စုမာရှဲ့က သူ၏နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီး ...

"ဆိုလိုတာက လီကျုန့်ဗွားဟာ သူတို့ (၆) ယောက်နဲ့ ဖောက်ပြန်ခဲ့တယ်ပေါ့"

ထန်အဘိုးအိုက သူ၏ ဦးခေါင်းကို ဘယ်ညာခါယမ်းလိုက်ရင်း ...



"ဖောက်ပြန်တာ မဟုတ်ဘူး၊ ချစ်တမ်းကစားခဲ့တာ၊ ဒါမှလည်း ... ကျုန့်ဗွားချိုးရဲ့ သခင်မဟာ မုဆိုးတစ်ပိုင်း မိန်းမရှိင်းလို့ သိုင်းလောကမှာ သတင်းဖြစ်စေမှာကိုး"

ဝေခုံးခုံးသည် သက်ပြင်းတစ်ချက် ချလိုက်ရင်း ...

"အင်း ... ဒီအကြောင်းကို သိတာဆိုလို့ အဘနဲ့ သိုင်းသမား (၆) ယောက်ပဲ ရှိတာပေါ့"

ထန်အဘိုးအိုသည် သူ၏ ဦးခေါင်းကို ညိတ်လိုက်ပြီး ...

"ဟုတ်တယ် ... ဒါပေမဲ့ ဘယ်သူကမှ ဒီအကြောင်း မပြောခဲ့လို့ သိုင်းလောကမှာ လီကျုန့်ဗွားရဲ့ သတင်း မပေါ်ခဲ့တာပေါ့"

ဝေ့ခုံးခုံးသည် တစ်စုံတစ်ခုအား စဉ်းစားမိဟန်ဖြင့် ...

"လီကျုန့်ဗွားဟာ စိတ်ပြောင်းသွားပြီး သူ့ရဲ့ မကောင်းသတင်းမပြန့်အောင် နှုတ်ပိတ်တာများလား"

ထန်အဘိုးအိုသည် ဦးခေါင်းကို ခါယမ်းလိုက်ပြီး ...

"နှစ်ပေါင်း (၂၀) ကြာပြီးမှ ဘာလို့ လိုက်နှုတ်ပိတ်တော့မှာလဲ"

စုမာရှဲ့သည် မျက်မှောင်ကုတ်၍ စဉ်းစားရင်း ...

"ဒါဆိုရင်လည်း လင့်ချစ်လျှိုကော မဖြစ်နိုင်ဘူးလား"

ထန်အဘိုးအိုက ဦးခေါင်းကို တွင်တွင်ခါယမ်းလိုက်ပြီး ...

"ပိုလို့တောင် မဖြစ်နိုင်သေးတယ်"

ဝေ့ခိုးခိုးက သူ၏နှာခေါင်းကို တစ်ချက်ပွတ်လိုက်ပြီး

"ဘာဖြစ်လို့လဲ"

ထန်အဘိုးအိုက နှုတ်ခမ်းမဲ့လိုက်ပြီး ...

"ငါကိုယ်တိုင် လင့်ချစ်လျှိုကို လိုက်ရှာပြီး သတ်ခဲ့လို့ပဲ"

အားလုံး၏ပါးစပ်သည် ပိတ်၍သွားလေတော့သည်။

✵

တိတ်ဆိတ်နေသည်။ ပတ်ဝန်းကျင်တစ်ခုလုံးသည် လေတိုး သံမှလွဲ၍ မည်သည့်အသံမျှ မကြားရချေ။

ထန်ဂေဟာသည်လည်း ငြိမ်သက်၍နေသည်။

ငြိမ်သက်ခြင်းလွှမ်းမိုးနေ၍ သက်ရှိများပင် မရှိဟု ထင်မှတ် ရလေသည်။

သို့သော် ထန်ဂေဟာ၏ ထမင်းစားခန်း၌ လူ (၅) ယောက် ရှိနေပါသည်။

ထိုလူ (၅) ယောက်မှာ လုံဆင်ပိ၊ ထန်ကြို့ချမ်၊ စုမာ့ရှဲ၊ ဝေ့ခိုးခိုးနှင့် ထန်အဘိုးအိုတို့ပင် ဖြစ်ပါသည်။

သူတို့သည် ညစာကို တိတ်ဆိတ်စွာ စားသောက်နေသည်။



သို့သော် လုံဆင်ပိ၏ရှေ့၌ရှိသော ထမင်းပန်းကန်သည် လုံးဝ အရာမယွင်းသေးချေ။

သူသည် ထမင်းစားချင်စိတ် မရှိပါ။ ထန်ကြို့ချင်းကို တွေ့ လိုစိတ်သာ ရှိနေပါသည်။

ဤဆန္ဒမှာ သူ၏ရင်တွင်းမှဆန္ဒသာ ဖြစ်ပါသည်။

သူ့ဆန္ဒကို ထုတ်ဖော်၍ သူ မပြောရဲပါ။

ထို့ကြောင့် ထမင်းဝိုင်း၌ ထိုင်၍ ငြိမ်သက်နေခြင်းပင် ဖြစ်ပါ သည်။

ငါးကြီးဆီဖြင့် ထွန်းသောမီးရောင်သည် ဝါကြန့်ကြန့်မျှသာ လင်းနေပါသည်။

ယင်းအလင်းရောင်သည် ထမင်းစားပွဲပေါ်၌ ကွက်ကွက် ကလေးသာ လင်း၍နေပါသည်။

အတန်ကြာသောအခါ လုံဆင်ပိသည် ထမင်းစားပွဲဝိုင်းမှ ထ လိုက်သည်။

ယင်းနောက် သူသည် အရှေ့ဆောင်ဘက်သို့ ထွက်ခွာသွား လေသည်။

✵

ဟန်ကျူးမြို့ပေါ်၌ မိုးတိမ်များ အုံ့ဆိုင်းနေသည်။

ထို့ကြောင့် ကောင်းကင်၌ ကြယ်ကလေးများပင် မရှိပါ။

သို့ဖြစ်၍လည်း ဝန်းကျင်တစ်ခုလုံးသည် မှောင်မည်း၍နေသည်။ လုံဆင်ပိသည် အရှေ့ဆောင်အား လှမ်း၍ ကြည့်လိုက်သည်။

အရှေ့ဆောင်မှ ဝါကြန့်ကြန့်မီးရောင်သည် အမှောင်ထုအား အံတု၍ ဖြာထွက်လျက် ရှိနေသည်။

လုံဆင်ပိသည် အရှေ့ဆောင်အား ကြည့်ရင်း သူ၏ရင်ထဲ၌ မဖော်ပြနိုင်သော ခံစားမှုတစ်ရပ်ကို ခံစားလိုက်ရလေသည်။

ထန်ကြို့ချင်း မည်သည့်နေရာသို့ ရောက်ရှိနေသနည်း။

ယင်းသို့တွေးလိုက်မိသည်နှင့် သူ၏ရင်သည် ခဲများ ဆွဲထားသကဲ့သို့ လေးလံလာလေသည်။

ထိုစဉ် ရုတ်တရက် ထန်ကြို့ချင်းအခန်းမှ လူရိပ်တစ်ရိပ် တွေ့လိုက်ရလေသည်။

ထို့ကြောင့် လုံဆင်ပိသည် ထန်ကြို့ချင်းအခန်းရှိရာသို့ တစ်ဟုန်ထိုး ပြေးထွက်သွားလေတော့သည်။



လုံဆင်ပိသည် ရပ်နေသည်။

သူသည် ထန်ကြို့ချင်း၏အခန်းတံခါးဝ၌ ရပ်၍နေသည်။ အခန်းထဲမှ လှုပ်ရှားသံများကို နားစွင့်နေခြင်း ဖြစ်သည်။

ပြီးမှ အခန်းတံခါးကို ရုတ်တရက် တွန်းဖွင့်လိုက်လေသည်။

အခန်းတံခါး ပွင့်သွားသည်နှင့် တစ်ပြိုင်နက် ...

'ဝိုး ဝိုး'

ဟူသော အသံနှင့်အတူ အဖြူရောင်အလင်းတန်းနှစ်ခုသည် လုံဆင်ပိထံသို့ ပစ်လွှတ်လာလေတော့သည်။

လုံဆင်ပိသည် သူ၏ခန္ဓာကိုယ်ကို ဘေးသို့ လျင်မြန်စွာ တိမ်းလိုက်လေသည်။ ထို့ကြောင့် ...

'ဒုတ် ဒုတ်'

ဟူသော အသံနှင့်အတူ ငွေရောင်ဆံထိုးနှစ်ခုသည် တံခါးပေါင်၌ စိုက်သွားလေတော့သည်။

အခန်းထဲမှ လူရိပ်သည် ဆံထိုးနှင့်ပစ်လိုက်ပြီး တစ်ဆက်တည်း ပြတင်းပေါက်ရှိရာသို့ လျင်မြန်စွာ ပြေးထွက်သွားလေသည်။

လုံဆင်ပိသည် ထိုလူရိပ်ထက် လျင်မြန်စွာ လှုပ်ရှားလိုက်လေသည်။

သူသည် ထိုလူရိပ်အား ခုန်၍ ဖမ်းလိုက်လေသည်။

ထို့ကြောင့် သူသည် ထိုလူရိပ်နှင့်အတူ လုံးထွေး၍ ပြတင်းပေါက်အပြင်သို့ လွင့်ကျသွားလေတော့သည်။

သူတို့သည် လုံးထွေးလျက် ပြတင်းပေါက်မှတစ်ဆင့် မြေပေါ်သို့ရောက်လာပြီး မြေပေါ်၌ (၂) ပတ်၊သုံးပတ်မျှ လိမ့်၍ သွားလေသည်။

ထို့နောက် လုံဆင်ပိသည် လျင်မြန်စွာထလိုက်ပြီး ထိုလူရိပ်အား ဖမ်းချုပ်ထားလိုက်လေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးသည် ထန်ကြို့ချင်း၏အခန်းမှဖြာ၍ ထွက်လာသော ဝါကြန့်ကြန့်အလင်းရောင်သာရှိသဖြင့် မှုန်ဝါး၍နေလေသည်။

ထို့ကြောင့် လုံဆင်ပိသည် မိမိဖမ်းချုပ်ထားသူမှာ မည်သူမည်ဝါမှန်း မသိချေ။

သို့သော် နူးညံ့သောအတွေ့အထိကြောင့် မိန်းကလေးတစ်ယောက်ဖြစ်မှန်းတော့ သိရှိလိုက်ရလေသည်။

❋



ပထမဆုံး မျက်လုံးပြူးသွားသူမှာ ထန်ကြို့ချွမ် ဖြစ်ပါသည်။

မူမာရှန့်နှင့် ဝေ့ခုံးခုံးသည် ထန်ကြို့ချွမ်၏ ပြောင်းလဲသွားသောအမူအရာကြောင့် ထန်ကြို့ချွမ်ကြည့်ရာသို့ လိုက်၍ ကြည့်လိုက်မိသည်။

ထန်အဘိုးအိုကလည်း သူတို့မျက်လုံးများ ရောက်ရှိရာအရပ်ကို လှမ်းကြည့်လိုက်မိသည်။

သူတို့၏ မျက်လုံးပေါင်း (၈) လုံးသည် ထမင်းစားခန်း၏ တံခါးဝသို့ ရောက်ရှိသွားလေသည်။

ထိုတံခါးပေါက်ဝ၌ လုံဆင်ပိနှင့်မိန်းကလေး ရပ်၍နေသည် မဟုတ်ပါလော။

လုံဆင်ပိသည် ယခုတိုင် မိန်းကလေးအား ဖမ်းချုပ်ထားဆဲပင် ဖြစ်ပါသည်။

အတန်ကြာမှ ထန်ကြို့ချွမ်သည် ထိုင်ရာမှထလိုက်ပြီး ...

"ပိန်းမေ ပိန်းမေ"

ဟုအော်ကာ မိန်းကလေးထံသို့ ပြေးသွားလေသည်။

သူသည် လုံဆင်ပိအား မျက်မှောင်တစ်ချက်ကုတ်၍ ကြည့်လိုက်ပြီး ...

"လုံဆင်ပိ ... ပိန်းမေကို ဘာလို့ချုပ်ထားရတာလဲ"

လုံဆင်ပိသည် ဘာမျှမပြောပါ။

သူသည် ပိန်းမေအား လွှတ်၍ ပေးလိုက်သည်။

ပိန်းမေသည် လုံဆင်ပိလက်မှ လွတ်သွားသည်နှင့် တစ်ပြိုင်တည်း ထန်ကြို့ချွမ်အား ခုန်၍ အုပ်လိုက်လေသည်။

ထန်ကြို့ချွမ်သည် ရုတ်တရက် ကြောင်သွားပြီး နောက်သို့ ကပျာကယာဆုတ်လိုက်သည်။

ထိုအချိန်တွင် လုံဆင်ပိသည် ရှေ့တစ်လှမ်းတိုးလိုက်ပြီး လက်ဝါးစောင်းဖြင့် ပိန်းမေ၏လည်ကုပ်သို့ ခပ်ဆတ်ဆတ်ကလေး ရိုက်ချလိုက်လေသည်။

ပိန်းမေသည် "အင့်" ဟု တစ်ချက်အော်လိုက်ပြီး ကြမ်းပေါ်သို့ ကျသွားလေတော့သည်။

လုံဆင်ပိသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး ပိန်းမေအား ပွေ့လိုက်လေသည်။

ထန်ကြို့ချွမ်သည် သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"ပိန်းမေဟာ သခင့်အပေါ်မှာ သစ္စာရှိတဲ့ မိန်းကလေးပဲ ဘယ်လိုများ ဖြစ်တာပါလိမ့်"

ဟု ညည်းညည်းညူညူ ပြောလိုက်လေသည်။ လုံဆင်ပိသည် သူ၏ဦးခေါင်းကို ညိတ်လိုက်ပြီး ...

"ကျုပ်လည်း ဒါကိုသိချင်နေတယ်"



ထန်အဘိုးအိုသည် သူတို့ထံသို့ လျှောက်၍လာပြီး ...

"လုံဆင်ပိ ... မင်း ပိန်းမေကို ကွပ်ပျစ်ပေါ်တင်လိုက်"

ဟု ပြောလိုက်သည်။

လုံဆင်ပိသည် ပိန်းမေအား ကွပ်ပျစ်ပေါ်သို့ အသာအယာ ချထားလိုက်သည်။

ထန်အဘိုးအိုသည် ပိန်းမေမျက်နှာအား ဖွင့်၍ ကြည့်လိုက်သည်။

ထို့နောက် ပိန်းမေ၏ပါးစပ်ကိုဟ၍ နမ်းကြည့်သည်။

ပြီးမှ ပိန်းမေ၏လက်ကို ဆုပ်ကိုင်လိုက်ပြီး သွေးခုန်နှုန်းကို စမ်းကြည့်သည်။

သူသည် ယင်းသို့ အတန်ကြာအောင် စမ်းသပ်ပြီးနောက် လုံဆင်ပိအား လှမ်း၍ကြည့်လိုက်ပြီး ...

"ပိန်းမအတုမဟုတ်ဘူး၊ ဒါပေမဲ့ ပိန်းမေဟာ တစ်စုံတစ်ခုရဲ့ လွှမ်းမိုးခြင်းကို ခံနေရတယ်"

စုမာရှဲ့က ဝင်၍ ...

"ဆေးတစ်မျိုးကိုများ သောက်မိသလား မသိဘူး"

ထန်အဘိုးအိုက သူ၏ဦးခေါင်းကို ညိတ်လိုက်ပြီး ...

"ဖြစ်နိုင်တယ်၊ မူးယစ်ဆေးဝါးတစ်မျိုးမျိုး ဒါမှမဟုတ် အာရုံကြောကို ထိုင်းမှိုင်းစေမယ့် ဆေးတစ်မျိုးမျိုး စားမိထားတာ

ထင်တယ်"

ထန်အဘိုးအိုသည် ယင်းသို့ပြောလိုက်ပြီး တစ်စုံတစ်ခုအား စဉ်းစားမိဟန်ဖြင့် ...

"ဟော့ ... ရှီမာ ရှီမာ"

ဟု လှမ်းအော်လိုက်လေသည်။

သူ၏အော်သံဆုံးသည်နှင့် တစ်ခဏအတွင်း ရှီမာ ရောက်ရှိလာလေသည်။

ထန်အဘိုးအိုသည် ရှီမာအား တစ်ချက်လှမ်းကြည့်လိုက်ပြီး

"မင်း စီးကျိုထုံးကို သွားခေါ်ချေ၊ အမြန်ဆုံး ခေါ်လာခဲ့"

ဟု အမိန့်ပေးလိုက်လေတော့သည်။

✲

စီးကျိုထုံး ရောက်သောအခါ ပိန်းမေသည် ကွပ်ပျစ်ပေါ်၌ မရှိတော့ချေ။

ထန်ကြို့ချမ်နှင့် ဝေ့ခုံးခုံးတို့သည် သူမကို သူမ၏အခန်းတွင်းသို့ ပြောင်းရွှေ့ထားပြီး ဖြစ်သည်။

စီးကျိုထုံးရောက်လာသောအခါ သူမသည် သတိရနေပြီ



ဖြစ်သည်။ သို့သော် သူမမျက်လုံးများသည် ငေးငိုင်၍ နေလေသည်။

သူမသည် သူမ၏ ခုတင်ပေါ်၌ ထိုင်၍နေပြီး အခန်း၏ မျက်နှာကြက်အား စိုက်၍ ကြည့်နေသည်။

စီးကျိုထုံးသည် သူမအား စမ်းသပ်၍ကြည့်ပြီးနောက် သူ၏ ဦးခေါင်းအား ဖြည်းညင်းစွာ ခါယမ်းလိုက်လေသည်။

ပြီးမှ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ရင်း ...

"ပိန်းမေရဲ့စိတ်က မမှန်တော့ဘူး"

ထန်ကြို့ချမ်သည် သူ၏ ဦးခေါင်းကို တစ်ချက်ကုပ်လိုက်ပြီး

"ဒါဆို ပိန်းမေကို ဘာမှ မေးလို့မရတော့ဘူးပေါ့"

စီးကျိုထုံးသည် သူ၏ ဦးခေါင်းကို ဖြည်းစွာညိတ်လိုက်ရင်း

"လောလောဆယ်တော့ ဘာမှ မေးလို့ရမှာ မဟုတ်ဘူး"

စီးကျိုထုံး၏ စကားဆုံးသည်နှင့် သူတို့အားလုံး၏ ခန္ဓာကိုယ်သည် နွမ်းနယ်သွားသည့်အလား ကုလားထိုင်များအပေါ်အားလုံး ခြေပစ်လက်ပစ် ထိုင်ချလိုက်ကြလေတော့သည်။

ဧည့်ခန်းတစ်ခုလုံးသည် တိတ်ဆိတ်၍နေသည်။

ထန်အဘိုးအို၊ ထန်ကြို့ချမ်၊ လုံဆင်ပိ၊ ဝေ့ခုံးခုံး၊ စုမာရှဲ့နှင့် စီးကျိုထုံးတို့သည် တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင် ထိုင်၍ နေကြသည်။

ယင်းသို့ ထိုင်၍ နေကြသော်လည်း တစ်ဦးနှင့်တစ်ဦး စကား

ပြောခြင်း မရှိကြချေ။

သူတို့၏ ရင်သည် လေးလံ၍နေသဖြင့် စကားပင်ပြောရန် အင်အားမရှိသကဲ့သို့ ဖြစ်နေလေသည်။

အတန်ကြာမှ စီးကျိုထုံးသည် ချောင်းတစ်ချက် ဟန့်လိုက်ပြီး ...

"အဟမ်း ...ကျုပ်ထင်တာ မလွဲဘူးဆိုရင်တော့ ပိန်းမေဟာ ဆေးတစ်ခုခုကြောင့် အခုလို စိတ်ပြောင်းသွားတာ ဖြစ်ရမယ်"

ဝေ့ခုံးခုံးသည် သူ၏ ဦးခေါင်းကို တစ်ချက်ညိတ်ပြရင်း ...

"ကျွန်တော် လွန်ခဲ့တဲ့ (၄) နှစ်လောက်က တိဗက်ပြည် ရောက်ခဲ့တယ်"

သူသည် သူ၏စကားကို ခေတ္တရပ်လိုက်ပြီး အခန်းထဲရှိ လူများကို တစ်ချက်ဝေ့ကြည့်လိုက်သည်။ ပြီးမှ သူ၏စကားကို ဆက်၍ ပြောလိုက်လေသည်။

"တိဗက်ပြည်မှာရှိတဲ့ မထင်မရှား ကျေးရွာတစ်ရွာကို ကျွန်တော် မျက်စိလည် လမ်းမှားပြီး ရောက်ခဲ့တယ်၊ အဲဒီကျေးရွာဟာ အင်မတန်မှပဲ ထူးဆန်းတယ်"

အခန်းထဲရှိ မျက်လုံး (၁၀) လုံးသည် ဝေ့ခုံးခုံးထံသို့ ရောက်လာသည်။

အခန်းထဲရှိ နားရွက် (၁၀) ခုသည် ဝေ့ခုံးခုံး၏ စကားသံ ရှိရာကို လိုက်၍လာသည်။



ဝေ့ခုံးခုံးသည် သူတို့အား တစ်ချက်ကြည့်လိုက်ပြီး သူ့စကားကို ဆက်ပြောပြန်သည်။

"ထူးဆန်းတာက အဲဒီကျေးရွာမှာရှိတဲ့ လူတွေပဲ။ သူတို့ဟာ အသိဉာဏ် ကင်းမဲ့နေသလို ငေးတိ ငေးငိုင်နဲ့ သွားလာ လှုပ်ရှားနေကြတယ်"

ထန်ကြို့ချမ်သည် စိတ်ဝင်စားသောလေသံဖြင့် ...

"ခင်ဗျား စုံစမ်းမကြည့်ဘူးလား"

ဝေ့ခုံးခုံးသည် သူ၏ ဦးခေါင်းကို ညိတ်ရင်း ...

"ကျုပ် စုံစမ်းကြည့်တာပေါ့၊ ဒါပေမဲ့ ဘာမှ ဟုတ်တိပတ်တိ စုံစမ်းလို့ မရခဲ့ဘူး"

ထန်အဘိုးအိုသည် ထန်ကြို့ချမ်အား တစ်ချက်စောင်း၍ ကြည့်လိုက်ပြီး ...

"ဝေ့ခုံးခုံး ...မင်း ပြောမှာသာ ပြောစမ်းပါ၊ ဒီကောင်မေးတာ ပြန်ဖြေမနေနဲ့"

ဟု ပြောလိုက်လေသည်။

ဝေ့ခုံးခုံးသည် သူ၏ နှာခေါင်းအား တစ်ချက်ပွတ်လိုက်ပြီး...

"ဟုတ်ကဲ့ ... ကျွန်တော် အဲဒီရွာရောက်တော့ ရွာခံတစ်ယောက်ကို စကားပြောကြည့်တယ်၊ ဒါပေမဲ့ ..."

စုမာရှဲ့သည် သူ၏ မျက်ခုံးမွေးအား ကျုံ့လိုက်ရင်း ...

"ဒါပေမဲ့ ခင်ဗျားကို ဘာမှ ပြန်မပြောဘူး မဟုတ်လား"

ဝေ့ခုံးခုံးသည် သူ၏ ဦးခေါင်းအား ညိတ်ရင်း ...

"ဟုတ်တယ် ... ဘာမှ ပြန်မပြောဘူး၊ ဒါဖြင့် ကျုပ်ရှိနေတယ်ဆိုတာတောင် မသိသလိုဘဲ သွားလာလှုပ်ရှားနေကြတယ်"

ဝေ့ခုံးခုံးသည် သူ၏စကားကို ခေတ္တရပ်လိုက်ပြီး တစ်စုံတစ်ရာအား စဉ်းစားမိဟန်ဖြင့် မျက်မှောင်ကုတ်လိုက်လေသည်။ ပြီးမှ...

"ဒါပေမဲ့ တစ်ခုထူးဆန်းတာက ခေါင်းလောင်းသံကြားလိုက်တာနဲ့ တစ်ပြိုင်နက် သူတို့ဟာ ကြွက်ပျောက် ငှက်ပျောက်ပျောက်ကုန်တော့တာပဲ"

ထန်ကြို့ချွမ်သည် ဝင်၍ ...

"ခေါင်းလောင်းသံ ဘယ်က ပေါ်လာတာလဲ"

ဝေ့ခုံးခုံးသည် သူ၏ဦးခေါင်းကို ခါယမ်းလိုက်ပြီး ...

"ခေါင်းလောင်းသံနဲ့ အဲဒီခေါင်းလောင်းကို ဘယ်သူက မြည်အောင် လှုပ်တာလဲဆိုတာ ကျုပ် (၆) လတိတိ အဲဒီမှာနေပြီး စုံစမ်းခဲ့တယ်"

ထန်ကြို့ချွမ်က နှုတ်ခမ်းတစ်ချက် တွန့်လိုက်ပြီး ...

"ဒါပေမဲ့ ခင်ဗျားစုံစမ်းလို့ မရခဲ့ဘူး မဟုတ်လား"

ဝေ့ခုံးခုံးသည် သူ၏ ဦးခေါင်းကို ညိတ်ရင်း ...



"ဒါပေမဲ့ ကျုပ် တစ်ခုစုံစမ်းလို့ ရခဲ့တာရှိတယ်"

စုမာရှဲ့၏ မျက်လုံးသည် ဝိုင်းစက်၍ သွားပြီး ...

"ဘာကိုလဲ"

ဝေ့ခုံးခုံးသည် တစ်ချက် ပြုံးလိုက်ပြီး ...

"သူတို့အားလုံးဟာ တစ်စုံတစ်ယောက်၊ ဒါမှမဟုတ် အဖွဲ့အစည်းတစ်ခုက ဆေးဝါးတစ်မျိုး ထုတ်ဖော်တဲ့နေရာမှာ အစမ်းသပ်ခံ ပစ္စည်းတစ်ခု ဖြစ်တယ်ဆိုတာပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့အားလုံးကို အမှတ်စဉ် တပ်ထားလို့ပဲ"

အခန်းထဲရှိ လူများ၏ ပါးစပ်များ ဟ၍သွားလေသည်။

ထို့နောက် အခန်းထဲရှိ လူများသည် တစ်ယောက်မျက်နှာတစ်ယောက် လှမ်း၍ကြည့်လိုက်ကြလေသည်။

ယင်းသို့ ကြည့်လိုက်သောအကြည့်တွင် မယုံကြည်နိုင်သော အံ့အားသင့်သောအသွင်သဏ္ဌာန်များ ပါသွားခဲ့သည် မဟုတ်ပါလော။

✻

(၅) လ၊ (၁၈) ရက် ...

ရာသီဥတုသည် သာယာလျက်ရှိသည်။

သုံးလ၊ (၁၈) ရက်မှ ယနေ့အထိဆိုလျှင် နှစ်လတင်းတင်း ပြည့်ခဲ့ပြီ ဖြစ်သည်။ ယင်းနှစ်လအချိန်ဆိုသည်မှာ အလွန်ပင် တို တောင်းသော အချိန် ဖြစ်ပါသည်။

သို့သော် ယင်းတိုတောင်းသောအချိန်အတွင်း၌ သိုင်း လောကတွင် ထိတ်လန့်စရာများ ကြုံခဲ့ရသည် မဟုတ်ပါလော။

❋

(၅) လ၊ (၁၈) ရက်

ရာသီဥတုသာယာလျက်ရှိသည်။

အထူးသဖြင့် ဟန်ကျုံးမြို့၏ရာသီဥတုသည် ပိုပြီး သာယာ လျက် ရှိလေသည်။

ဟန်ကျုံးမြို့မှ ထန်ဂေဟာသည် သာယာသော နေရောင် ခြည်အောက်၌ အလွန်ပင်စိုပြည်လှပသည်ဟု ပြောစမှတ်ရှိခဲ့သည်။

သို့သော် ယခု ထန်ဂေဟာသည် ခြောက်သွေ့၍နေသည်။ ထန်ဂေဟာ၏ သခင်မလေး ထန်ကြို့ချင်း ပျောက်ဆုံးသည့်နေ့မှစ၍ ထန်ဂေဟာသည် ခြောက်သွေ့ခဲ့သည် မဟုတ်ပါလော။ ထန်ကြို့ချင်း



ပျောက်ဆုံးနေသည်မှာ ယနေ့ဆိုလျှင် (၁၀) ရက်တိုင်ပြီ ဖြစ်လေ သည်။

ထို (၁၀) ရက်အတွင်း ထန်အဘိုးအိုနှင့် ထန်ကြို့ချမ်ငှ့် သည် ထန်ကြို့ချင်းသတင်းကို စုံစမ်းခဲ့လေသည်။

လုံဆင်ပိ၊ ဝေ့ခိုးခိုးနှင့် စုမာရှဲ့တို့သည်လည်း သတင်းအစ အနရစေရန် အစွမ်းကုန် ကြိုးစားခဲ့ကြလေသည်။

သို့တိုင်အောင် သူတို့သည် ထန်ကြို့ချင်း၏သတင်းကို မရရှိခဲ့ပေ။

ထန်အဘိုးအိုသည် မိုင်ပေါင်းများစွာဝေးသော ‘ချင်ဟုန်’ မြို့မှ အသက်ရှင်ဆေးတိုက်သို့ပင် ရောက်ခဲ့သည်။ သို့သော် ...

‘အသက်ရှင်ဆေးတိုက်’ ဟူသော စာတန်းမှလွဲ၍ ဘာမျှ မတွေ့ခဲ့ရချေ။

ထို့ပြင် ယင်း (၁၀) ရက်အတွင်း၌ ကျန့်နမ်းနယ်မှ သိုင်း သမား (၆) ဦး အဆိပ်ခတ်ခြင်းခံခဲ့ရလေသည်။

သူတို့သည် အဆိပ်ပြယ်သွားခဲ့သော်လည်း ပင်ကိုမှတ် ဉာဏ် ပြန်လည်ရရှိရန် ရက်ပေါင်း (၃၀) ခန့် အနားယူရမည် ဖြစ်သည်။

သို့သော် သူတို့သည် (၁၀) ရက် မပြည့်မီပင် [illegible]ကြွခဲ့ [illegible]ကြရလေသည်။

သူတို့ကို မည်သူမည်ဝါသတ်မှန်း မည်သူမျှ မသိကြချေ။ သို့ရာတွင် သူတို့၏အလောင်းတွင် (၆) လ၊ (၆) ရက်ဟု ရေးထားသည်ကို တွေ့ခဲ့ရသည်မဟုတ်ပါလား။

ဤသို့ဆိုလျှင် (၆) လ (၆) ရက်ဆိုသည်မှာ မည်သို့သော အဓိပ္ပာယ်ဆောင်သနည်း။ ထန်ကြို့ချင်းပျောက်ဆုံးခြင်းနှင့် သက်ဆိုင်နေသလော။ ကျန့်ဝှားချီးနယ်၏ လျှို့ဝှက်ချက်တစ်ခုပေလော။

✵

ထန်ဂေဟာသည် ခြောက်သွေ့၍နေသည်။ ခြောက်သွေ့၍ နေခြင်းထက် အထီးကျန်၍ နေသည်ဟုဆိုက ပို၍ မှန်လိမ့်မည်ဟု ရှီမာ တွေးလိုက်မိသည်။

အဘယ်ကြောင့်ဆိုသော် ထန်ဂေဟာတွင် ရှီမာတစ်ယောက်သာ ကျန်နေသည် မဟုတ်ပါလား။

စီးကျိုထုံးသည် ဝိန်းမေအား ဆေးကုသရန် ခေါ်၍သွားခဲ့သည်။

ထန်အဘိုးအို၊ ဝေ့ခုံးခုံးနှင့် စုမာရှဲ့သည် ထန်ကြို့ချင်း ရှိနိုင်မည်ထင်သောနေရာများသို့ ရှာဖွေရန် ထွက်ခွာသွားခဲ့သည်။



ထန်ကြို့ချမ်နှင့်လုံဆင်ပိတို့သည် ယနေ့မနက် အရုဏ်မတက်မီကပင် ကတိုက်ကရိုက်ဖြင့် ထွက်ခွာသွားခဲ့လေသည်။

ထို့ကြောင့် ထန်ဂေဟာတွင် ရှီမာတစ်ယောက်သာ ကျန်ခဲ့လေတော့သည်။

ရှီမာသည် အထီးကျန်ဆန်လှသော ထန်ဂေဟာကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး သက်ပြင်းတစ်ချက်ချကာ ထန်ဂေဟာ၏ ဧည့်ခန်းဆောင်ထဲသို့ ဝင်ရောက်သွားလေတော့သည်။

✵

လမ်းမကြီးတစ်ခု …

မြေနီလမ်းမကြီးတစ်ခု။ ယင်းလမ်းမပေါ်တွင် မြင်းလှည်းတစ်စီး ပြေးလွှားနေသည်။

မြင်းလှည်းသည် အလွန်ပင် ဟောင်းနွမ်းနေပြီ ဖြစ်သည်။ သို့သော် လမ်းမပေါ်၌ တရိပ်ရိပ် လျင်မြန်စွာ ပြေးနေဆဲပင် ဖြစ်သည်။ ယင်းမြင်းလှည်းကို လုံဆင်ပိက မောင်းနှင်ပြီး သူ၏ဘေးတွင် ထန်ကြို့ချမ်ထိုင်၍ လိုက်ပါလာလေသည်။

ကောင်းကင်ပေါ်၌ မိုးတိမ်များကင်းစင်၍နေသည်။

ရာသီဥတုသည် သာယာလှသည်။ သို့သော် လုံဆင်ပိနှင့် ထန်ကြို့ချမ်၏ရင်ထဲ၌ ခဲများ ဆွဲထားသကဲ့သို့ လေးလံ၍နေသည်။ လုံဆင်ပိသည် မြင်းလှည်းအား တစ် ဟုန်ထိုးမောင်းနှင်၍ နေသည်။

သူ၏စိတ်သည် တစ်ဟုန်ထိုးပြေးလွှားနေသော မြင်းလှည်း ထက် ပို၍မြန်နေလေသည်။

ထန်ကြို့ချမ်၏ခန္ဓာကိုယ်သည် အလွန်ဝသည်။ သို့သော် သူ၏ စိတ်သည် 'ဟိုယက်ကျင်း'မြို့သို့ ရောက်လိုသောဆန္ဒ ပြင်းပြ နေခြင်း၌ တူညီနေသည် မဟုတ်ပါလော။

ဟိုယက်ကျင်းမြို့သည် ယင်းလမ်းမကြီး၏ တစ်ဖက်၌ ရှိနေ ပေသည်။

✵

ဟိုယက်ကျင်းမြို့ ...

ယင်းမြို့မှ 'ဟိုယက်ကျင်းစားတော်ဆက်' သည် နာမည်ကြီး လှပေသည်။

ဟိုယက်ကျင်းဆိုသည်မှာ 'ကြာရွက်' ဟု အဓိပ္ပာယ်ရပါ သည်။



သို့သော် ဟိုယက်ကျင်းစားတော်သည် 'ကြာရွက်' ဟင်း ကြောင့် နာမည်ကြီးခြင်းမဟုတ်ပါ။

ဘဲငန်းသားဖြင့်ကြော်သော ခေါက်ဆွဲကြော်ကြောင့် ဖြစ်ပါ သည်။ ဟိုယက်ကျင်း စားတော်ဆက်မှ ဘဲငန်းသားခေါက်ဆွဲကြော် သည် အခြားဆိုင်များထက် ဈေးနှစ်ဆပို၍ ကြီးသည်။

ထို့ကြောင့် တခြားဆိုင်များထက်နှစ်ဆပို၍ ကောင်းသည်။ သင်သည် ယင်းဆိုင်မှ ဘဲငန်းသားခေါက်ဆွဲကြော်ကို တစ်ပန်းကန်စား လျှင် သင်သည် ယင်းဆိုင်မှ ထွက်ခွာနိုင်မည်မဟုတ်တော့ပါ။

လုံဆင်ပိသည် ယင်းဆိုင်မှ ဘဲငန်းသားခေါက်ဆွဲကြော်ကို စားဖူးသည်။ ငန်သော ဘဲငန်းသားခေါက်ဆွဲကြော်၊ ချဉ်သော ဘဲငန်း သားခေါက်ဆွဲကြော်တို့သည် ဤဆိုင်၏ နာမည်ကြီးဟင်းလျာများပင် ဖြစ်ပါသည်။

သို့သော် ယခု လုံဆင်ပိသည် ဟိုယက်ကျင်းမြို့သို့ လာခြင်း မှာ ဟိုယက်ကျင်းစားတော်ဆက်မှ ဘဲငန်းသားခေါက်ဆွဲကြော်ကို စားရန်မဟုတ်ပါ။ လူတစ်ယောက်ကို တွေ့ရန်ပင် ဖြစ်ပါသည်။

ထိုလူမှာ 'စူးတချူ'ပင် ဖြစ်ပါသည်။ စူးတချူ ...

ယင်း၏အဓိပ္ပာယ်မှာ ကြွက်ကြီးဖြစ်ပါသည်။ သို့သော် ကြွက်တစ်ကောင် မဟုတ်ပါ။ လူတစ်ယောက်၏အမည်သာ ဖြစ်ပါ သည်။

ကြွက်သည် စုတ်ချွန်းချွန်းနိုင်၍ ညစ်ပတ်သည်။ ထိုလူသည် ရုပ်ရည်သန့်ပြန့်ပြီး သန့်ရှင်းသည်။ အနည်းငယ်မျှညစ်ပတ်လျှင် သူ မနေတတ်ပါ။

ကြွက်သည် အစာရှာရာ၌ တော်သည်။ သူသည် သတင်းစုဆောင်းရာ၌ တော်သည်။ ထို့ကြောင့် သူ၏ချမ်းသာကြွယ်ဝမှုသည် သတင်းစကားများပင် ဖြစ်ပေသည်။

သူ၌ အမြဲတမ်းငွေမရှိပါ။ သို့သော် သူ၌ အမြဲတမ်း သတင်းတစ်ခုခု ရှိနေတတ်ပါသည်။ သူထောက်လှမ်းမိသောသတင်းများသည် အများအားဖြင့် မှန်တတ်သည်။

ထို့ကြောင့် သူသည် သူ၌ ငွေမရှိသော်လည်း ပူပန်ခြင်းမရှိချေ။ သူထောက်လှမ်း၍ရသောသတင်းများသည် သူ၏ ငွေကြေးများပင် မဟုတ်ပါလော။

သင်သည် မည်သည့်အကြောင်းအရာကို သိလိုသနည်း။ သူနှင့်ဆက်သွယ်ပါ။ သူသည် သင့်အား ခရေစေ့တွင်းကျ ပြောပြပေလိမ့်မည်။

ထို့ပြင် သူသည် သင့်အတွက် မထင်မှတ်သော အကြံဉာဏ်များကိုလည်း ပေးတတ်သည်။ သို့သော် သင်သည် ဤဆိုင်မှ ဘဲငန်းသားခေါက်ဆွဲကြော်၏အရသာ မည်သို့ရှိသနည်းဟုမေးလျှင်မူ သူ ဖြေနိုင်မည် မဟုတ်ပါ။



မည်သို့ပင်ဆိုပါစေ သူသည် ဤဆိုင်မှ ဘဲငန်းသားခေါက်ဆွဲကြော်ကို နှစ်သက်သည်မှာ အမှန်ပင် ဖြစ်ပေသည်။

အထူးသဖြင့် သူသည် ဘဲငန်းသားခေါက်ဆွဲကြော်တစ်ခွက်ကို စားပြီးသည်နှင့် သုံးခွက်မပြည့်မခြင်း ဤဆိုင်မှ မခွာနိုင်တော့ချေ။

ယခု သူသည် ဘဲငန်းသားခေါက်ဆွဲကြော် သုံးခွက်ကုန်သွားပြီဖြစ်သော်လည်း ဤဆိုင်မှ မခွာနိုင်သေးချေ။

အဘယ်ကြောင့်ဆိုသော် သူသည် လုံဆင်ပိအား စောင့်နေခြင်းကြောင့် ဖြစ်လေသည်။

ထို့ကြောင့် သူသည် စတုတ္ထမြောက်ဘဲငန်းသားခေါက်ဆွဲကြော်အား လှမ်း၍မှာလိုက်လေတော့သည်။

✵

သတင်းဆိုသည်မှာ စိတ်ဝင်စားသူများအတွက် တန်ဖိုးရှိသည်။ စိတ်မဝင်စားသူများအတွက် ထိုသတင်းမှာ တန်ဖိုးမရှိချေ။

ထို့ကြောင့် သတင်းရောင်းသူတစ်ယောက်မှာ သတင်းဝယ်မည့်သူကို မှန်ကန်စွာ ရွေးချယ်တတ်ရန် လိုပေသည်။

ရှူးတချူးအဖို့ ဤကိစ္စမှာ ထမင်းစားရေသောက်သကဲ့သို့ လွယ်ကူပေသည်။

ယခု သူသည် သိုင်းလောကမှ လျှို့ဝှက်သတင်းတစ်ခုကို ရရှိခဲ့သည်။

ဤသတင်းကို လုံဆင်ပိ စိတ်ဝင်စားမည်ဟု သူယုံကြည်သည်။

ထို့ကြောင့် သူသည် လုံဆင်ပိသို့ လူလွှတ်၍ စာတစ်စောင် ပေးပို့ခဲ့လေသည်။ ယင်းစာသည် ဂိုတိုနှင့်ရှင်းရှင်း ရေးသားထားလေသည်။ ယင်းစာမှာ ...

'တုထိကျန်း မသေသေးပါ' ဟူ၍ ဖြစ်သည်။ ယင်းစာတွင် လက်မှတ်ရေးထိုးထားခြင်း မရှိပါ။ သို့သော် ယင်းစာရွက်၏လက်ရာဘက်ထောင့်တွင် 'အင်းစာလုံး' တချို့ ရေးသားထားလေသည်။

တခြားလူတစ်ယောက်၏မူရင်းစာသည် မည်သို့မျှ နားလည်နိုင်မည် မဟုတ်ပါ။

သို့သော် ယင်းအင်းစာများကို တွေ့သည်နှင့် လုံဆင်ပိသည် သူ့ထံမှစာဖြစ်ကြောင်း နားလည်လိမ့်မည်ဟု ယုံကြည်ထားသည် မဟုတ်ပါလော။



ယခု ဘဲငန်းသား ခေါက်ဆွဲကြော်ပန်းကန်သည် စတုဗ္ဗမြောက်ပန်းကန် ဖြစ်သည်။ ရှူးတချူသည် ယင်းပန်းကန်အား ယူ၍ စတင်စားလိုက်သည်။

ယင်းသို့ စားလိုက်သည်နှင့် တစ်ပြိုင်တည်း စတုဗ္ဗမြောက်ခေါက်ဆွဲကြော်ပန်းကန်သည် တစ်စုံတစ်ခု ထူးခြားနေသည်ဟု ထင်လိုက်လေသည်။

ထို့ကြောင့် သူသည် ပန်းကန်ထဲသို့ သေချာစွာ ကြည့်လိုက်လေသည်။ ပန်းကန်ထဲတွင် ရွှေပြားကလေး သေးသေးတစ်ချပ် ပါလာလေသည်။

သူသည် ရွှေပြားကလေးအား ကောက်ယူလိုက်သည်။ ယင်းရွှေပြားကလေးအပေါ်၌ စာလုံးအချို့ရေးထားသည်ကို တွေ့လိုက်ရသည်။

သူသည် ယင်းစာလုံးအား ဖတ်လိုက်ပြီးသည်နှင့် တစ်ပြိုင်တည်း သူ၏လက်သည် တုန်၍လာပြီး သူ၏မျက်နှာသည် မဲ၍ သွားလေတော့သည်။ ယင်းစာလုံးများမှာ ...

'အမြန်ထွက်သွားပါ။ အသက်အန္တရာယ်ရှိသည်' ဟူ၍ ဖြစ်သည် မဟုတ်ပါလော။

ဘဲငန်းသားခေါက်ဆွဲကြော်သည် အရသာရှိပါသည်။ သို့သော် စူးတချူသည် ယင်းခေါက်ဆွဲကြော်အား စားချင်စိတ် မရှိတော့ပေ။ သူသည် အိမ်ပြန်၍ ပိန်းဥပြုတ်ကိုသာ စားချင်လာလေသည်။

သို့သော် သူသည် အိမ်သို့ အသက်နှင့်ခန္ဓာတွဲ၍ ပြန်နိုင်ပါမည်လောဟု တွေးမိလိုက်သည်။

သူသည် စဉ်းစားရင်း ကြောက်ရွံ့လာလေသည်။ သူသည် သတင်းရောင်းသူတစ်ယောက်သာ ဖြစ်သည်။ သတ္တိ မရှိချေ။

ထိုစဉ် သူသည် စားသောက်ဆိုင်ရှေ့မှ လူပ်ရှားမှုတစ်ခုကို မြင်တွေ့လိုက်ရလေသည်။

ဟိုယက်ကျင်းစားတော်ဆက်၏ရှေ့၌ ဈေးသည်အနည်းငယ် ရှိနေသည်။ သို့သော် ယင်းဈေးသည်များမှာ ဈေးသည်အစစ်မဟုတ်ချေ။ သူတို့သည် သိုင်းလောကမှ ကြေးစားလူသတ်သမားများဖြစ်ကြောင်း စူးတချူ သိလိုက်လေသည်။

ထို့ကြောင့် သူ၏မျက်နှာသည် သွေးဆုတ်၍သွားပြီး ဖြူဖွေးလာလေတော့သည်။ သူ၏တူကိုင်ထားသောလက်သည် ချော်



စေးများဖြင့် စေးထန်း၍လာလေသည်။

ထိုစဉ် ရုတ်တရက် သူသည် တစ်စုံတစ်ရာကို စဉ်းစားမိလိုက်လေသည်။ ထိုလူသတ်သမားများသည် အဘယ်ကြောင့် ဆိုင်ထဲသို့ ဝင်မလာဘဲ ဆိုင်ရှေ့၌ စုရုံးနေရသနည်း။

ထို့ပြင် သူတို့၏ဟန်အမူအရာမှာ ဆိုင်ထဲသို့ ဝင်သင့်မဝင်သင့် စဉ်းစားချင့်ချိန်နေဟန် ဖြစ်နေသည် မဟုတ်ပါလော။ ထို့ကြောင့် စူးတချူသည် ဆိုင်ထဲသို့ တစ်ချက်ဝေ့ကြည့်လိုက်သည်။

သူ၏မျက်လုံးများသည် ဆိုင်၏ဝဲဘက်စားပွဲသို့ရောက်သောအခါ ရပ်တန့်၍သွားပြီး ဝမ်းသာသည့်အရိပ်အယောင် ပေါ်လာလေတော့သည်။

အဘယ်ကြောင့်ဆိုသော် ဝဲဘက်စားပွဲတွင် လုံဆင်ပိန်နှင့် ထန်ကြိုးချုမ် ထိုင်နေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

အန္တရာယ်ဟူသည်မှာ အရောင်အဆင်း အနံ့အရသာမရှိပါ။ သို့သော် သိုင်းလောကသားများအဖို့ အရောင်အဆင်း အနံ့အရသာ ရှိပါသည်။ အန္တရာယ်အရောင်မှာ သွေးနီရောင် ဖြစ်ပါသည်။

အနံ့မှာ သွေးညှီနံ့ ဖြစ်ပါသည်။ အရသာမှာ သွေး၏ အရသာမျိုးပင် ဖြစ်ပါသည်။

ထို့ကြောင့် လုံဆင်ပိသည် စူးတချု၏စာနှင့်အတူ သွေးညှီနံ့ ပါလာသည်ဟု ခံစားရလေသည်။

သို့ဖြစ်၍လည်း သူသည် စူးတချုအား တွေ့ရန် ဟိုယက်ကျင်းသို့ ထန်ကြို့ချမ်နှင့်အတူ ကတိုက်ကရိုက် ထွက်ခွာလာရသည် မဟုတ်ပါလော။

သူသည် ဟိုယက်ကျင်းမြို့နှင့် နီးလာလေလေ အန္တရာယ် အငွေ့အသက်ကို ခံစားရလေလေဖြစ်သည်မဟုတ်ပါလော။

သို့သော် ဟိုယက်ကျင်းစားတော်ဆက်သို့ ရောက်လာသော အခါ စူးတချုအား အသက်ရှင်လျက် တွေ့မြင်လိုက်ရသဖြင့် အနည်း ငယ် စိတ်သက်သာသွားခဲ့ရလေသည်။

သို့သော်လည်း ဆိုင်ရှေ့မှဈေးသည်များက သူတို့အား အနည်းငယ် စိတ်အနှောင့်အယှက် ဖြစ်စေခဲ့လေသည်။

မည်သို့ပင်ဆိုပါစေ သူတို့သည် စူးတချုအား တွေ့ရပြီ ဖြစ်၍ ထုတိကျန်းနှင့် ပတ်သက်၍ တစ်စွန်းတစ်စ သိရတော့မည် မဟုတ်ပါလော။

✲



ကြို့ချန်းကို။ သူသည် ဟိုယက်ကျင်း စားတော်ဆက်ပိုင်ရှင် ဖြစ်ပါသည်။ ဟိုယက်ကျင်းမြို့မှ လူများက သူ့အား ဦးကြီးကြို့ဟု ခေါ်ကြသည်။

သူသည် အသက် (၆၀) ကျော်နေပြီ ဖြစ်သော်လည်း ကျန်း မာသန်စွမ်းတုန်းပင် ဖြစ်ပါသည်။ သူ့တွင် သား (၈) ယောက်ရှိ သည်။ သို့သော် ချွေးမ (၁၆) ယောက် ရှိပေသည်။

သူ၏ရှစ်ယောက်မြောက်သားငယ်သည် ပြီးခဲ့သည့်နှစ်က လက်ထပ်ခဲ့လေသည်။ ထိုအချိန်က လုံဆင်ပိသည် ဟိုယက်ကျင်းစား တော်ဆက်၌ ဘဲငန်းသား ခေါက်ဆွဲကြော်ကို စားနေခဲ့သည်။

ဦးကြီးကြို့သည် အလွန်ကပ်စေးနှဲသူတစ်ဦးဖြစ်သည့် အလျောက် သူ၏ရှစ်ယောက်မြောက်သားငယ် မင်္ဂလာပွဲမြူလုပ်ချိန် ၌ပင် ဆိုင်ကိုဖွင့်ထားခဲ့သည် မဟုတ်ပါလော။

ယခု သူ၏ချွေးမအငယ်ဆုံးသည် ကိုယ်ဝန်ရှိနေပြီ ဖြစ်သည်။ ဦးကြီးကြို့သည် ဆိုင်အပြင်ဘက်သို့ မကြာခဏကြည့် ရင်း ...

"အင်း ... ခက်တဲ့ကလေးမပဲ၊ ဗိုက်ကြီးတကားကားနဲ့ လျှောက် သွားနေတယ်၊ ကြံသကာဝယ်တာ တစ်ယောက်ယောက်ခိုင်းလည်း ရသားနဲ့ ကိုယ်တိုင်ကိုယ်ကျ ဝယ်ရတယ်လို့ ... ပြောပဲမပြောချင်ဘူး"

ဟု ညည်းညူလိုက်လေသည်။ သူ၏ ညည်းညူသံမဆုံးမီပင် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးသည် အထုပ်တစ်ထုပ်ပိုက်လျက် ဆိုင်ထဲသို့ဝင်ရောက်လာလေတော့သည်။ သူမမှာ ဦးကြီးကြို့၏ ချွေးမအငယ်ဆုံးပင် ဖြစ်သည်မဟုတ်ပါလော။

✵

ကိုယ်လေးလက်ဝန် အရင့်အမာရှိနေသဖြင့် သူမ၏ လှုပ်ရှားမှုများ နှေးကွေးနေသည်။ သူမသည် တစ်လှမ်းချင်း နှေးကွေးစွာ လှမ်း၍ ဆိုင်ထဲသို့ ဝင်ရောက်လာလေသည်။

ရူးတချူထိုင်နေသော စားပွဲသို့ရောက်သောအခါ ရုတ်တရက် ခလုတ်တိုက်၍ လဲကျသွားလေသည်။

သူမ၏ လက်ထဲမှ ကြံသကာထုပ်မှာလည်း ကြမ်းပြင်ပေါ် ပြန့်ကျဲ၍ ကျသွားလေတော့သည်။ သူမ ရုတ်တရက်လဲကျသွားသဖြင့် ရူးတချူ၏ရင်သည် ထိတ်၍သွားလေသည်။

ကိုယ်ဝန်အရင့်အမာရှိနေသူတစ်ဦးအတွက် ယခုကဲ့သို့ လဲကျရန် မသင့်ပေ။ ရူးတချူသည် သတင်းရှောင်းသူတစ်ဦးဖြစ်သော်လည်း စိတ်ထားကောင်းသူ ဖြစ်ပေသည်။



ထို့ကြောင့် သူသည် ကပျာကယာထ၍ သူမအား ထူပေးလိုက်လေသည်။ ထိုစဉ် ရုတ်တရက် ခြေထောက်တစ်ချောင်း၏ ပြင်းထန်စွာကန်ခြင်းကိုခံလိုက်ရလေတော့သည်။

ထို့ကြောင့် သူသည် နောက်သို့လွင့်စဉ်၍ သွားလေတော့သည်။ သို့သော် ရူးတချူ၏မျက်နှာသည် ဒေါသအရိပ်အယောင်မပြဘဲ ကျေးဇူးတင်သည့်အမူအရာဖြင့် သူ့အား ခြေဖြင့်ကန်သူကို ကြည့်လိုက်လေသည်။

သူ့အား ခြေ ဖြင့်ပြင်းထန်စွာကန်လိုက်သူမှာ နှင်းဓားဗေဒါသိုင်းသမားလုံဆင်ပိပင် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် လုံဆင်ပိသည် သူ၏အသက်အား ကယ်တင်ခဲ့ခြင်းပင် မဟုတ်ပါလော။

✵

ဦးကြီးကြို့၏ချွေးမသည် ရူးတချူက ထူမလိုက်သည်နှင့် တစ်ပြိုင်တည်း သူမ၏ အင်္ကျီလက်နှင့် ဝှက်၍ထားသော ဓားဖြင့် ရူးတချူအား ထိုးစိုက်ချလိုက်လေသည်။

သို့သော် လုံဆင်ပိက ရူးတချူအား ကန်လိုက်သောကြောင့်

လွဲချော်သွားလေသည်။ ယင်းသို့ လွဲချော်သွားသည်နှင့်တစ်ပြိုင်တည်း သူမသည် ဓားကိုကိုင်၍ လေထဲ၌ တစ်ချက်ဝဲပျံလိုက်လေသည်။

သူမသည် ကိုယ်ဝန်ကြောင့် လမ်းလျှောက်စဉ် နှေးကွေးသော်လည်း ယခုကဲ့သို့ တိုက်ခိုက်သောအခါ အလွန်လျင်မြန်လှပေသည်။ ရှူးတချူသည် ယခုမှ ဦးကြီးကြို့၏ချွေးမသည် ကိုယ်ဝန်သည် မဟုတ်ဘဲ ရက်စက်သည့် လူသတ်သမားဖြစ်မှန်း သိရှိလေတော့သည်။

ဦးကြီးကြို့၏ချွေးမသည် လေထဲ၌ လိပ်ပြာတစ်ကောင်ကဲ့သို့ ဝဲပျံ၍နေသည်။ အကယ်၍ သူမ၏လက်ထဲ၌ ဓားရှိမနေလျှင် ဤကဲ့သို့ဝဲပျံနေခြင်းသည် အလွန်မှလှပသော ကကြိုးတစ်ကွက် ဖြစ်ပေလိမ့်မည်။

သို့သော် သူမသည် ကနေခြင်း မဟုတ်ပါ။ လူသတ်ရန် ဓားကို ဝှေ့ယမ်းနေခြင်းသာ ဖြစ်ပါသည်။ လုံဆင်ပိသည် ခံ့ညားသောလေသံဖြင့် ...

"ကိုယ်ဝန်ကတော့ အတုပဲ၊ အဲ ...ဓားကတော့ အစစ်ပါလား"

ဟု ပြောလိုက်သည်။ ထိုစဉ် ရုတ်တရက် ဦးကြီးကြို့၏ ချွေးမသည် သူ့အား (၇) ချက်တိတိ ဆက်တိုက်တိုက်ခိုက်လိုက်လေသည်။ သူမ၏ဓားချက်များသည် လုံဆင်ပိအား တစ်ချက်မျှ ထိခြင်း



မရှိပါ။ သို့သော် လုံဆင်ပိ၏လက်ဝါးစောင်းတစ်ချက်သည် သူမ၏ ဓားကိုင်ထားသောလက်အား ရိုက်မိလေသည်။ ထို့ကြောင့် ...

'ဒေါက်'

ဟူသောအသံနှင့်အတူ သူမ၏လက်မှဓားသည် ကြမ်းပြင်ပေါ်သို့ကျသွားပြီး သူမ၏လက်သည် ရောင်ကိုင်းလာလေတော့သည်။

ဦးကြီးကြို့သည် ရုတ်တရက် ...

"လာကြပါဦး ... ကျုပ်ချွေးမကို စော်ကားနေတယ်" ဟု အော်ဟစ်လိုက်လေသည်။ လုံဆင်ပိသည် မျက်မှောင်တစ်ချက် ကုတ်လိုက်ပြီး ...

"သူက ကိုယ်ဝန်သည်မှ မဟုတ်ဘဲ"

ဦးကြီးကြို့က နှုတ်ခမ်းတစ်ချက် မဲ့လိုက်ပြီး ...

"ကျုပ်တွေ့တာတော့ သူဟာ ကိုယ်ဝန်သည်ပဲ"

လုံဆင်ပိက အေးစက်စွာဖြင့် ...

"ကိုယ်ဝန်သည်အစစ်ဆိုရင် မင်းက သူ့ကို အပြင်ထွက်ခွင့်ပြုမှာမဟုတ်ဘူး၊ ပြီးတော့ သူ့ရဲ့ခြေနဲ့လက်ဟာ ကိုယ်ဝန်သည် တစ်ယောက်ရဲ့ ခြေနဲ့လက်မျိုး မဟုတ်ဘူး"

ဦးကြီးကြို့က သူ၏ မျက်ခုံးမွေးများကို အောက်သို့ နှိမ့်ချလိုက်ပြီး ...

"ကျုပ်ကတော့ သူ့ရဲ့ခြေတွေလက်တွေကို မတွေ့ဘူး၊ မင်းက ကျုပ်ချွေးမကို စော်ကားတာပဲ တွေ့တယ်"

ထိုစဉ် ရုတ်တရက် ...

"ဟုတ်တယ် ... မင်းက ကိုယ်ဝန်သည်ကို စော်ကားတာပဲ တွေ့တယ်"

ဟူသော အသံသည် ဆိုင်၏တံခါးဝမှ ထွက်ပေါ်လာလေတော့သည်။

✵

(၄) ယောက်။

စုစုပေါင်း လေးယောက်။

ချေးသည် လေးယောက်။

သို့သော် သူတို့သည် ချေးသည်နှင့်မတူပါ။ အကယ်၍ သူတို့သည် ချေးသည်ဖြစ်လျှင် သူတို့ရောင်းသော ကုန်ပစ္စည်းများမှာ အန္တရာယ်များပင် ဖြစ်ပေလိမ့်မည်။

လုံဆင်ပိသည် သူတို့အား တစ်ယောက်စီ စိုက်၍ ကြည့်လိုက်သည်။



ထိုအချိန်အခါ၌ ဦးကြီးကြို့၏ချွေးမသည် တိတ်တဆိတ် နောက်သို့ ဆုတ်ခွာသွားပြီ ဖြစ်လေသည်။ သူမသည် ဤနေရာ၌ ဆက်၍ရှိနေရန် မသင့်တော့ပြီ မဟုတ်ပါလော။

လုံဆင်ပိသည် ဆိုင်တံခါးဝ၌ရပ်နေသော လူလေးယောက်ကို အေးစက်စွာကြည့်လိုက်သည်။ ထိုလူများထဲမှ အသက်အငယ်ဆုံးလူသည် အသက် (၃၅) နှစ်ကျော်ပြီ ဖြစ်သည်။

ထိုလူသည် အရပ်ပုပြီး မျက်နှာတစ်ခုလုံး ကျောက်ပေါက်မာများနှင့်ပြည့်နှက်၍နေလေသည်။ သူ၏လက်များသည် လူဝံ၏လက်များကဲ့သို့ တခြားလူ၏လက်များထက် ပို၍ရှည်လေသည်။

သူ၏လက်ထဲတွင် ဝါးရင်းတုတ်တစ်ချောင်း ကိုင်၍ထားလေသည်။ လုံဆင်ပိသည် မထေ့တထေ့လေး ရယ်မောလိုက်ရင်း ...

"ရီနမ်ရဲ့ လူဝံတစ်စုံဟာ အခုတော့ တစ်ယောက်တည်း ကျန်ပါတော့လား"

ဟု ပြောလိုက်လေသည်။ သိုင်းလောကတွင် ရီနမ်နယ်မှ လူဝံတစ်စုံသည် လွန်ခဲ့သော (၅) နှစ်ခန့်က ကျော်ကြားခဲ့လေသည်။

ယခု ဝါးရင်းတုတ်ကို ကိုင်၍ရပ်နေသူမှာ ရီနမ်၏လူဝံတစ်စုံမှ "ဟိုတာရုံ" ဖြစ်ပေသည်။ ဟိုတာရုံ၏အစ်ကို လူဝံဖြူမှာ ဇေ့ခုံးခုံး၏လက်ချက်ဖြင့် သေဆုံးခဲ့ပြီဖြစ်သည်။ လုံဆင်ပိသည် အေးစက်စက် ပြုံးရင်း ...

"မင်းလည်း ဒေါသသိပ်မကြီးနဲ့။ ပညာဘယ်လောက် တော်တော် ဒေါသကို မထိန်းနိုင်ရင် လူ့ဝံပြုရဲ့နောက်ကို လိုက်သွားရလိမ့်မယ်"

ဟို့တရုံသည် ဒေါသသံဖြင့် ...

"ကျုပ် အခုလာတာ မင်းရဲ့ဆုံးမသြဝါဒကို နားထောင်ဖို့ မဟုတ်ဘူး"

လုံဆင်ပိသည် အနားခွဲရှိသော စားပွဲပေါ်သို့ တင်ပါးလွှဲထိုင်လိုက်ရင်း ...

"ဒါဖြင့် ဆုံးမသြဝါဒပေးဖို့လား"

ဟို့တရုံသည် သူ၏ ဝါးရင်းတုတ်ကို လေထဲ၌ တစ်ချက် ဝှေ့ယမ်းလိုက်ပြီး ...

"ဟုတ်တယ် ... ကိုယ်ဝန်သည်မိန်းမကို စော်ကားတာဟာ ဘယ်လောက် အပြစ်ကြီးတယ်ဆိုတဲ့အကြောင်း ပြောပြမလို့"

လုံဆင်ပိသည် နှုတ်ခမ်းရွှဲ၍ တစ်ချက်ပြုံးလိုက်ပြီး ...

"အင်း ... ဝေ့ခုံးခုံးသာရှိရင် ဒီလိုပညာရှိတဲ့ ဦးနှောက်မျိုးကို နှိုးချင်မှာပဲ"

ဟို့တရုံသည် ရုတ်တရက် စိတ်ဆိုးမာန်ဆိုးဖြင့် ...

"မင်းကို ကျုပ်အစ်ကိုအတွက်ပါ ကလဲ့စားချေရမယ်"

လုံဆင်ပိသည် လက်ခါခါ ခြေခါခါဖြင့် ...



"မလုပ်ပါနဲ့ဗျာ ... ကျုပ်က ခင်ဗျားအစ်ကိုကို လက်ဖျားနဲ့တောင် မတို့ခဲ့ပါဘူး"

ဟို့တရုံက သူ၏ ဦးခေါင်းကို ခါယမ်းပြီး ...

"ဝေ့ခုံးခုံးက ကျုပ်အစ်ကိုကို သတ်ခဲ့တာပဲ"

လုံဆင်ပိသည် သူ၏ဦးခေါင်းကို ညိတ်လိုက်ရင်း ...

"ဟုတ်ပါတယ်၊ မင်းရဲ့အစ်ကိုမှာ လူသတ်စားပြတိုက်တဲ့ ဦးနှောက်ရှိနေတော့"

ဟို့တရုံက သူ၏ ဝါးရင်းတုတ်ဖြင့် လုံဆင်ပိအား ညွှန်ရင်း...

"မင်းက ဝေ့ခုံးခုံးရဲ့ သူငယ်ချင်းဆိုတော့ မင်းဟာ ကြံရာပါပဲ၊ ဒါကြောင့် မင်းလိုလူမျိုးကို ဒီနေ့ ကျုပ်သတ်ရင် လောကပေါ်က သတ္တဝါတွေ စိတ်ချမ်းသာလိမ့်မယ်"

ထိုစဉ် ထန်ကြို့ချွမ်သည် လုံဆင်ပိနှင့် ဟို့တရုံကြား၌ ဝင်၍ ရပ်လိုက်ပြီး ...

"မင်းအစ်ကိုရဲ့ ဦးနှောက်မျိုးကို ဝေ့ခုံးခုံးက မခုတ်ဘူးဆိုရင် ငါက ခုတ်ပြီး ခွေးကျွေးလိုက်မယ်၊ ဝေ့ခုံးခုံးက လက်ဦးသွားလို့ ငါ မခုတ်လိုက်ရဘူး။ ဒါပေမဲ့ မင်းရဲ့ဦးနှောက်ကို ဝေ့ခုံးခုံးမခုတ်ခင် ငါ အရင်ခုတ်ပြီး ခွေးကျွေးပစ်မယ်"

ဟု ပြောလိုက်လေသည်။ ဟို့တရုံ၏မျက်နှာသည် ဒေါသကြောင့် နီရဲ၍လာပြီး ဘာမျှပြန်မပြောချေ။ သို့သော် သူသည်

လက်ထဲမှဝါးရင်းတုတ်အား ရုတ်တရက် ဝှေ့ယမ်းလိုက်ပြီး ထန်ကြို့ချမ်အား တိုက်ခိုက်လိုက်လေသည်။

'ဂှစ် ဂှစ် ဂှစ်'

ဟူသော အသံနှင့်အတူ ဝါးရင်းတုတ်သည် ထန်ကြို့ချမ်၏ ခန္ဓာကိုယ်တစ်ခုလုံးအား လွှမ်းခြုံသွားလေတော့သည်။ ဟို့တရုံ၏ ခန္ဓာကိုယ်သည် ပုကွသော်လည်း သူကိုင်ဆောင်သော ဝါးရင်းတုတ်သည် ကြီးမားလေသည်။

ထို့ကြောင့် ဟို့တရုံ၏သိုင်းကွက်သည် ဖြတ်လတ်မည်ဟု မထင်ရပေ။ သို့သော် တကယ်တမ်း တိုက်ခိုက်သောအခါ သူ၏ လှုပ်ရှားမှုသည် လေကဲ့သို့ လျင်မြန်လှပေသည်။

ဟို့တရုံသည် သူ၏ဝါးရင်းတုတ်ဖြင့် ထန်ကြို့ချမ်အား တိုက်ခိုက်လိုက်လေသည်။

ဟို့တရုံသည် ဒေါသကြီးသော်လည်း ရန်သူအားတိုက်ခိုက်သောအခါ အလျင်စလိုမဖြစ်ချေ။

သူသည် သိုင်းကွက် (၁) ကွက်တိုက်ခိုက်တိုင်း ထိရောက်မှုရှိစေသည်။ သို့သော် ထန်ကြို့ချမ်သည် ဟို့တရုံ၏တိုက်ကွက်များကို နေရာတစ်ချက်မရွေ့ဘဲ ဘယ်ညာယိမ်း၍ ရှောင်တိမ်းခဲ့လေသည်။ လုံဆင်ပိသည် သူ၏ ဦးခေါင်းကို ခါယမ်းရင်း ...

"ကျွတ် ကျွတ် ... မင်းရဲ့သိုင်းပညာဟာ မင်းအစ်ကိုကို



မမီပါလား"

ဟု ညည်းညူလိုက်လေသည်။ ထိုစဉ် ...

'ဖြောင်း' ဟူသော အသံနှင့်အတူ ဟို့တရုံ၏ဝါးရင်းတုတ်သည် ထက်ပိုင်းကျိုးသွားလေတော့သည်။ ထို့ကြောင့် ဟို့တရုံသည် နောက်သို့ ခြေလှမ်းသုံးလှမ်းမျှ ကပျာကယာ ဆုတ်လိုက်လေသည်။

သို့သော် ထန်ကြို့ချမ်၏ လက်ဝါးစောင်းတစ်ချက်သည် သူ၏ရင်ဝသို့ ရိုက်မိခဲ့သဖြင့် သူသည် နောက်သို့ လဲကျသွားလေတော့သည်။

ယင်းသို့လဲမကျသွားမီ အချိန်တဒင်္ဂအတွင်း၌ ထန်ကြို့ချမ်၏လက်ချောင်းငါးချောင်းသည် ဟို့တရုံ၏မျက်နှာပေါ်သို့ ကျရောက်သွားလေတော့သည်။

"လက်ငါးချောင်းသိုင်းကွက်"

ဟု လွှတ်ခနဲ ပြိုင်တူအော်ဟစ်လိုက်လေသည်။ ဟို့တရုံသည် လဲကျရာမှ ကပျာကယာထလိုက်သည်။ သူသည် ထန်ကြို့ချမ်အား အံ့အားသင့်ဟန်ဖြင့် စိုက်ကြည့်လိုက်ရင်း ...

"မင်း မင်း မင်း"

ဟို့တရုံသည် သူ၏စကားမဆုံးမီ လဲကျသွားလေတော့သည်။ သူ၏ခန္ဓာကိုယ်နှင့် ကြမ်းပြင်မထိမီပင် သူ၏ဝိညာဉ်သည် သူ၏ခန္ဓာကိုယ်မှ ထွက်ခွာသွားခဲ့လေသည်။

ထန်ကြို့ချမ်သည် ကြမ်းပြင်၌ လဲကျသေဆုံးနေသော ဟို့တရုံအား တစ်ချက်ကြည့်လိုက်ရင်း ...

"လုံဆင်ပိပြောတယ် မဟုတ်လား ... မင်းရဲ့သိုင်းပညာဟာ မင်းအစ်ကိုရဲ့ သိုင်းပညာကို မမီဘူးလို့"

ဟု ပြောလိုက်လေသည်။ သို့သော် ဟို့တရုံတစ်ယောက် ကြားနိုင်လိမ့်မည် မဟုတ်ချေ။

✻

ယခု ဈေးသည်သုံးယောက်သာ ကျန်တော့သည်။ သူတို့သည် ဆိုင်ပေါက်ဝ၌ ရပ်နေဆဲဖြစ်သည်။

ဟို့တရုံ သေဆုံးသည့်တိုင် သူတို့သည် နောက်ဆုတ်၍ မသွားချေ။

သို့သော်လည်း ရှေ့သို့လည်း တိုး၍မလာချေ။ လုံဆင်ပိသည် နှစ်မြို့က်စွာ တစ်ချက်ပြုံးလိုက်ရင်း ထိုလူစုအား လက်တစ်ချက် ဝှေ့ယမ်းပြလိုက်လေသည်။ ပြီးမှ ...

"တကယ်လို့များ မင်းတို့ဟာ လူသတ်ပြီး နှုတ်ပိတ်ဖို့ ကြိုးစားချင်ရင် ထန်သခင်လေးကို မေးသင့်တယ်"



ထန်ကြို့ချမ်သည် နှုတ်ခမ်းတစ်ချက် မဲ့လိုက်ပြီး ...

"သူတို့ရဲ့ ဦးနှောက်ဟာ ထက်မြက်မယ်ဆိုရင် အခုအချိန်မှာ သူတို့ဟာ ဒီနေရာက ဝေးနိုင်သမျှ ဝေးအောင်သွားမှာပဲ"

ထိုလူသုံးယောက်သည် ထန်ကြို့ချမ်၏ စကားကို ရှင်းလင်းပီသစွာ ကြားလိုက်ပါသည်။

သို့သော် သူတို့သည် နားပင်နေသူများပမာ တုတ်တုတ်မျှ မလှုပ်ချေ။ လုံဆင်ပိသည် တစ်ချက်ရယ်မောလိုက်ပြီး ...

"သူတို့က သေမှာ မကြောက်ဘူးနဲ့တူတယ်"

"ဟုတ်တယ် ... သူတို့က သေမှာကို မကြောက်ဘူး"

ယင်းစကားသည် ထိုလူသုံးယောက်၏ နောက်ဘက်မှ ပေါ်ထွက်လာသော အသံပင် ဖြစ်ပါသည်။

ယင်းအသံသည် ကြည်လင်မှုမရှိဘဲ အက်ကွဲသောလေသံ ဖြစ်ပါသည်။ လုံဆင်ပိနှင့် ထန်ကြို့ချမ်သည် အသံကြားရာသို့ လှမ်း၍ ကြည့်လိုက်သည်။

ထိုစဉ် ဆိုင်ပေါက်ဝ ၌ ပိတ်၍ရပ်နေသော လူသုံးယောက်၏ နောက်မှ လူရိပ်တစ်ခု ပေါ်ထွက်လာလေသည်။ ထိုလူရိပ်သည် အက်ကွဲသောလေသံဖြင့် ...

"ကျန့်ဗွားချီးရဲ့ လူသတ်သမားတွေဟာ ဘယ်တော့မှ သေမှာကို မကြောက်ကြဘူး"

ဟု ပြောရင်း ဆိုင်ထဲသို့ တစ်လှမ်းချင်း ဝင်လာလေတော့သည်။

✲

လုံဆင်ပိနှင့် ထန်ကြို့ချမ်သည် ကြီးမားသော ဓားတစ်လက်ကို ဦးစွာ မြင်တွေ့လိုက်ရသည်။ ဓားသည် သံချေးအထပ်ထပ်နှင့် ဖြစ်သည်။ သို့သော် ဓားသွားတွင် ခြောက်သွေ့သော သွေးများ စွန်းထင်း၍ နေလေသည်။

ဓားသည် ကြီးမားသော်လည်း ယင်းဓားကိုကိုင်ဆောင်သူမှာ ပိန်လှီသော အဘိုးအိုတစ်ဦး ဖြစ်ပါသည်။ ထို့ကြောင့် လုံဆင်ပိနှင့် ထန်ကြို့ချမ်တို့သည် ဆိုင်ထဲသို့ ကြီးမားသောဓားတစ်လက် ဝင်လာသည်ဟု ထင်ရခြင်း ဖြစ်ပါသည်။

အဘိုးအိုသည် သူ၏ခြေလှမ်းများကို ရပ်တန့်လိုက်သည်။ ထိုအချိန်၌ ဟိုယက်ကျင်းမြို့၏ရာသီဥတုသည် ရုတ်တရက် ဆိုးရွားလာလေတော့သည်။

ဟိုယက်ကျင်းမြို့ပေါ်မှ ကောင်းကင်တစ်ခုလုံးသည် ညိုမည်း၍ လာလေသည်။ ညင်သာစွာ တိုက်ခတ်နေသောလေသည် ရုတ်တရက် ပြင်းထန်လာခဲ့လေသည်။



ရုတ်တရက် ငြိမ်သက်၍သွားလေသည်။ ထို့နောက် လေပြင်းတစ်ချက် ခပ်ကြမ်း ကြမ်း တိုက်ခတ်လိုက်လေသည်။

ထို့ကြောင့် အဘိုးအို၏အနက်ရောင်ဝတ်စုံသည် ခပ်ကြမ်းကြမ်း လှုပ်ခါ၍နေပေသည်။ အဘိုးအို၏ မီးခိုးရောင်ဆံပင်သည် သပ်ရပ်စွာ စုစည်းထားခြင်းမရှိသဖြင့် လေပြင်း၏တိုက်ခတ်မှုနှင့်အတူ လှုပ်ယမ်းနေလေသည်။

လုံဆင်ပိနှင့်ထန်ကြို့ချမ်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ပြီး ...

"မိုးကြိုးသရဲ လွှီဂူကွေ့ပါလား" ဟု လွှတ်ခနဲ ပြိုင်တူရေရွတ်လိုက်လေသည်။

✲

မိုးကြိုးသရဲ လွှီဂူကွေ့။

သိုင်းလောကတွင် ..."အရက်ချိုးဖျက်ဓား" ဟု နာမည်ကြီးခဲ့သူ ဖြစ်ပေသည်။ သူသည် အရက်ကြိုက်သော မိဘနှစ်ပါးမှ မွေးဖွားလာသူတစ်ဦး ဖြစ်သည်။

သို့သော် သူသည် မွေးကတည်းက အရက်လုံးဝမသောက်။

အရက်ကြိုက်သောမိဘနှစ်ပါးမှ မွေးဖွားလာသော်လည်း အရက်ကြိုက်သူတစ်ဦး မဟုတ်ချေ။ ထို့ပြင် သူ့မိဘများသည် အရက်မူးလာသည့်အခါ အမြဲတမ်း ခွန်းကြီးခွန်းငယ် စကားများတတ်ပေသည်။

သူ (၅) နှစ်သားခန့်ရောက်သောအခါ သူ့မိဘနှစ်ပါးများသည် အရက်မူး၍ အကြီးအကျယ်စကားများပြီး တစ်ဦးကိုတစ်ဦး ရက်စက်စွာ သတ်ဖြတ်ခဲ့လေသည်။

ထို့ကြောင့် သူသည် (၅)နှစ်သားမှစ၍ သူ့ဘဝကို သူရုန်းကန်ခဲ့ရလေတော့သည်။ ထိုအချိန်မှစ၍ သူသည် အရက်မူးသူများကို လွန်စွာမုန်းတီးခဲ့လေတော့သည်။

အမှန်မှာ သူသည် သူ့ဘဝ၏ငယ်စဉ်ကအဖြစ်အပျက်များသည် ယခုတိုင် စိတ္တဇဝေဒနာတစ်ရပ်အဖြစ် စွဲကပ်လာခဲ့ပေတော့သည် မဟုတ်ပါလား။

(၂၆) နှစ် ...

လွန်ခဲ့ သော (၂၆) နှစ်။

ယင်းအချိန်က သိုင်းလောကတွင် အသင်းတစ်သင်း ပေါ်ပေါက်ခဲ့လေသည်။ ထိုအသင်း မှာ 'အရက်သမားများအသင်း' ပင် ဖြစ်ပါသည်။

ထိုအသင်း၏ အသင်းဝင်များမှာ အရက်ကို အသက်ထက်



တန်ဖိုးထားသူများပင် ဖြစ်သည်။

ထို့ပြင် ယင်းအသင်း၌ သိုင်းလောကမှ ထိပ်တန်းသိုင်းသမားများလည်း ပါဝင်ပေသည်။ အထူးသဖြင့် ထိုအသင်း၏ ခေါင်းဆောင် 'ပေါင်ပုချွေ'သည် သိုင်းလောက၌ အလွန်နာမည်ကြီးသူတစ်ဦး ဖြစ်ပေသည်။

သူ၏'အရက်မူးသိုင်းကွက်'သည် မည်သူမျှမယှဉ်နိုင်အောင် ကျော်ကြား သောသိုင်းကွက်ပင် ဖြစ်သည် မဟုတ်ပါလော။ သို့သော် ယင်း အသင်း စတင်ဖွဲ့စည်းပြီး သုံးလအကြာ၌ အရက်ချိုးဖျက်ဓား၏ ဖျက်စီးခြင်းကို ခံလိုက်ရလေသည်။

ယင်းအချိန်မှစ၍ မိုးကြိုးသရဲသည် သိုင်းလောက၌ အရက်ချိုးဖျက်ဓားသမားဟု နာမည်ကျော်ကြားလာခဲ့ပေတော့သည်။ ယခု အရက်ကြိုက်သောသူနှင့် အရက်မုန်းသောသူတို့သည် ဟိုယက်ကျင်း၌ ဆုံတွေ့နေပြီ ဖြစ်လေသည်။

ထိုထက်ပို၍ စိတ်ဝင်စားဖွယ်ကောင်းသောကိစ္စတစ်ရပ်မှာ မိုးကြိုးသရဲ လှိုဝူကွေ့သည် ကျန့်ဝှားချိုးနှင့်ပတ်သက်နေခြင်းပင် ဖြစ်သည်မဟုတ်ပါလော။

❋

လုံဆင်ပိ၏ရင်သည် သံခဲများဆွဲထားသကဲ့သို့ လေးလံ၍ နေလေသည်။ ကျန့်ဟွားချိုး၌ မိုးကြိုးသရဲနှင့် တိန်းမေရင်းတို့ ရှိနေခြင်းသည် မည်မျှအန္တရာယ်ရှိကြောင်း လုံဆင်ပိ တွေးမိသည် မဟုတ်ပါလော။

တစ်ဆက်တည်းမှာပင် ကျန့်ဟွားချိုး၌ မည်သို့ပြောင်းလဲမှုမျိုး ဖြစ်နေသနည်းဟု သိချင်စိတ် ပြင်းပြလာသည်။ သူသည် ဟိုယက်ကျင်းမြို့သို့မလာမီ ကျန့်ဟွားချိုးနှင့်ပတ်သက်၍ စုံစမ်းသိခဲ့လေသည်။

သို့သော် လွန်ခဲ့သောနှစ် (၂၀) က သိုင်းလောကတွင် ဗျိုင်းဝါစံအိမ်နှင့်ပတ်သက်သော ပုံပြင်ရှိခဲ့ဖူးကြောင်း၊ ယင်းစံအိမ်မှလူများသည် ချဲ့ချုံးကွမ်းအရပ်၌ နေထိုင်ကြောင်းမှ လွဲ၍ ချဲ့ချုံးကွမ်းအရပ်သည် မည်သည့်နေရာ၌ရှိကြောင်း မသိခဲ့ရချေ။

ဤသို့ဆိုလျှင် ချဲ့ချုံးကွမ်းအရပ်သည် ကျန့်ဟွားချိုးနယ်ပင် ဖြစ်မည်လော။ မည်သို့ပင်ဆိုပါစေ ချဲ့ချုံးကွမ်းအရပ်သည် မည်သည့်နေရာ၌တည်ရှိကြောင်း မည်သူမျှမသိသလို ကျန့်ဟွားချိုးနယ်သည်လည်း မည်သည့်အရပ်၌ တည်ရှိကြောင်း မည်သူမျှ မသိချေ။

သို့သော် သိုင်းလောကသားများသည် ကျန့်ဟွားချိုး၏ အမည်အား ကြားဖူးသည်ကို စုံစမ်းသိရှိခဲ့လေသည်။ ဤသည်မှာ ကျန့်ဟွားချိုး၏သခင်မ လီကျန့်ဟွားသည် အလွန်လှပသောကြောင့်ပင် ဖြစ်ပေတော့သည်။



ဤသို့ဆိုလျှင် ယခုအချိန်၌ လီကျန့်ဟွားသည် ကျန့်ဟွားချိုး၌ အာဏာရှိနေဆဲပင်လော။ သို့တည်းမဟုတ် ကျန့်ဟွားချိုးတွင် မည်သို့မည်ပုံပြောင်းလဲနေပြီလော။

မည်သို့ပင်ဆို ပါစေ ကျန့်ဟွားချိုး၌ မိုးကြိုးသရဲ လွီဂူကွေ့နှင့် တိန်မေရင်းတို့ ရှိနေခြင်းသည် မကောင်းသောလက္ခဏာတစ်ရပ်ပင် မဟုတ်ပါလော။

✵

ကြီးမားသောဓားသည် လွီဂူကွေ့၏ ခေါင်းပေါ်သို့ ဝှေ့ယမ်းနေလေသည်။ ယင်းသို့ဝှေ့ယမ်းသဖြင့်ပေါ်ထွက်လာသောအသံသည် တဖြည်းဖြည်းနှင့် ကြောက်မက်ဖွယ်ရာ ကောင်းလာလေသည်။

ရုတ်တရက် လွီဂူကွေ့၏ခန္ဓာကိုယ်သည် လေထဲသို့ မြောက်တက်သွားပြီး ထန်ကြို့ချွမ်ရှေ့သို့ ကျလာလေသည်။ သူသည် ထန်ကြို့ချွမ်ရှေ့သို့ ရောက်သည်နှင့်တစ်ပြိုင်တည်း

သူ၏ကြီးမားသောဓားသည် ထန်ကြို့ချွမ်၏ဦးခေါင်းပေါ်သို့ ကျရောက်လာလေတော့သည်။ အကယ်၍ ထန်ကြို့ချွမ်သည် နောက်သို့ ခြေလှမ်းသုံးလှမ်းမျှမဆုတ်မိလျှင် သိုင်းလောကမှ အရက်

ချိုးတစ်ယောက် ပျောက်ဆုံးရပေလိမ့်မည် ဖြစ်ပေသည်။ ယခုမူ ထန်ကြို့ချွမ်သည် နောက်သို့ ခြေသုံးလှမ်းမျှ လျင်မြန်စွာဆုတ်လိုက်သဖြင့် လို့ဝူကွေ့၏ဓားသည် လေကိုသာ ခုတ်မိလေတော့သည်။

လို့ဝူကွေ့သည် တစ်ချက်ပြုံးလိုက်ပြီး ရုတ်တရက် သူ၏သိုင်းကွက်ကို တစ်မျိုးပြောင်းလဲ အသုံးပြုလိုက်လေသည်။ ဓားသည် မြွေတစ်ကောင်ပမာ ထန်ကြို့ချွမ်ထံသို့ ဝင်ရောက်သွားပြီး ရုတ်တရက် ပျောက်ကွယ်သွားလေသည်။

အမှန်မှာ ဓားသည် ပျောက်ကွယ်သွားခြင်း မဟုတ်ပါ။ ဓားကို လျင်မြန်စွာ လှည့်ပတ်ဝှေ့ယမ်းလိုက်သဖြင့် ဓားကို မမြင်တွေ့ရခြင်းပင် ဖြစ်ပါသည်။ ဓားသည် သံချေးအထပ်ထပ်ရှိနေသဖြင့် အရောင်တောက်ပခြင်း မရှိပါ။

သို့သော် တဝီဝီအော်မြည်နေသော ဓား၏အသံသည် ဟို ယက်ကျင်းစားသောက်ဆိုင်တစ်ဆိုင်လုံး လွှမ်းခြုံ၍နေလေတော့သည်။ ယင်းတဝီဝီအော်မြည်သံသည် ရုတ်တရက် ရပ်တန့်သွားလေသည်။ ယင်းသို့ ရပ်တန့်သွားသည်နှင့်တစ်ပြိုင်တည်း ထန်ကြို့ချွမ်၏ဝသောခန္ဓာကိုယ်အား ခုတ်ချခြင်း ခံလိုက်ရလေသည်။

သို့သော် လို့ဝူကွေ့၏ဓားသည် ထန်ကြို့ချွမ်၏ခန္ဓာကိုယ်အား ခုတ်ပိုင်းခြင်းမပြုမီ တဒင်္ဂအတွင်း ထန်ကြို့ချွမ်၏ လက်နှစ်ဖက်ဖြင့် ဖိညှပ်ထားခြင်း ခံရလေသည်။



ထန်ကြို့ချွမ်သည် လို့ဝူကွေ့၏ဓားအား လက်နှစ်ဖက်ဖြင့် ဖိညှပ်ထားပြီး တစ်ဆက်တည်း သူ၏ညာဘက်ခြေထောက်ဖြင့် လို့ဝူကွေ့အား ပတ်၍ကန်လိုက်လေသည်။

'ဖတ်' ဟူသောအသံနှင့်အတူ လို့ဝူကွေ့သည် သူ၏လက်ဖြင့် ထန်ကြို့ချွမ်၏ခြေထောက်အား တားလိုက်ပြီး တစ်ဆက်တည်း ထန်ကြို့ချွမ်၏ခန္ဓာကိုယ်အား မြှောက်တင်လိုက်လေသည်။

ထန်ကြို့ချွမ်သည် ရုတ်တရက် မထင်မှတ်သော တိုက်ကွက်ဖြင့် တိုက်ခိုက်ခြင်းခံလိုက်ရသဖြင့် သူ၏ခန္ဓာကိုယ်သည် လေထဲသို့ မြောက်တက်သွားလေသည်။

ထန်ကြို့ချွမ်သည် ကြမ်းပေါ်သို့ ပြန်ကျလာသည်နှင့် တစ်ပြိုင်တည်း သူ၏ခန္ဓာကိုယ်သည် တစ်ပတ်လှည့်လိုက်ပြီး လို့ဝူကွေ့၏ဝမ်းဗိုက်ကို လက်သုံးချောင်းဖြင့် ထိုးလိုက်လေသည်။

လို့ဝူကွေ့သည် ရှောင်တိမ်းခြင်း မပြုပါ။ သူသည် အေးစက်စွာ တစ်ချက်ပြုံးလိုက်ပြီး ရှေ့သို့ တိုးလိုက်လေသည်။

ထန်ကြို့ချွမ် ၏ခန္ဓာကိုယ်ဝသဖြင့် လှုပ်ရှားမှုနှေးသည်ဟု ထင်ရသည်။

သို့သော် သူ၏ဦးနှောက်သည် တခြားလူများထက် ပို၍ လျင်မြန်သည်။

အခြေအနေကို တစ်ချက်မျှ အကဲခတ်ရုံမျှနှင့် မည်သို့

ပြုလုပ်ရမည်ကို ဆုံးဖြတ်ပြီးဖြစ်နေသည် မဟုတ်ပါလော။

ယခုလည်း လှိုင်ဝှက္ကေ့က နောက်သို့ဆုတ်၍ ရှောင်တိမ်းခြင်း မပြုဘဲ ရှေ့သို့တိုး၍လာသဖြင့် လှိုင်ဝှက္ကေ့၏ထူးခြားမှုကို သတိပြုလိုက်မိလေသည်။

ထို့ကြောင့် လှိုင်ဝှက္ကေ့ဝမ်းဗိုက်ကို ထိုးချလိုက်သောသူ၏ လက်ချောင်းများကို အမြန်ရုပ်သိမ်းလိုက်ပြီး ခန္ဓာကိုယ်ကို တစ်ပတ်လှည့်ကာ နောက်ကို ဆုတ်လိုက်လေသည်။

ထိုစဉ် လှိုင်ဝှက္ကေ့၏ဓားသည် သူ၏နောက်မှ ထက်ကြပ်မကွာ လိုက်ပါလာလေသည်။

အကယ်၍ ထန်ကြို့ချမ်၏လှုပ်ရှားမှုသည် ခြေလှမ်းတစ်ဝက်ခန့် နောက်ကျလျှင် သူ၏ကျောသည် နှစ် ခြမ်းပြတ်သွားမည်မှာ သေချာပေသည်။

သို့သော် လှိုင်ဝှက္ကေ့၏ဓားသည် ထန်ကြို့ချမ်၏ကျောပြင်အား ခုတ်ရန်မဟုတ်ဘဲ လုံဆင်ပိ၏အနား၌ ရပ်နေသော စူးတချူ၏ လည်ပင်းအား ဖြတ်ရန်ဖြစ်ပေသည်။

ထို့ကြောင့် လှိုင်ဝှက္ကေ့၏ဓားသည် ထန်ကြို့ချမ်ထံမှ ဝေ့၍ စူးတချူ၏လည်ပင်းကို ခုတ်ချလိုက်လေတော့သည်။

သို့သော် ...

'ချမ်း'



ဟူသော အသံနှင့်အတူ အရက်ချိုးဖျက်ဓားအား တခြားဓားတစ်လက်က ဆီး၍ ခံထားလိုက်လေတော့ ထိုဓားမှာ နှင်းဓားဗေဒါသိုင်းသမား၏ဓားပင် ဖြစ်သည်မဟုတ်ပါလော။

✲

နှင်းဓားသည် အရက်ချိုးဖျက်ဓားလောက် မကြီးမားချေ။ အရက်ချိုးဖျက် ဓားလောက်လည်း မလေးချေ။ သို့သော် ဓား၏ပြင်းအားသည် အရက်ချိုးဖျက်ထားကဲ့သို့ပင် ဖြစ်သည်။

ရုတ်တရက်ကြည့်လျှင် နှင်းဓားသည် သေးငယ်၍ အရက်ချိုးဖျက်ဓားကြောင့် ကျိုးနိုင်သည်ဟု ထင်ရပေသည်။ ယခု သုံးချက်မျှ ဆက်တိုက်ခိုက်သော်လည်း နှင်းဓားသည် ပဲ့ရွဲ့ခြင်း မရှိချေ။

အရက်ချိုးဖျက်ဓားသည် ကြီးမားသည်၊ လေးလံသည်။ ထို့ကြောင့် နှေးကွေးမည်ဟု ထင်ရသည်။ သို့သော် ယင်းဓားသည် လျှပ်စီးလက်သကဲ့သို့ လျင်မြန်စွာ လှုပ်ရှားလိုက်သည်။

အကယ်၍ လုံဆင်ပိသည် သူ၏ဓားဖြင့် ဆီး၍ မခုခံလျှင် စူးတချူသည် ခေါင်းတခြား ကိုယ်တခြား ဖြစ်မည်မှာ မလွဲချေ။ လှိုင်ဝှက္ကေ့သည် တိုက်ခိုက်ရာမှ ရုတ်တရက် ရပ်တန့်လိုက်သည်။

ထို့နောက် မဲ့ပြုံးကလေးတစ်ချက်ပြုံးလိုက်ပြီး ...

"အင်း ... နှင်းခဲ နာမည်ကျော်တာ အလကားကျော်တာ မဟုတ်ပါလား ... ဒါပေမဲ့ ကျုပ်ကိုနိုင်ဖို့တော့ မလွယ်ဘူးထင်တယ်"

လှိုဂူကွေ့သည် ယင်းသို့ပြောလိုက်ပြီး တစ်ဆက်တည်း ချာခနဲလှည့်ကာ ဟိုယက်ကျင်းဆိုင်ထဲမှ ထွက်ခွာသွားလေတော့သည်။

✵

စူးတချူ၏ တစ်ကိုယ်လုံးသည် ချွေးများဖြင့် စိုရွှဲ၍နေလေသည်။ သူသည် ဤသို့ဖြစ်လာမည်ဟု မထင်မိခဲ့ချေ။ ထို့ကြောင့်လည်း တုထိကျန်း အသက်ရှင်သည့် သတင်းကို ထောက်လှမ်းခဲ့ခြင်း ဖြစ်ပေသည်။

ယခုကဲ့သို့ အသက်အန္တရာယ်နှင့်နီးလျှင် သူသည် ရေငုံနှုတ်ပိတ်နေလိုက်မည် ဖြစ်ပေသည်။ သို့သော် ယခုအခြေအနေတွင် သူသည် ဆက်လက်အသက်ရှင်သန်ရန် လုံဆင်ပိတို့ကို အားကိုးအားထားပြုရတော့မည် မဟုတ်ပါလော။

လုံဆင်ပိနှင့် ထန်ကြို့ချွမ်တို့သည် ဟိုယက်ကျင်းစားသောက်ဆိုင်မှ ထွက်ခွာသွားသော လှိုဂူကွေ့၏နောက်ကျောအား



ကြည့်ပြီး ပြိုင်တူသက်ပြင်းချလိုက်လေသည်။

ထို့နောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ပြီး ပြိုင်တူ ပခုံးတွန့်ပြလိုက်လေသည်။

ထိုစဉ် ရုတ်တရက် လူတစ်ယောက်ဝင်ရောက်လာပြီး ထန်ကြို့ချွမ်အား တိုက်ခိုက်လေတော့သည်။ သူ၏မျက်လုံးများသည် မယုံကြည်နိုင်အောင်ပင် ပြူးကျယ်၍ သွားလေတော့သည်။

အဘယ်ကြောင့်ဆိုသော် ထန်ကြို့ချွမ်အား တိုက်ခိုက်နေသူမှာ ဟိုယက်ကျင်းစားသောက်ဆိုင်ပိုင်ရှင် ဦးကြီးကြို့ ဖြစ်နေသည် မဟုတ်ပါလော။

ထို့ထက်ပို၍ အံ့သြစရာကောင်းသည်မှာ ဦးကြီးကြို့၏ သိုင်းပညာပင် ဖြစ်ပါသည်။ ဦးကြီးကြို့၏သိုင်းပညာသည် ထန် ကြို့ချွမ်ထက် ပို၍အဆင့်မြင့်နေသည်မဟုတ်ပါလော။ လုံဆင်ပိသည် ဟိုယက်ကျင်းမြို့သို့ ရောက်ဖူးသည်။

ဟိုယက်ကျင်းစားသောက်ဆိုင်၌ ဘဲငန်းသားခေါက်ဆွဲကြော်ကို စားဖူးသည်။

ထို့ကြောင့် ဟိုယက်ကျင်းစားသောက်ဆိုင်ပိုင်ရှင် ဦးကြီးကြို့ကို သိသည်။

ဦးကြီးကြို့သည် အင်မတန်မှ နူးညံ့သိမ်မွေ့သောဈေးသည် တစ်ဦးဖြစ်သည်။

သူသည် စားသောက်ဆိုင်သို့ လာရောက်စားသုံးသူတိုင်းကို ပျူငှာစွာ ဆက်ဆံတတ်သည်။

သို့သော် ယခုဦးကြီးကြို့သည် ယခင်က ဦးကြီးကြို့ မဟုတ်တော့ပါ။ သူ၏အမူအရာသည် သွေးဆာနေသော လူသတ်သမားတစ်ဦး၏ပုံသဏ္ဍာန် ပေါ်လွင်နေပေသည်။

ထန်ကြို့ချွမ်သည် ဦးကြီးကြို့နှင့် သိုင်းကွက်သုံးကွက်မျှ ယှဉ်ပြိုင်ပြီးသောအခါ နဖူး၌ ချွေးများစို့လာလေသည်။

သူသည် အခြေအနေမဟန်မှန်း ရိပ်စားမိလေသည်။ သို့သော် ထန်ကြို့ချွမ်သည် အံတစ်ချက်ကြိတ်လိုက်ပြီး သူ၏အကျော်ကြားဆုံးသော စွန်လက်သည်းကုတ်သိုင်းကွက်ဖြင့် ပြောင်း၍တိုက်ခိုက်လေသည်။

ဦးကြီးကြို့၏လှုပ်ရှားမှုသည် တဖြည်းဖြည်း ပို၍လျင်မြန်လာလေသည်။ ထို့နောက် ထန်ကြို့ချွမ်၏ပတ်ဝန်းကျင်တွင် ဦးကြီးကြို့၏ပုံရိပ်များဖြင့် ပြည့်နှက်သွားလေတော့သည်။

ထို့ကြောင့် ထန်ကြို့ချွမ်သည် ဦးကြီးကြို့အစစ်ကို ရှာမတွေ့နိုင်တော့ချေ။

ထိုစဉ် ရုတ်တရက် သူ၏ပတ်ဝန်းကျင်မှ ဦးကြီးကြို့၏ ပုံရိပ်များ ပျောက်ကွယ်သွားလေတော့သည်။

ယင်းသို့ ပျောက်ကွယ်သွားသည်နှင့်တစ်ပြိုင်တည်း



ထန်ကြို့ချွမ်သည် သူ၏နောက်မှ လှုပ်ရှားမှုတစ်ခုကို တွေ့လိုက်ရလေသည်။

သို့သော် သူသည် တုံ့ပြန်လှုပ်ရှားရန် အလွန်နောက်ကျသွားပြီ ဖြစ်လေသည်။ ဦးကြီးကြို့သည် ထန်ကြို့ချွမ်၏နောက်ကျောသို့ အဆိပ်အပ်သုံးချောင်းဖြင့် ထိုးစိုက်လိုက်သည် မဟုတ်ပါလော။

❋

လုံဆင်ပိ၏ ရင်သည် ထိတ်၍သွားလေသည်။ ထန်ကြို့ချွမ်သည် ကြမ်းပြင်ပေါ်သို့ ပုံလျက်သားကျသွားသည် မဟုတ်ပါလော။ တစ်ဆက်တည်းမှာပင် သူသည် ဦးကြီးကြို့အား ယှဉ်ပြိုင်နိုင်ပါ့မလားဟူသော သံသယစိတ် ဝင်လာလေသည်။

သူ၏ တစ်သက်တွင် ယင်းသို့ တစ်ကြိမ်တစ်ခါမျှ မဖြစ်ဖူးချေ။ သူသည် ဘယ်သောအခါမှ ရန်သူကို အထင်မသေးပါ။ ဘယ်သောအခါမှလည်း အထင်မကြီးပါ။

ထို့ကြောင့် သူသည် မည်သို့သောရန်သူနှင့် ယှဉ်ပြိုင်သည်ဖြစ်စေ၊ သူ၏စိတ်သည် အမြဲတမ်း တည်ငြိမ်၍နေလေသည်။

သို့သော် ... ယခုအကြိမ်၌မူ သူ၏ရင်သည် အနည်းငယ်

လှုပ်ရှားမိလေသည်။

ဦးကြီးကြို့သည် လုံဆင်ပိကို ပြုံး၍ပြလိုက်သည်။

သူ၏အပြုံးသည် မထေ့တထေ့အပြုံးမျိုး ဖြစ်လေသည်။ ထို့နောက် သူသည် သူ၏လက်ဝါးနှစ်ဖက်ကို ပိတ်လိုက်ရင်း လုံဆင်ပိ၏ဓားကို စိုက်ကြည့်လိုက်သည်။ ပြီးမှ ...

"ဒီဓားက မြောက်ပိုင်းလူမျိုး နှင်းဓားဘိုးဘွားက ဆင်းသက်လာတဲ့ ဓားမဟုတ်လား"

လုံဆင်ပိသည် သူ၏နှုတ်ခမ်းကို တစ်ချက်မဲ့၍ မဲ့ပြုံးပြုံးလိုက်ပြီး ...

"မမှားပါဘူး၊ ကျုပ်က ခင်ဗျားဟာ ဘဲငန်းသားခုတ်တဲ့ဓားအကြောင်းပဲ သိမယ်မှတ်တာ"

ဦးကြီးကြို့သည် တဟားဟား ရယ်မောလိုက်ရင်း ...

"ကျုပ်က ဘဲငန်းသားကို ဘယ်လိုဓားနဲ့ခုတ်ရင် ကောင်းမလဲလို့ စဉ်းစားနေလို့ပါ"

လုံဆင်ပိသည် ဘာမျှ ပြန်မပြောပါ။ ဦးကြီးကြို့သည် သရော်ပြုံးကလေး ပြုံးလိုက်ပြီး ...

"အင်း ... နှင်းဓားကတော့ ဓားကောင်းတစ်လက်ပဲ ဒါပေမဲ့"

ဦးကြီးကြို့သည် စကားကို ဖြတ်လိုက်ပြီး တဟားဟား ရယ်မောလိုက်လေသည်။



လုံဆင်ပိသည် မျက်မှောင်ကုတ်၍ ဦးကြီးကြို့ကိုသာ စိုက်၍ ကြည့်နေသည်။ ဦးကြီးကြို့သည် တဟားဟား ရယ်မောရာမှ သူ၏စကားကို ဆက်၍ ပြောလိုက်သည်။

"ဒါပေမဲ့ ဓားမကိုင်တတ်တဲ့လူရဲ့ လက်မှာဆိုတော့ ဓားဟာ ဟင်းရွက်လှီးလို့ပဲရမယ်"

လုံဆင်ပိသည် နှုတ်ခမ်းတစ်ချက် မဲ့လိုက်ပြီး ...

"ခင်ဗျားဆိုလိုတာက ကျုပ်ရဲ့ဓားဟာ ပိုင်ရှင်ပြောင်းသင့်ပြီပေါ့"

ဦးကြီးကြို့သည် ဦးခေါင်းကို တဆတ်ဆတ် ညိတ်ရင်း ...

"ဟုတ်တာပေါ့ ... ပိုင်ရှင်ပြောင်းသင့်ပြီ"

လုံဆင်ပိသည် မဲ့ပြုံးကလေးပြုံးရင်း ...

"ဒါဆို ပိုင်ရှင်အသစ်က ခင်ဗျားပေါ့"

ဦးကြီးကြို့သည် သူ၏ ဦးခေါင်းကိုခါရင်း ...

"ပိုင်ရှင်သစ်က ကျုပ်မဟုတ်ဘူး"

လုံဆင်ပိသည် မျက်မှောင်ကုတ်ရင်း ...

"ဒါဖြင့် ဘယ်သူလဲ"

ဦးကြီးကြို့သည် ဘာမျှ မပြောပါ။ ပြုံးရုံသာ ပြုံး၍ နေလေသည်။ ထိုစဉ် ရုတ်တရက် လုံဆင်ပိ၏ နောက်မှ ...

"ပိုင်ရှင်အသစ်ဟာ ကျုပ်ပဲပေါ့"

ဟူသောအသံ ပေါ်လာလေတော့သည်။

✵

အသံသည် ငြိမ်သက်ခြင်းအတိ ရှိသည်။

အသံရှင်သည် သန့်ပြန့်သောရုပ်ရည်ရှိသည်။

သူ၏အသက်သည် အလွန်ဆုံးရှိမှ (၂၆) နှစ်ခန့်သာ ရှိပေမည်။

သူ၏အမူအရာသည် အေးတိအေးစက်ဖြင့် မာကျောသော ပုံသဏ္ဍာန်ရှိသည်။

သူသည် ကြက်သွေးရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ဟိုယက်ကျင်းစားသောက်ဆိုင်၏အတွင်းဘက်ထောင့်စားပွဲ၌ ထိုင်၍ နေလေသည်။

သူ၏မျက်နှာသည် ရဲရင့်ဟန်ရှိသော်လည်း အနည်းငယ် ဖြူရော်နေလေသည်။

လုံဆင်ပိသည် ထိုလူငယ်အား မှတ်မိပါသည်။

အထူးသဖြင့် ထိုလူငယ်၏မျက်လုံးများကို ပို၍ မှတ်မိလေသည်။



ထိုမျက်လုံးများသည် တောက်ပပြီး ကောက်ကျစ်စဉ်းလဲသည်ဟု လုံဆင်ပိရင်၌ ခံစားခဲ့ရသည် မဟုတ်ပါ လော။

ထို့ကြောင့် လုံဆင်ပိသည် မျက်နှာတစ်ချက်ပျက်သွားပြီး...

'ငွေရောင်ဝံပုလွေမင်းသား' ဟု တီးတိုးရေရွတ်လိုက်လေတော့သည်။

✵

ငွေရောင်ဝံပုလွေမင်းသားသည် ပြုံးလိုက်သည်။

အေးစက်သောအပြုံး ဖြစ်ပါသည်။

သူ၏အပြုံးသည် သူ၏ခါးမှာ ချိတ်ထားသော ဓားကဲ့သို့ပင် အေးစက်သည်ဟု ထင်ရပေသည်။

သူသည် မပွင့်တပွင့်ကလေး ပြုံးရင်း ...

"ကျုပ်တို့ မတွေ့တာ အတော်ကြာပြီနော်"

ဟု ပြောလိုက်လေသည်။

လုံဆင်ပိသည် နှာခေါင်းတစ်ချက် ပွတ်လိုက်ပြီး အေးစက်သောလေသံဖြင့် ...

"ဆယ်ရက်ကျော်ကျော်ပဲ ရှိသေးတယ်"

ငွေရောင်ဝံပုလွေမင်းသားသည် သူ၏ ဦးခေါင်းကို တဆတ်ဆတ်ညိတ်လိုက်ရင်း ...

"ဟုတ်သားပဲ ... ကျုပ်တို့က ဟန်ကျူးမြို့က ခွဲခွာခဲ့တာ ဆယ်ရက်လောက်ပဲ ရှိသေးတာပဲ"

လုံဆင်ပိသည် မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး ...

"မင်းသားလေးက သိပ်ပြီး မေ့တတ်တာကိုး၊ ဒါပေမဲ့ ထန်ကြို့ချွမ်ရဲ့ အကြောပိတ်ပညာကိုတော့ မေ့ဖို့ မသင့်ဘူး"

ငွေရောင်ဝံပုလွေမင်းသားသည် မျက်နှာတစ်ချက် ပျက်သွားပြီး ...

"ထန်သခင်လေးရဲ့ အကြောပိတ်ပညာက မဆိုးပါဘူး၊ ဒါပေမဲ့ ဦးကြီးကြို့ရဲ့ ဝံပုလွေနက်အဆိပ်ဒဏ်တော့ ခံနိုင်ပုံမပေါ်ဘူး"

ငွေရောင်ဝံပုလွေမင်းသားသည် ယင်းသို့ ပြောလိုက်ပြီး ကြမ်းပေါ်၌ လဲကျနေသော ထန်ကြို့ချွမ်ကို ကြည့်၍ ရယ်မောလိုက်သည်။

လုံဆင်ပိ၏ရင်သည် တစ်ချက်ထိတ်၍ သွားသည်။

သို့သော် ယင်းသို့ထိတ်လန့်ဟန်ကို မျက်နှာပြင်ပေါ်၌ ပေါ်လွင်မလာစေရန် စိတ်ကို ထိန်းလိုက်ရင်း ...



"ဟန်ကျူးမြို့မှာ အဆိပ်မိခဲ့တုန်းကတောင် မသေခဲ့တာဘဲ"

ငွေရောင်ဝံပုလွေမင်းသားသည် တဟားဟား ရယ်မောလိုက်ပြီး ...

"ဒီတစ်ခါတော့ စီးကျိုထုံးရဲ့ အဆိပ်ဖြေဆေးက ကယ်နိုင်မှာ မဟုတ်ဘူးနော်"

လုံဆင်ပိသည် ပါးစပ်ကို ပိတ်ထားလိုက်လေတော့သည်။ ထို့နောက် သူသည် နှင်းဓားကို ထုတ်လိုက်ပြီး ငွေရောင်ဝံပုလွေအား ချိန်ရွယ်ထားလိုက်လေသည်။ ငွေရောင်ဝံပုလွေမင်းသားသည် တဟားဟား ရယ်မောရင်း ...

"ဟား ဟား ... မင်းက ကျုပ်ကို သတ်မလို့လား"

လုံဆင်ပိသည် အေးစက်စွာဖြင့် ...

"မင်းလိုလူမျိုးတစ်ယောက် လောကပေါ်မှာမရှိရင် လူသားတွေ စိတ်ချမ်းသာလိမ့်မယ်"

ငွေရောင်ဝံပုလွေမင်းသားသည် မထေ့တထေ့ ပြုံးရင်း ...

"ရပါတယ်၊ ဒါပေမဲ့ မင်း ကျုပ်ကို မသတ်ခင် နည်းနည်းလောက် ဆွေးနွေးချင်တယ်"

လုံဆင်ပိသည် မဲ့ပြုံးပြုံးရင်း ...

"ပြောပါ ... သေမယ့်လူတစ်ယောက်ရဲ့ဆန္ဒကို လိုက်လျော

ရမှာပေါ့"

ငွေရောင်ဝံပုလွေမင်းသားသည် ပြုံးလျက် ...

"အင်း ... ကျုပ်ပြောမယ့်အချက်သုံးချက်ကို မင်း လိုက်နာလိမ့်မယ်လို့ မျှော်လင့်တယ်"

လုံဆင်ပိသည် သူ၏ဦးခေါင်းကို တစ်ချက်ညိတ်လိုက်ပြီး...

"ပြောပါ"

ငွေရောင်ဝံပုလွေမင်းသားသည် ကောက်ကျစ်စွာ တစ်ချက်ပြုံးရင်း ...

"ပထမအချက်က မင်းရဲ့လက်ထဲကဓားကို ချလိုက်ပါ၊ ဒုတိယအချက်က စူးတချူကို ကျုပ်လက်ထဲအပ်ပါ၊ တတိယအချက်က မင်း ဒီက အမြန်ဆုံး ထွက်ခွာသွားပါ"

လုံဆင်ပိသည် အေးစက်စွာ တစ်ချက်ပြုံးလိုက်ပြီး ...

"စတုတ္ထအချက် ... မင်းဝိညာဉ်ကို ငါ့ပေးလိုက်ပေါ့"

ငွေရောင်ဝံပုလွေမင်းသားသည် ဦးခေါင်းကို ခါယမ်းလျက်

"စတုတ္ထအချက်က ကျုပ်ဝိညာဉ်ကို ပေးဖို့မဟုတ်ဘူး၊ ထန်ကြို့ချမ်ရဲ့ဝိညာဉ်ကို ပေးလိုက်ဖို့ပဲ"

ထိုစဉ် ဦးကြီးကြို့သည် သဘောကျစွာ ရယ်မောလိုက်ပြီး...

"ဟုတ်တယ် ... ထန်ကြို့ချမ်ရဲ့အဆိပ်ကို (၁၂) နာရီအတွင်း မဖြေရင် ... ဟဲ ဟဲ ဟဲ"



လုံဆင်ပိသည် ရုတ်တရက် လှုပ်ရှားရန် ဟန်ပြင်လိုက်လေသည်။ သို့သော် ငွေရောင်ဝံပုလွေမင်းသားသည် လက်ကာပြလိုက်ပြီး ...

"ဟဲ ဟဲ ... မင်းတစ်ယောက်တည်းနဲ့ လူပေါင်း (၂၀) ကို မသတ်နိုင်ပါဘူး"

ဟု ပြောလိုက်လေသည်။ ငွေရောင်ဝံပုလွေမင်းသား စကားဆုံးသည်နှင့် ဟိုယက်ကျင်းစားသောက်ဆိုင်၏ တံခါးပေါက်အသီးသီးမှ အနက်ရောင်ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသော လူ (၂၀) ခန့် ဝင်ရောက်လာလေ သည်။

ထိုစဉ် ရုတ်တရက် ...

"ကျုပ်သေရင် မင်းတို့လိုတိရစ္ဆာန်တွေကို လွှတ်မထားဘူး၊ တမလွန်ကနေ လာပြီး ကုပ်ချိုးပစ်မယ် ... သိလား"

ဟူသော အသံပေါ်လာလေသည်။

ယင်းအသံ ကြားလိုက်သည်နှင့် ဦးကြီးကြို့၏မျက်နှာသည် ကွက်ခနဲ ပျက်၍သွားပြီး အသံရှင်အား လှမ်း၍ကြည့်လိုက်လေသည်။

သူတို့သည် မယုံကြည်နိုင်သော အကြည့်ဖြင့် ကြမ်းပေါ်ရှိ လဲကျနေသောထန်ကြို့ချမ်အား ကြည့်လိုက်ခြင်းပင် ဖြစ်ပါသည်။

ထန်ကြို့ချမ်သည် ကြမ်းပေါ်မှ ရုတ်တရက် ကျားရဲ

တစ်ကောင်လို ခုန်၍ထလိုက်သည် မဟုတ်ပါလော။

✵

ငွေရောင်ဝံပုလွေမင်းသား၏ မျက်နှာသည် မည်း၍သွားသည်။ ဦးကြီးကြို့၏ မျက်နှာသည် အစိမ်းရောင်သို့ ပြောင်းလဲ၍ သွားသည်။

ထန်ကြို့ချမ်သည် နှစ်မြို့က်စွာ တစ်ချက်ပြုံးလိုက်သည်။ ပြီးမှ သူတို့အား မျက်လုံးပြူး၍ ပြလိုက်ပြီး ...

"ထန်အမျိုးအနွယ်ရဲ့ လျှို့ဝှက်တဲ့ပညာတစ်ရပ်ပဲ၊ ဒီအဆိပ်ဒဏ်ကို မခံနိုင်ရင် စောစောကတည်းက ညည်းသံထွက်လာပြီပေါ့ ... ဟား ဟား"

ဦးကြီးကြို့၏မျက်နှာသည် စိမ်းရာမှ ဖြူရော်၍လာလေသည်။

ငွေရောင်ဝံပုလွေမင်းသားသည် ဦးကြီးကြို့၏ပခုံးအား ပုတ်လိုက်ရင်း ...

"သူများမကြည့်ချင်ရင် မလုပ်နဲ့တော့၊ မင်းရဲ့သိုင်းပညာဟာ ထန်သခင်လေးကို မီမယ်မထင်ဘူး"

လုံဆင်ပိသည် တစ်ချက်ရယ်မောလိုက်ပြီး ...



"မင်းသားလေးလည်း ထန်သခင်လေးရဲ့ လက် (၅) ချောင်းကို မရှောင်နိုင်ခဲ့ဘူး မဟုတ်လား"

ယင်းစကားကြောင့် ငွေရောင်ဝံပုလွေမင်းသား၏ မျက်နှာသည် မည်း၍ သွား၏။ ထို့နောက် နီရဲ၍ လာသည်။ သူသည် ဘာမျှ မပြောဘဲ သူ၏ခါးမှဓားကို ဆွဲထုတ်လိုက်လေသည်။

'ချွမ်း'

ဟူသော အသံနှင့်အတူ အလင်းရောင်တစ်ချက် လက်သွားလေတော့သည်။ ထို့နောက် သူသည် လုံဆင်ပိအား အေးစက်စွာ စိုက်ကြည့်လိုက်ပြီး ...

"စူးတချူကို ရဖို့အတွက် မင်းတို့နှစ်ယောက်ရဲ့ အသက်ကို ဟိုယက်ကျင်းမှာ ထားခဲ့ရမှာပဲ"

သူ၏အသံသည် ထန်ကြို့ချမ်၏အသံထက် ပို၍ ကျယ်လောင်သည်။ စူးတချူသည် ထစ်ထစ်ငေါ့ငေါ့ဖြင့် ...

"ကျုပ် ... ကျုပ် ခင်ဗျားတို့နဲ့ မလိုက်ဘူး"

စူးတချူသည် သတင်းရောင်းသူတစ်ဦး ဖြစ်သော်လည်း သတ္တိမရှိချေ။

ထို့ကြောင့် နောက်သို့ တဖြည်းဖြည်း ဆုတ်၍ သွားသည်။ ထို့နောက် ရုတ်တရက် နောက်သို့လှည့်၍ ထွက်ပြေးလေတော့သည်။

သို့သော် စူးတချူသည် လွတ်အောင်မပြေးနိုင်ပါ။ ငွေရောင်

ဝံပုလွေမင်းသား၏ အနက်ရောင် ကိုယ်ကျပ်အင်္ကျီဝတ်ထားသူတစ်ဦး၏ ဖမ်းချုပ်ခြင်းကို ခံလိုက်ရလေသည်။

ထိုစဉ် ရုတ်တရက် ဟိုယက်ကျင်းစားသောက်ဆိုင်၏ အပေါ်ထပ်မှ လူရိပ်တစ်ခုသည် စူးတချူကို ဖမ်းချုပ်ထားသောလူ၏ကိုယ်ပေါ်သို့ ကျရောက်လာလေတော့သည်။

ထို့နောက် စူးတချူအား ဖမ်းချုပ်ထားသောလူသည် 'အား' ဟူသောအသံနက်ဖြင့် တစ်ချက်အော်လိုက်ပြီး ကြမ်းပေါ်သို့ လဲကျသွားလေတော့သည်။

ဟိုယက်ကျင်းစားသောက်ဆိုင်ထဲရှိ လူအားလုံး၏မျက်လုံးများသည် ထိုလူရိပ်ထံသို့ ရောက်ရှိသွားလေတော့သည်။

ငွေရောင်ဝံပုလွေမင်းသား၏မျက်လုံးတစ်စုံသည် ထိုလူရိပ်၏ ခန္ဓာကိုယ်ပေါ်သို့ ရောက်သွားသည်နှင့် တစ်ပြိုင်တည်း သူ၏နှုတ်မှ အံ့အားသင့်စွာ တီးတိုးရေရွတ်လိုက်လေတော့သည်။

"ထန်အဘိုးအို"

✵

ထန်အဘိုးအို၏ မုတ်ဆိတ်မွေးများသည် ဖုန်မှုန့်များကြောင့်



ဝါထိန်၍ နေလေသည်။ သူသည် ခရီးပြင်းနှင်ခဲ့ရသော်လည်း ပင်ပန်းနွမ်းနယပုံ မပေါ်ချေ။

ငွေရောင်ဝံပုလွေမင်းသားသည် မျက်နှာတစ်ချက် ပျက်သွားပြီး သူ၏လက်ကို ဝှေ့ယမ်း၍ပြလိုက်လေသည်။ ယင်းသို့ လက်တစ်ချက်ဝှေ့ယမ်းလိုက်သည်နှင့် တစ်ပြိုင်တည်း အနက်ရောင် ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားသော ငွေရောင်ဝံပုလွေမင်းသား၏လူများသည် ထန်အဘိုးအိုအား ဝိုင်း၍ တစ်ပြိုင်နက် တိုက်ခိုက်လေတော့သည်။

တဒင်္ဂအတွင်း၌ပင် ဟိုယက်ကျင်းစားသောက်ဆိုင်သည် သံသံချင်းထိသံ၊ အော်ဟစ်သံ၊ ညည်းညူသံတို့ဖြင့် ဖုံးလွှမ်းသွားလေတော့သည်။

ဟိုယက်ကျင်းမြို့၏ ရာသီဥတုသည် ရုတ်တရက် တိမ်မည်းညိုများဖြင့် ဖုံးလွှမ်းပြီး သာယာသောရာသီဥတုသည် ဆိုးရွားလာလေတော့သည်။

ဟိုယက်ကျင်းစားသောက်ဆိုင်၏အပြင်ဘက်၌ မိုးများသည်းထန်စွာ ရွာ၍နေလေသည်။ ဟိုယက်ကျင်းစားသောက်ဆိုင်၏ အတွင်းဘက်၌ ငွေရောင်ဝံပုလွေမင်းသား၏လူစုနှင့် ထန်အဘိုးအိုတို့၏တိုက်ပွဲသည် သည်းထန်၍လာလေသည်။

အတန်ကြာသောအခါ ... အနက်ရောင် ကိုယ်ကျပ်အင်္ကျီ

ဝတ်ဆင်ထားသူများ တစ်ယောက်ပြီးတစ်ယောက် ဟိုယက်ကျင်းစား သောက်ဆိုင်၏ အပြင်ဘက်သို့ လွင့်စဉ်သွားလေတော့သည်။

ဟိုယက်ကျင်းမြို့၏ ရာသီဥတုမှာ အပြောင်းအလဲ မြန်လှပေသည်။ သည်းထန်စွာ ရွာသွန်းနေသောမိုးသည် ရုတ်တရက် ရပ်တန့်သွားလေသည်။ တိမ်မည်းညိုများလည်း လွင့်စဉ်၍ သွားလေတော့သည်။

ဟိုယက်ကျင်းစားသောက်ဆိုင်အတွင်းမှ အနက်ရောင်ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသူများလည်း မရှိတော့ချေ။ ထန်အဘိုးအိုသည် ပြုံး၍ သူ၏ လက်ဝါးနှစ်ဖက်ကို ပွတ်လိုက်ပြီး ငွေရောင် ဝံပုလွေမင်းသားရပ်နေရာသို့ လှမ်း၍ကြည့်လိုက်သည်။

သို့သော် ငွေရောင်ဝံပုလွေမင်းသား မရှိတော့ချေ။ ဦးကြီးကြို့သည်လည်း မရှိတော့ချေ။ သူတို့နှစ်ဦးသည် မည်သည့်အချိန်က ထွက်ခွာသွားမှန်း ထန်အဘိုးအိုမသိပါ။

လုံဆင်ပိနှင့် ထန်ကြို့ချွမ်သည်လည်း ထန်အဘိုးအိုနှင့် ကူ၍ ငွေရောင်ဝံပုလွေမင်းသား၏ လူများကို တိုက်ခိုက်နေသဖြင့် သူတို့လည်း မသိလိုက်ပါ။

ရုတ်တရက် လုံဆင်ပိသည် တစ်စုံတစ်ခုအား သတိရလိုက်ပြီး ...

'ရှုးတချူ'



ဟု အော်ဟစ်လိုက်သည်။

ထန်ကြို့ချွမ်၏မျက်လုံးသည် ပုစွန်မျက်လုံးကဲ့သို့ ပြူးကျယ်၍ သွားပြီး ...

"ရှုးတချူ ... မင်း ဘယ်မှာလဲ"

ဟု အော်ဟစ်လိုက်ပြီး ဟိုယက်ကျင်း စားသောက်ဆိုင်အနှံ့ လိုက်ရှာလေတော့သည်။

သူတို့သုံးဦးသည် ဟိုယက်ကျင်းစားသောက်ဆိုင်တစ်ခုလုံး မြောင်းဆန်အောင် ရှာဖွေလေသည်။

သို့သော် ရှုးတချူအား မတွေ့တော့ပါ။ လုံဆင်ပိသည် ကြမ်းပြင်ပေါ်သို့ ခြေပစ်လက်ပစ်ထိုင်ချရင်း သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်လေသည်။ သူ၏ရင်သည် ခဲများဖြင့် ဆွဲထားသကဲ့သို့ လေးလံ၍ နေလေတော့သည် မဟုတ်ပါလော။

✵

ဟိုယက်ကျင်းစားသောက်ဆိုင်သို့ ငွေခုံးခုံး ရောက်လာသောအခါ စားသောက်ဆိုင်တစ်ဆိုင်လုံး ကပြောင်းကပြန်ဖြစ်၍ နေသည်။ ထို့ပြင် ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်၍နေသည်။

ထို့ကြောင့် ဤစားသောက်ဆိုင်တွင် သက်ရှိသတ္တဝါဟူ၍ တစ်ယောက်တစ်လေမျှ မရှိဟု ထင်ရပေသည်။ သို့သော် ဤစားသောက်ဆိုင်၏ကြမ်းပြင်ပေါ်၌ ထိုင်နေသော ထန်အဘိုးအို၊ ထန်ကြို့ချမ်နှင့်လုံဆင်ပိတို့ပင် ဖြစ်သည်မဟုတ်ပါလား။

သူတို့သည် တိတ်ဆိတ်စွာ ထိုင်နေကြလေသည်။ ဝေ့ခုံးခုံးသည် သူတို့အား တစ်ချက်ပြုံး၍ ကြည့်လိုက် ပြီး …

"စူးတချူ မမြင်ပါလား"

ထန်ကြို့ချမ်သည် သူ၏ နှာခေါင်းကို တစ်ချက် ပွတ်လိုက်ရင်း …

"စူးတချူ အသက်ရှင်ဖို့ကတော့ သူ့ရဲ့ကံကြမ္မာပေါ် မူတည်နေတယ်"

ဝေ့ခုံးခုံးသည် မျက်မှောင်တစ်ချက် ကြုတ်လိုက်ရင်း …

"စူးတချူနဲ့ မင်းတို့ မတွေ့လိုက်ဘူးလား"

လုံဆင်ပိသည် ထိုင်ရာမှ ထလိုက်သည်။ ထို့နောက် သက်ပြင်းတစ်ချက် ချလိုက်ပြီး ဟိုယက်ကျင်း စားသောက်ဆိုင်၌ ဖြစ်ပျက်သမျှ အကြောင်းစုံကို ပြောပြလေသည်။

ပြီးမှ …

"ဒါနဲ့ မင်းက ကျုပ်တို့ ဒီမှာရှိမှန်း ဘယ်လိုလုပ် သိသလဲ"

ဝေ့ခုံးခုံးသည် သူ၏ လက်ဝါးနှစ်ဖက်ကို ပွတ်လိုက်ပြီး …



"ကျန့်ချဲ့ခို ပြောလို့"

ထန်အဘိုးအိုသည် မျက်မှောင်ကြုတ်သွားပြီး …

"ကျန့်ချဲ့ခို … ဟုတ်လား"

ဝေ့ခုံးခုံးသည် ဦးခေါင်းကို ညိတ်လိုက်ပြီး …

"ဟုတ်ကဲ့ … ကျန့်ချဲ့ခိုပါ"

ထန်အဘိုးအိုသည် မျက်မှောင် ပို၍ ကြုတ်လိုက်ရင်း …

"သူ့ကိုယ်သူ ချောင်းရေလျှံဆိုတဲ့ ကျန့်ချဲ့ခို ဆိုတာလား"

ဝေ့ခုံးခုံးသည် မျက်မှောင်ကြုတ်၍သွားပြီး …

"အဘိုး သိလို့လား"

ထန်အဘိုးအိုသည် တစ်စုံတစ်ရာအား စဉ်းစားမိဟန်ဖြင့်…

"ကျုပ်တို့ထင်တာ မမှားဘူးဆိုရင်တော့ ကျန့်ချဲ့ခိုဟာ ကျန့်ဗားချီးအကြောင်းသိရမယ်"

ဝေ့ခုံးခုံးသည် မျက်မှောင်ကြုတ်ရင်း …

"ဘာဖြစ်လို့လဲ"

ထန်အဘိုးအိုသည် သူ့အား တစ်ချက်ဝေ့ကြည့်လိုက်ပြီး–

"ငါ့ကို မင်းတို့ ဒီမှာရှိနေမှန်း ဘယ်လိုလုပ် သိတယ်ဆိုတာ မမေးတော့ဘူးလား"

လုံဆင်ပိသည် ကြမ်းပြင်ပေါ်သို့ ပြန်၍ ထိုင်ချလိုက်ပြီး–

"အဘိုးကို ကျန့်ချဲ့ခိုက ပြောလိုက်တယ်ပေါ့"

ထန်အဘိုးအိုသည် သူ၏ ဦးခေါင်းညိတ်လိုက်ရင်း ...

"ကျန့်ချဲ့ခိုဟာ သတင်းရောင်းတဲ့ လူပဲ။ ဒါပေမဲ့ သူဟာ ကျုပ်ကို သူ့ရဲ့ သတင်းမရောင်းဘဲ အလကား ပေးခဲ့တယ်"

ထန်ကြို့ချမ်က စူးတချူ ် ကျွန်တော်တို့ ဒီမှာ ဆုံမယ်ဆိုတဲ့ သတင်းကို အလကားပေးခဲ့တယ် ... ဟုတ်လား"

ထန်အဘိုးအိုက ဦးခေါင်းကို ညိတ်ရင်း ...

"ဟုတ်တယ်"

ဝေ့ခုံးခုံးသည် မျက်မှောင်ကြုတ်ရင်း ...

"အင်း ... ကျွန်တော့်ကိုလည်း အလကားပေးခဲ့တယ်"

လုံဆင်ပိသည် ဦးခေါင်းကို တစ်ချက်ကုတ်လိုက်ပြီး ...

"အင်း ... စဉ်းစားစရာပဲ ... ကျန့်ချဲ့ခိုဟာ အင်မတန်မှ ငွေမက်တဲ့ လူစားပဲ"

ဝေ့ခုံးခုံးသည် မျက်မှောင်တစ်ချက်ကြုတ်ရင်း ...

"တစ်ယောက်ယောက်က ငွေပေးပြီးခိုင်းသလားမှမသိတာ"

ထန်ကြို့ချမ်သည် သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"ငွေရောင်ဝံပုလွေမင်းသားက ငွေပေးပြီး ခိုင်းထားရင်လည်း ဖြစ်နိုင်တာပဲ"



လုံဆင်ပိသည် သူ၏ ဦးခေါင်းကို ခါယမ်းလိုက်ပြီး ...

"မဖြစ်နိုင်ဘူး"

ထန်ကြို့ချမ်သည် လုံဆင်ပိအား မျက်လုံးပြူး၍ ကြည့်လိုက်ပြီး ...

"ဘာဖြစ်လို့ မဖြစ်နိုင်တာလဲ"

လုံဆင်ပိသည် သူ၏ပခုံးကို တစ်ချက်တွန့်လိုက်ပြီး ...

"ကျုပ်တို့နဲ့ စူးတချူ ဒီမှာဆုံမှာကိုသိရင် သူဟာ ဘယ်သူ့ကိုမှ မပြောခိုင်းဘဲ ကျုပ်တို့အရင် စူးတချူကို ရှာတွေ့နိုင်တာပဲ"

ထန်ကြို့ချမ်သည် သက်ပြင်းတစ်ချက် ချလိုက်ရင်း ...

"ကျုပ်တို့အားလုံးကို ဒီမှာ သတ်ချင်လို့လားမှ မသိတာ"

လုံဆင်ပိသည် ဝေ့ခုံးခုံးအား ညွှန်ပြလိုက်ပြီး ...

"ဝေ့ခုံးခုံးကို ဒီရောက်အောင် ညွှန်လိုက်ပြီး စုမာ့ရဲ့ကျတော့ ဘာလို့ ရောက်မလာတာလဲ။ နောက်ပြီး ဘာလို့ သူတို့က ကျုပ်တို့ကို ဆက်မတိုက်ဘဲ ထွက်သွားရတာလဲ"

ဝေ့ခုံးခုံးသည် သူ၏ဦးခေါင်းကို တစ်ချက်ပွတ်လိုက်ပြီး ...

"ကျုပ်တို့ ဘာဖြစ်လို့ ကျန့်ချဲ့ခိုဆီ ပြန်မသွားကြတာလဲ" ဟု ပြောလိုက်လေတော့သည်။

✵

အခန်းတံခါးသည် အသာအယာ ပွင့်ဟ၍ သွားသည်။ လုံဆင်ပီသည် ခဏမျှ တိတ်ဆိတ်စွာ ရပ်၍ နေလိုက်သည်။

ပြီးမှ ယင်းပွင့်ဟနေသော တံခါးမှ အခန်းတွင်းသို့ လှမ်း၍ ဝင်လိုက်လေသည်။ လုံဆင်ပီ၏နောက်မှ ထန်အဘိုးအို ထန်ကြို့ချမ်နှင့် ဝေ့ခုံးခုံးတို့သည် လိုက်၍ဝင်သွားလေသည်။

အခန်းထဲသို့ ရောက်သောအခါ ကျန့်ချဲ့ခိုသည် ကုလားထိုင်တစ်လုံးပေါ်၌ ငြိမ်သက်စွာ ထိုင်နေသည်။ သူ၏မျက်လုံးများသည် အခန်းတံခါးဝသို့ စိုက်၍ကြည့်နေသည်။ သို့သော် သူသည် လုံဆင်ပီတို့အား မြင်နိုင်မည်မဟုတ်ပါ။ သေနေသောလူတစ်ယောက်အတွက် အဘယ်မှာ မြင်နိုင်ပါမည်နည်း။

✵

လုံဆင်ပီသည် သူ၏ပခုံးကို တစ်ချက်တွန့်ပြလိုက်ပြီး ကျန့်ချဲ့ခိုထံ လျှောက်၍သွားသည်။ ထို့နောက် ကျန့်ချဲ့ခို၏မျက်စိအား မှိတ်၍ပေးရန် လက်လှမ်းလိုက်လေသည်။



ထိုစဉ် ရုတ်တရက် ...

"ဟေ့ လုံဆင်ပီ ... သူ့ကိုမထိနဲ့၊ သူ့ရဲ့ကိုယ်မှာ အဆိပ်လူးထားတယ်"

ဟူသော အသံသည် တံခါးဝမှ ပေါ်ထွက်လာလေသည်။

ထို့ကြောင့် လုံဆင်ပီ၏လက်သည် ကျန့်ချဲ့ခို၏မျက်စိသို့ မရောက်မီ လမ်းခုလပ်၌ ရပ်တန့်သွားလေတော့သည်။ ပြီးမှ သူသည် အခန်းတံခါးဝဘက်သို့ လှည့်ကြည့်လိုက်ပြီး ...

"ကျေးဇူးပဲ စုမာရှဲ့"

ဟု ပြောလိုက်လေသည်။ အခန်းတံခါးဝမှ ရပ်နေသူမှာ စုမာရှဲ့ပင် ဖြစ်သည်မဟုတ်ပါလော။

✵

စုမာရှဲ့သည် အခန်းတံခါးဝ၌ ရပ်၍ နေသည်။ သူ့လက်ထဲတွင် အရက်အိုး (၂) လုံးနှင့် စားစရာများ ရှိနေလေသည်။ သူသည် ပြုံး၍ အခန်းထဲသို့ လှမ်းဝင်ရင်း ...

"မင်းတို့ ဒီကိုလာမယ်ဆိုတာ သိနေတယ်၊ ဒါကြောင့် ကျုပ် စားစရာတွေ သွားဝယ်တာ"

ယင်းသို့ပြောရင်း သူ၏လက်ထဲမှ စားစရာများနှင့် အရက်အိုးအား စားပွဲပေါ်သို့ တင်လိုက်လေသည်။ ထန်ကြို့ချမ်သည် အရက်အိုးအား လှမ်း၍ ယူလိုက်သည်။

ပြီးမှ ပြန်၍ချထားလိုက်သည်။ သူသည် အရက်အလွန်ကြိုက်သူဖြစ်သည်။

သို့သော် ...

ယခု သူသည် အရက်သောက်ချင်စိတ် လုံးဝမရှိချေ။ သူ၏စိတ်သည် အရက်သောက်ချင်စိတ်ထက် ထန်ကြို့ချင်းကို တွေ့လိုစိတ်က ပို၍ပြင်းပြနေသည် မဟုတ်ပါလော။

လုံဆင်ပိသည် စုမာရှဲ့အား တစ်ချက်စိုက်၍ကြည့်လိုက်ပြီး...

"နေပါဦး ... မင်းက ဒီကို ဘယ်လိုလုပ် ရောက်နေတာလဲ"

စုမာရှဲ့က ပြုံးလိုက်ပြီး ...

"ကျုပ် လူတစ်ယောက်ကို ရှာပြီး သတ်ဖို့ အလုပ်တစ်ခု လက်ခံထားခဲ့တယ်လေ"

ဝေ့ခုံးခုံးသည် မျက်မှောင်ကြုတ်လိုက်ပြီး ...

"ကျုန့်ချု့ခို့ကို သတ်ဖို့လား"

စုမာရှဲ့သည် သူ၏ဦးခေါင်းကို ခါယမ်းလိုက်ပြီး ...

"မဟုတ်ရင် ဘယ်သူလဲ"



စုမာရှဲ့သည် ခွက်များထဲသို့ အရက်ကိုငှဲ့ရင်း ဖြည်းညင်းစွာ တစ်လုံးချင်း ပြောလိုက်လေသည်။

"ရောင်စုံနတ်ဗျိုင်း"

✲

"ရောင်စုံနတ်ဗျိုင်း ... ဟုတ်လား"

ထန်အဘိုးအိုသည် မျက်မှောင်ကြုတ်၍ မေးလိုက်ခြင်း ဖြစ်သည်။ စုမာရှဲ့သည် ဦးခေါင်းကို ညိတ်လိုက်ပြီး ...

"ဟုတ်တယ် ... ရောင်စုံနတ်ဗျိုင်းပဲ"

ဝေ့ခုံးခုံးသည် ထန်အဘိုးအိုအား တစ်ချက် ကြည့်လိုက်ပြီး

"အဘိုးက သိလို့လား"

ထန်အဘိုးအိုသည် သူ၏ဦးခေါင်းကို ညိတ်လိုက်ပြီး ...

"ငါသိတဲ့ ရောင်စုံနတ်ဗျိုင်းကတော့ လောကပေါ်မှာ မရှိတော့ဘူး"

ဝေ့ခုံးခုံးသည် စုမာရှဲ့အား လှမ်း၍ ကြည့်လိုက်သည်။ စုမာရှဲ့၏ မျက်နှာပေါ်တွင် အံ့ဩဟန် ပေါ်လွင်၍ နေလေသည်။

သူသည် မျက်မှောင်ကြုတ်၍ စဉ်းစားရင်း ...

"ရောင်စုံနတ်ဗျိုင်း သေပြီ ဟုတ်လား"

ထန်အဘိုးအိုသည် ဦးခေါင်းကို ညိတ်လိုက်ပြီး ...

"ဟုတ်တယ် ... လွန်ခဲ့တဲ့နှစ်ပေါင်း(၂၀)က ကျန့်ဟွားချိုးနယ်ရဲ့ အုပ်ချုပ်ရေးမှူးဟာ ရောင်စုံနတ်ဗျိုင်းပဲ"

လုံဆင်ပိသည် နှုတ်ခမ်းတစ်ချက် ကိုက်လိုက်ပြီး ...

"ရောင်စုံနတ်ဗျိုင်းဟာ တကယ်မသေဘဲ ခုချိန်ထိရှိနေမယ်ဆိုရင်ရော"

ထန်အဘိုးအိုသည် သူ၏ ဦးခေါင်းကို ဘယ်ညာခါရမ်းရင်း...

"လွန်ခဲ့တဲ့ အနှစ် (၂၀) တုန်းက သူဟာ ငါ့ထက် အသက် (၁၅) နှစ်လောက်ကြီးတယ်၊ အခုအချိန်ဆိုရင် သူဟာ သေချင်သေ, မသေရင်လည်း သိုင်းလောကမှာ အနားယူရမယ့်အရွယ် ရောက်နေရောပေါ့"

ဝေ့ခုံးခုံးသည် မျက်မှောင်ကြုတ်ရင်း ...

"အဲဒီ ရောင်စုံနတ်ဗျိုင်းသေတယ်ဆိုတာ အဘိုး ဘယ်လိုလုပ် သိသလဲ"

ထန်အဘိုးအိုသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"ကျန့်ဟွားချိုးနယ်ကို ငါဟာ သိုင်းသမားခြောက်ယောက်ရဲ့ နောက်မှ ရောက်ခဲ့တယ်၊ ပြန်တော့လည်း သူတို့ခြောက်ယောက်



ပြန်ပြီးမှ ပြန်ခဲ့ရတယ်"

ထန်ကြို့ချမ်သည် စိတ်မရှည်သော လေသံဖြင့် ...

"ဒါနဲ့ ရောင်စုံနတ်ဗျိုင်းသေတာကို ဘယ်လိုသိလို့လဲ"

ထန်အဘိုးအိုသည် သူ့သား ထန်ကြို့ချမ်အား မျက်လုံးပြူး၍ ကြည့်လိုက်ပြီး ...

"ငါစကားပြောရင် ဆုံးအောင်နားထောင် ဖြတ်ပြီးမမေးနဲ့လို့ ဘယ်နှစ်ခါ ပြောရမလဲ"

စုမာရှဲ့သည် ပြုံးလိုက်ပြီး ...

"ကဲပါ အဘိုးရယ် ... ပြောမှာသာ ပြောပြစမ်းပါ"

ထန်အဘိုးအိုသည် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး-

"ငါ ကျန့်ဟွားချိုးက မပြန်ခင် ရောင်စုံနတ်ဗျိုင်းဟာ သူ့ကိုယ်သူ သတ်သေသွားခဲ့တယ်၊ ဒါနဲ့ ငါလည်း ရောင်စုံနတ်ဗျိုင်းရဲ့ အသုဘကိစ္စပြီးတဲ့အထိ နေခဲ့ရတယ်"

စုမာရှဲ့သည် လက်ထဲမှ အရက်ခွက်ကို မော့သောက်လိုက်ပြီး ...

"အင်း ... ကျုပ်က သေတဲ့လူကို ရှာပြီး သတ်ပေးရမှာကိုး" ဟု ညည်းညူလိုက်လေသည်။

ရောင်စုံနတ်ဗျိုင်းသည် သေဆုံးပြီဟုဆိုသည်။

ဤသို့ဆိုလျှင် စုမာရှဲ့သည် ရောင်စုံနတ်ဖျိုင်းအား ရှာ၍ သတ်ရန် ဖြစ်နိုင်ပါဦးမည်လော။

*ပထမပိုင်း ပြီး၏။*

*(၃-ဇာတ်သိမ်း)ဆက်လက် ဖတ်ရှုပါရန်။*